# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၂၅၁)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ ထောက်ပံ့ပေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေး





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ ထောက်ပံ့ပေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ကော့ပနော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဒေါ်နီနီအောင်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန် ဆွေးနွေးစဉ်။

နေပြည်တော် ဇွန် ၉

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သည် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ ထောက်ပံ့ပေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ကော့ပနော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဒေါ်နီနီအောင်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ တို့နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန် ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❍


**ယခုအကြိမ်တွင် ပစ္စည်းမပေးဘဲ ငွေကြေးသာ ပေးအပ်သွားမည်၊ ပစ္စည်းပေးရသည်မှာ အနည်းငယ်ပိုမိုခဲယဉ်း၊ ခဲယဉ်းသည်ဆိုသည်မှာ ထောက်ပံ့မည့်ပစ္စည်းများကို လိုက်လံဝယ်ယူရ၊ မည်သည့်နေရာကရမလဲ၊ လုံလုံလောက်လောက် ရမလား ဆိုသည်ကိုလည်း ညှိရ**

**အမေရိကန်ပြည်ထောင်စု နယူးယောက်တွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်**


နိုင်ငံတကာသတင်း - စာ - ၁၃





မြန်မာ့အလင်း

# အချိန်မရွေး ပေါ်လာနိုင်သေးသည့် အန္တရာယ်

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ၎င်းတို့ရောက်ရှိရာ နိုင်ငံများမှနေ၍ ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်လျက်ရှိသည်။ ပြည်ပနိုင်ငံများဟုဆိုရာတွင် အိမ်နီးချင်းနိုင်ငံများမှသာမက အရှေ့နိုင်ငံများ၊ အနောက်နိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ ပါဝင်ပြီး ယင်းနိုင်ငံများတွင် အကြောင်းကြောင်းဖြင့် ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများမှာ ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံတကာလေကြောင်းပျံသန်းမှုများ ရပ်နားထားလိုက်ရသည့်အချိန်တွင် အခက်အခဲကြုံကြရခြင်းဖြစ်သည်။ ကယ်ဆယ်ရေးလေယာဉ်၊ အထူးလေယာဉ်များဖြင့် နိုင်ငံအသီးသီးမှ ပြန်လည်ခေါ်ဆောင်ခဲ့ရသူ မြန်မာနိုင်ငံသား ဦးရေမှာ ယနေ့အထိ ၃၆၀၀ ကျော်ခဲ့ပြီဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများမှ မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာလည်း နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လျက်ရှိရာ လူဦးရေသောင်းနှင့်ချီလျက် ရှိနေသည်။ ဆက်လက်၍လည်း အိမ်နီးချင်းနိုင်ငံများအပါအဝင် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ ဝင်ရောက်နေဦးမည်ဖြစ်သည်။ ကိုဗစ်-၁၉ သည် ကမ္ဘာတစ်ဝန်း ကူးစက်ပျံ့နှံ့လျက်ရှိရာ ကမ္ဘာ့ဒေသကြီးတစ်ခုပြီး တစ်ခုသို့ တောမီးသဖွယ် ပြန့်ပွားနေပြီး ကပ်ရောဂါ၏ အချက်အချာနေရာသည် ဥရောပမှ အမေရိက၊ ယင်းမှသည် လက်တင်အမေရိကစသည်ဖြင့် ရွှေ့လျားလျက်ရှိသည်။ သို့ဖြစ်ရာ ရောဂါကာကွယ်ဆေးမတွေ့သေး သရွေ့ ကမ္ဘာတစ်ခွင် ကူးသန်းသွားလာမှုများ ရပ်နားထားရဦးမည်ဖြစ်သလို ကမ္ဘာ့စီးပွားရေးသည်လည်း တုံ့ဆိုင်းလေးကန်နေဦးမည် ဖြစ်သည်။

နိုင်ငံအသီးသီးတို့မှာလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု အရှိန်မြင့်မားနေသည့် အချိန်မှာပင် ရောဂါအရေးထက် ဝမ်းရေးခက်ကြသည့် အားလျော်စွာ တားဆီးကန့်သတ်မှုများကို ပြန်လည်ဖယ်ရှားပြီး စီးပွားရေးယန္တရားများ ပြန်လည်လည်ပတ် လုပ်ကိုင်ကြခြင်းကြောင့် တစ်ဖက်တွင်လည်း ကပ်ရောဂါကူးစက်မှု အကင်းမသေသည့် အခြေအနေ ဖြစ်ပေါ်နေရသည်။ မိမိတို့နိုင်ငံအနေဖြင့်မူ ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှုထက် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများတွင် ပါရှိမှုက အဓိကဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်များတွင် တွေ့ရှိရသည်။ သို့ဖြစ်ရာ ပြည်ပမှ ပြန်လည်ဝင်ရောက်နေမှုများ ရှိနေသေးသရွေ့ ကူးစက်ရောဂါ ပါမပါကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုမှုများ ဂရုတစိုက် ဆက်လက်ပြုလုပ်နေကြရဦးမည်ဖြစ်သည်။ နိုင်ငံတကာတွင် စီးပွားရေးကျဆင်းမှု၊ လုပ်ငန်းပိတ်သိမ်းမှု၊ အလုပ်သမားအင်အားလျှော့ချမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းနှင့်အတူ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပြည်တွင်းသို့ ဆက်လက်ဝင်ရောက်နေဦးမည်ဟု ယူဆမိသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၂၄၆ ဦး တွေ့ရှိထားပြီး စောင့်ကြည့်လူနာအသစ်များလည်း ဆက်လက်ထွက်ပေါ်လျက်ရှိရာ ကိုဗစ်-၁၉ နှင့် တိုက်ပွဲသည် မပြီးဆုံးသေးသည်ကို သတိချပ်ကြရမည်ဖြစ်သည်။ သို့ရာတွင် အနေကြာလာသည်နှင့်အမျှ သတိလျော့ရဲလာသလို စည်းမျဉ်းစည်းကမ်းများ ချမှတ်ကာ အကန့်အသတ်အချို့ ဖြေလျှော့ပေးလိုက်သည့် အပေါ်တွင်လည်း ပေါ့လျော့နေကြသည့် အပြုအမူများကို တွေ့မြင်နေရသည်။ ကိုဗစ်-၁၉ သည် ကူးစက်မှုအန္တရာယ်ကြီးမားကြောင်း၊ ရောဂါကာကွယ်ဆေးနှင့် ကုသဆေးမရှိသေးသလို ကူးစက်ခံရပါက အသက်အန္တရာယ်ပြုနိုင်သည့်ရောဂါလည်းဖြစ်ကြောင်း သိနားလည်ထားကြသူများသည်ပင်လျှင် မကြာခဏလက်ဆေးရန်၊ လူစုလူဝေးကို ရှောင်ရန်၊ ပြင်ပသို့သွားလာရာတွင် ပါးစပ်နှာခေါင်းစည်းတပ်ထားရန်၊ တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေရန်၊ ကိုယ်ခံစွမ်းအား မြင့်မားရေးနှင့် ကျန်းမာရေးကို ဂရုစိုက်ရန်ဟူသော အခြေခံအချက်ကလေးများကို ကျင့်သုံးကြရန် ပျက်ကွက်လေ့ရှိကြသည်ကို တွေ့ရသည်။

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာတွင် ကူးစက်မှု အရှိန်အဟုန်ကောင်းနေဆဲဖြစ်သည်။ မိမိတို့ နိုင်ငံတွင်မူ ကြိုတင်ပြင်ဆင်မှု၊ တားဆီးကန့်သတ်မှု၊ ပြည်သူများ ပူးပေါင်းပါဝင်မှုတို့ဖြင့် အတိုင်းအတာ တစ်ရပ်အထိ ထိန်းချုပ်ထားနိုင်သည်ဟု ဆိုနိုင်သော်လည်း ပန်းတိုင်မရောက်သေးသည့်အတွက် တက် မထောင်နိုင်သေးသည့် အခြေအနေတွင်သာ ရှိနေသေးသည်။ စည်းကမ်းမရှိမှု၊ မေ့လျော့ပေါ့ဆမှုတို့ကြောင့် ကြောက်မက်ဖွယ်အန္တရာယ် အချိန်မရွေး ပေါ်ပေါက်လာနိုင်သည်ကို သတိမူကာ မိမိကိုယ်မိမိ တာဝန်ကိုယ်စီ ယူကြခြင်းဖြင့် ကိုဗစ်-၁၉ ကို ဆက်လက်ရင်ဆိုင်နိုင်ကြပါစေကြောင်း။ ။

# မျိုးစေ့အရည်အသွေးစစ်ဆေးရေးခန်းနှင့် သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းဖွင့်



**ရွှေဘို ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ စိုက်ပျိုးရေးဦးစီးမှူး ရုံးဝင်းအတွင်းရှိ မျိုးစေ့အရည်အသွေး စစ်ဆေးရေးခန်းနှင့် သီးနှံကာကွယ်ရေးဓာတ်ခွဲခန်း ဖွင့်ပွဲကို ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမိုးကျော်သူ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေဇင်လတ်နှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အဆိုပါဓာတ်ခွဲခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။(ယာပုံ)

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် စိုက်ပျိုးရေးနှင့် ပတ်သက်၍ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။ အဆိုပါ မျိုးစေ့အရည်အသွေး စစ်ဆေးရေးခန်း ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် တောင်သူများ မျိုးစေ့အဖြစ် အသုံးပြုရန် ရည်ရွယ်၍ စိုက်ပျိုးထားရှိသော သီးနှံစိုက်ခင်းများမှ ထွက်ရှိလာသည့် မျိုးစေ့များကို မျိုးစေ့များအဖြစ် ပြန်လည် ဖြန့်ဖြူးရောင်းချခြင်းမပြုမီ အဆိုပါမျိုးစေ့များ၏ မျိုးစေ့အရည်အသွေးကို အချိန်မီသိရှိနိုင်ကြောင်း၊ မျိုးလိုအပ်သော အခြားတောင်သူများထံသို့ မျိုးစေ့အရည်အသွေး အာမခံချက်အပြည့်အဝဖြင့် ဖြန့်ဖြူးရောင်းချနိုင်သောကြောင့် စပါးနှင့် ဆန်အရည်အသွေး တိုးတက်ကောင်းမွန်လာကာ ဈေးကွက်ခိုင်မာလာပြီး တောင်သူများ၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ရွှေဘိုခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်မေကြွယ်ဝင်းက ပြောသည်။

ထို့အပြင် သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်း၌ ခရိုင်အတွင်းရှိ သီးနှံမျိုးစေ့များတွင် မျိုးစေ့ဆောင် ရောဂါပါဝင်မှု ရှိ မရှိကို စစ်ဆေးနိုင်ပြီး မျိုးစေ့ရောဂါများ ပါဝင်ပါက သင့်လျော်သော ကာကွယ်နှိမ်နင်း နည်းစနစ်များကို ညွှန်ကြားမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ မြို့နယ်များမှပေးပို့သော ပိုးမွှား၊ ရောဂါ၊ ဖျက်ပိုးနမူနာများကို အမျိုးအစား ခွဲခြားစစ်ဆေးပေး၍ ရောဂါအမျိုးအစားအလိုက် သင့်လျော်သော နည်းစနစ်များဖြင့် အချိန်မီ ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

ထွန်းမြင့်အောင်(ရွှေဘို)

# ရွှေဘို၌ ရဲမှုထမ်းဟောင်း ၆၇ ဦးအား ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာ လေးမျိုး ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်

**ရွှေဘို ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့အတွင်းရှိ ရဲမှုထမ်းဟောင်းများအနက် ၆၇ ဦးအား ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာလေးမျိုး အပြင် ကြက်သွန်နီ၊ အာလူးများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က ရွှေဘိုခရိုင် ရဲတပ်ဖွဲ့ဝင်းအတွင်းရှိ ရန်ကြီးအောင် ရဲရိပ်သာခန်းမ၌ ကျင်းပသည်။

ရွှေဘိုတပ်နယ်မှူးကိုယ်စား ဒုတိယဗိုလ်မှူးကြီး ဇော်အောင်လတ်က ရဲမှုထမ်းဟောင်းများအား အားပေးစကား ပြောကြားခဲ့ပြီး ရဲမှုထမ်းဟောင်း ၆၇ ဦးအား စုစုပေါင်း ဆန် ၂၆၀ ပြည် ၊ ဆီ ၁၉ ပိဿာ၊ ပဲ ၂၈ ပိဿာ၊ ဆား ၁၆ ပိဿာတို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့အစီအစဉ်ဖြင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းကြည်က ရဲမှုထမ်းဟောင်း ၆၇ ဦးအား တစ်ဦးလျှင် ကြက်သွန်နီ ငါးပိဿာနှင့် အာလူး သုံးပိဿာနှုန်းဖြင့် စုစုပေါင်း ကြက်သွန်နီ ၃၃၅ ပိဿာ၊ အာလူး ၂၀၁ ပိဿာတို့ကို ထောက်ပံ့ပေးအပ်သည်။

မိုးသောက်(ရွှေဘို)



ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း စားဝတ်နေရေးအခက်အခဲ မရှိစေရန် မလှိုင်မြို့နယ် ပန်းအိုင်စံပြကျေးရွာ နန်းဦးရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၅၀ အား ဆန်၊ ဆီ အပါအဝင်ပစ္စည်းကိုးမျိုး ထောက်ပံ့ပေးအပ်ခြင်းကို ဇွန် ၈ ရက်က အဆိုပါရပ်ကွက်ရှိ စိန်ကမ္ဘာမိသားစုနေအိမ်၌ ပြုလုပ်စဉ်။ အောင်ဌေး (မလှိုင်)

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့်ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါး၊ ပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များ ဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားရန်၊
- ❖ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များ ဖို့ထားရန်၊
- ❖ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေရန်၊
- ❖ ထူးခြားသည့် အခြေအနေများ အချိန်နှင်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားရန်၊
- ❖ အစိုးရပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ပြည်သူသာလျှင် အဓိက

❍ ရွှေဖုံးမှ

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မကွေးတိုင်းဒေသကြီးအတွင်း ရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ထောက်ပံ့ဆောင်ရွက်ပေးခဲ့မှု၊ ထောက်ပံ့ခဲ့ရာတွင် ကျန်ရှိခဲ့သည့် အိမ်ထောင်စုစာရင်းအား ထပ်မံကောက်ယူပြီး ထောက်ပံ့နိုင်ရေးဆောင်ရွက်ထားမှု၊ ဒုတိယအကြိမ် ထောက်ပံ့ရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမှု၊ (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ဆက်သွယ်သွားလာရေး ကိစ္စရပ်များကိုလည်းကောင်း၊ ကော့ပနောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဒေါ်နီနီအောင်က အခြေခံလူတန်းစား များအား ထောက်ပံ့နိုင်ရန် စာရင်းကောက်ယူခဲ့မှု၊ စိစစ်ရွေးချယ်ခဲ့မှု၊ အိမ်အရောက် ထောက်ပံ့ခဲ့မှု၊ ထောက်ပံ့ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ကျေးရွာရှိပြည်သူများ၊ NGO များ၊ ရပ်မိရပ်ဖများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခဲ့မှု၊ ပျံကျဈေးရောင်းသူများ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ အငှားယာဉ်မောင်းများ၊ ကျပန်းအလုပ်သမားများ၊ အလုပ်ကြမ်းသမားများ၊ ကျောထောက်နောက်ခံမရှိသူများ၊ ပြည်ပမှပြန်လည်ဝင်ရောက်လာသူများအား စိစစ်၍ ညွှန်ကြားချက်နှင့်အညီ အမှန်တကယ် လိုအပ်နေသူများကို ထောက်ပံ့ခဲ့မှု၊ ထောက်ပံ့ရန် ကျန်ရှိခဲ့သူများ၏စာရင်းအား ထပ်မံကောက်ယူထားရှိမှု၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် တောင်သူများအတွက် ရေအခက်အခဲဖြစ်ပေါ်နေ၍ ချောင်းများ ပြန်လည်တူးဖော်ပေးရေးကိစ္စရပ်များကိုလည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက နိုင်ငံတော်က ထောက်ပံ့သည့် အခြေခံပစ္စည်း ၅ မျိုး ထောက်ပံ့ပေးနိုင်ရန် စာရင်းကောက်ယူခဲ့မှုနှင့် ထောက်ပံ့ဆောင်ရွက်ခဲ့မှု၊ စာရင်းကောက်ယူရာတွင် အချိန်တိုအတွင်း တောင်းခဲ့သည့်အတွက် တိကျသည့် စာရင်းကောက်ယူရန်ခက်ခဲမှု၊ ဒုတိယအကြိမ်ထောက်ပံ့ရန် ထပ်မံစာရင်း ကောက်ယူထားမှု ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

### ပထမအကြိမ် ပေးပြီးပြီဖြစ်

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုအကြိမ်တွင် ပစ္စည်းမပေးဘဲ ငွေကြေးသာ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ပစ္စည်းပေးရသည်မှာ အနည်းငယ်ပိုမိုခဲယဉ်းပါကြောင်း၊ ခဲယဉ်းသည်ဆိုသည်မှာ ထောက်ပံ့မည့်ပစ္စည်းများကို လိုက်လံဝယ်ယူရပါကြောင်း၊ မည်သည့်နေရာကရမလဲ၊ လုံလုံလောက်လောက်ရမလားဆိုသည်ကိုလည်း ညှိရပါကြောင်း၊ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ပစ္စည်းများရရှိဖို့ ခက်ခဲပါကြောင်း၊ စောင့်ဆိုင်းရပါကြောင်း၊ မကွေးတိုင်းဒေသကြီးမှာ ပထမအကြိမ် ပေးပြီးပြီဖြစ်ပါကြောင်း၊ ဒုတိယအကြိမ်မှာ ငွေကြေးပေးအပ်မည်ဖြစ်သည့်အတွက် ယခင်အကြိမ်ထက် လွယ်ကူမည်ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ယခင်စာရင်းကျန်ရှိခဲ့သူများနှင့် နောက်ထပ်စာရင်းသွင်းရမည့်ပြည်သူများပါ ရိက္ခာငါးမျိုး ပေးတော့မည်မဟုတ်ပါကြောင်း၊ အချို့ဒေသများတွင် ရိက္ခာငါးမျိုးမှာ ဝယ်ရ၊ ရှာရသည်မှာ ခက်ခဲပါကြောင်း၊ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ အခြားဒေသများမှ ဝယ်ယူရသည့်အတွက် အချိန်ယူရပါကြောင်း၊ နောက်ပိုင်းတွင် ငွေကြေးသာထောက်ပံ့ပေးတော့မည် ဖြစ်ပါကြောင်း။

ရာသီဥတုသည် ပြောင်းလဲသွားပြီ ဖြစ်ပါကြောင်း၊ ယင်းကို အားလုံးသိရှိနိုင်ရန် ပညာပေးရန် လိုအပ်ပါကြောင်း၊ ရာသီဥတုပုံစံသစ်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် နေထိုင်ကြရမည်ဖြစ်ကြောင်း၊ မိုးရွာသည့်နေ့များ ယခင်ထက်စာလျှင် နည်းသွားပါကြောင်း၊ မိုးရွာသည့်အခါ သည်းထန်စွာ ရွာသွန်းတတ်သည့်အတွက် ရေကြီးခြင်း၊ မြေပြိုခြင်းများ ရှိပါကြောင်း၊ ယင်းအတွက် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားရန် လိုအပ်ပါကြောင်း၊ မိုးရွာသည့်ပုံစံနှင့် ဆီလျော်အောင် စိုက်ပျိုးသည့်ပုံစံကို ပြောင်းသင့်လျှင် ပြောင်းလဲရမည် ဖြစ်ပါကြောင်း။

### တတ်နိုင်သမျှ အလုပ်လုပ်ရမည်ဖြစ်

ကိုဗစ်-၁၉ ကိစ္စသည် မည်မျှကြာမည်ကို တွက်ချက်ရန် ခက်ခဲပါကြောင်း၊ မိမိတို့နိုင်ငံသည် ချမ်းသာကြွယ်ဝသည့်နိုင်ငံ မဟုတ်သော်လည်း တတ်နိုင်သမျှ ထောက်ပံ့ပေးနေပါကြောင်း၊ ရေရှည်ပံ့ပိုးသွားရန် အင်မတန်ခက်ခဲပါကြောင်း၊ ထို့ကြောင့် လုပ်နိုင်ကိုင်နိုင်ရန်အတွက် အခြေအနေကို ပြန်လည်ပြုပြင်ပေးနေပါကြောင်း၊ တတ်နိုင်သမျှ အလုပ် လုပ်ရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဘက်က လုံခြုံအောင်နှင့် မိမိဝမ်းစာ မိမိရှာနိုင်အောင် ယင်းနှစ်ခုကို တစ်ချိန်လုံး ချိန်ဆနေရပါကြောင်း။

ယခုအချိန်တွင် စီးပွားရေးသည် တစ်ကမ္ဘာလုံး ကျဆင်းနေပါကြောင်း၊ မိမိတို့နိုင်ငံကိုလည်း တတ်နိုင်သမျှ မကျဆင်းအောင် ကြိုးစားနေရပါကြောင်း၊ ပြည်သူများ ဝိုင်းဝန်းကူညီပေးရန် လိုအပ်ပါကြောင်း၊ စီးပွားရေးကို တဖြည်းဖြည်းချင်း ပုံမှန်လည်ပတ်နိုင်ရန် ကြိုးစားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး နိုင်ငံတော်မှ ဖြည့်ဆည်းပေးမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် မေလ ပထမသုံးပတ်၌ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်သည့် အလုပ်သမားများ နည်းပါးခဲ့ပါကြောင်း၊ ထိုသို့ နည်းပါးခြင်းမှာ ထိုင်းနိုင်ငံ၏ အခြေအနေများကြောင့် ဖြစ်ပါကြောင်း၊ အစပိုင်းခန့်မှန်းထားသည်မှာ မေလဆန်းမှစတင်၍ ပြန်လည်ဝင်ရောက်လာမည် ဖြစ်ပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအတွက် Quarantine ထားရှိရန်၊ သွားလာရေးကိစ္စများ ဆောင်ရွက်ရန် ပြင်ဆင်ထားပြီးဖြစ်ပါကြောင်း၊ သို့သော် ထိုင်းနိုင်ငံဘက်မှ ပြန်လာ၍မရသေးသည့်အတွက် ပထမသုံးပတ်တွင် ပြန်လည်ဝင်ရောက်မှု နည်းပါးခဲ့ပါကြောင်း၊ မေလ ၂၀ ရက်ဝန်းကျင်တွင် စတင်ဝင်ရောက်လာကြပါကြောင်း၊ ပထမရက်တွင် ရာဂဏန်းခန့် ဝင်ရောက်ခဲ့ပြီး ယခုဆိုလျှင် ပုံမှန် ထောင်ဂဏန်းခန့် နေ့စဉ်ဝင်ရောက်လျက်ရှိပါကြောင်း၊ ပြန်လည်ဝင်ရောက်သူများသည် မည်သည့်တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ဖြစ်သည်ကို တိတိကျကျ စာရင်းပေးရန် ထိုင်းနိုင်ငံအနေဖြင့်လည်း ခက်ခဲပါကြောင်း၊ ယခုဆိုလျှင် ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားအများစုသည် တရားဝင်ဖြစ်သွားပြီ ဖြစ်ပါကြောင်း၊ ယခင်သုံးနှစ်ခန့်က မြန်မာအလုပ်သမား ၈၀ ရာခိုင်နှုန်းခန့်သည် တရားမဝင်ပါကြောင်း၊ ယခုဆိုလျှင် မြန်မာအလုပ်သမား ၉၀ ရာခိုင်နှုန်းခန့်သည် တရားဝင်ဖြစ်နေပြီဖြစ်ပြီး တရားမဝင် သည့် အလုပ်သမား အင်မတန်နည်းပါးသွားပြီဖြစ်ပါကြောင်း၊ အလုပ်သမားများအားလုံး၏ စာရွက်စာတမ်းများ တရားဝင်ဖြစ်စေရန် ထိုင်းနိုင်ငံအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

ပြန်လည်ဝင်ရောက်လာကြသည့်အခါတွင် တချို့မှာ ၎င်းတို့၏ ပတ်စ်ပို့၊ စာရွက်စာတမ်းပေါ်ရှိ ဒေသသို့ မပြန်လိုဘဲ တခြားဒေသသို့ သွားလိုသည့် ပြဿနာများလည်း ရှိခဲ့သည်ဟု မြဝတီဘက်မှ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့် ဆွေးနွေးသည့်အခါ သိရှိရပါကြောင်း၊ တခြားမြို့သို့ အရင်သွားရောက်ပြီး နောက်မှ မိမိဒေသသို့ပြန်မည်ဆိုသည့်ပုံစံမျိုး လုပ်ဆောင်မရပါကြောင်း၊ မိမိရပ်ရွာသို့ ပြန်၍ Quarantine နေထိုင်ရမည်ဆိုသည်ကိုလည်း နားလည်အောင် ပြောရပါကြောင်း။

### စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်

ယခုဆိုလျှင် စိုက်ပျိုးရေးရာသီ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးရာသီ ရောက်လာပြီဖြစ်သည့်အတွက် မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအနေဖြင့် အထူးဂရုစိုက်ရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် မိမိတို့နိုင်ငံအတွက် အလားအလာကောင်းများ ရှိပါကြောင်း၊ ယခုအချိန်တွင် ဥရောပနိုင်ငံအတော်များများ၌ စိုက်ပျိုးရေး ပစ္စည်းအခက်အခဲများ ရှိနေပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အဆင့်မီအောင် စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးရေးပစ္စည်းများ ထုတ်လုပ်နိုင်သည်ဆိုလျှင် နိုင်ငံတကာသို့ ပို့ဆောင်နိုင်ရန် အလားအလာ များလာပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တောင်သူလယ်သမားများကို များစွာအားကိုးရမည် ဖြစ်ပါကြောင်း၊ ယခင်ကတည်းက မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပါကြောင်း၊ ယခုတွင်လည်း စိုက်ပျိုးရေးကို ခေတ်နှင့်ကိုက်ညီသည့်ပုံစံဖြင့် ဆက်လက်လုပ်ဆောင်မည်ဆိုလျှင် မိမိတို့နိုင်ငံသည် စီးပွားရေးတွင် များစွာတိုးတက်နိုင်ပါကြောင်း၊ တစ်ကမ္ဘာလုံးတွင် လိုအပ်နေသည်မှာ အစားအသောက်လုံခြုံမှုဖြစ်ပြီး အစားအစာ၊ ရိက္ခာလုံခြုံမှုသည် များစွာအရေးကြီးပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် စိုက်ပျိုးရေးကဏ္ဍတွင် နည်းပါးလာပါကြောင်း၊ စိုက်ပျိုးရေးကို မလုပ်ကြသည့်အတွက် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု နည်းပါးလာပြီး စိုက်ပျိုးရေးပစ္စည်းများကို အခြားဒေသမှတင်ပို့ရန် လိုအပ်လာသည့် အခြေအနေသို့ ရောက်ရှိလာကြပါကြောင်း၊ စိုက်ပျိုးရေးသည် ကမ္ဘာကြီးအတွက် အမြဲလိုအပ်နေသည့် ကဏ္ဍတစ်ခုဖြစ်နေမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယခုအချိန်တွင် သေချာစွာ စဉ်းစားချင့်ချိန်၍ မိမိတွင်ရှိသည့် အခွင့်အရေးကို အသုံးပြုမည်ဆိုလျှင် အများကိုအကျိုးပြုရာရောက်ပါကြောင်း၊ စားနပ်ရိက္ခာ လိုအပ်နေသည့် နေရာများကိုလည်း ပို့ဆောင်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ မိမိစီးပွားရေးလည်း ဦးမော့လာအောင် ဆောင်ရွက်ပေးနိုင်ပါကြောင်း။

### တတ်နိုင်သမျှ ထောက်ပံ့နေ

လှိုင်သာယာမြို့နယ်တွင် နယ်ဘက်မှ လာရောက်အလုပ်လုပ်ကိုင်သူများ များစွာရှိပါကြောင်း၊ နယ်ဘက်တွင် အလုပ်အကိုင်အခွင့်အလမ်း များလာသည်နှင့်အမျှ လှိုင်သာယာကဲ့သို့နေရာတွင် လာရောက်အလုပ်လုပ်ကိုင်သူ နည်းပါးသွားမည်ဖြစ်ပါကြောင်း၊ လူတိုင်းလူတိုင်းသည် လုပ်ကိုင်စားသောက်ရန် အဆင်ပြေပါက မိမိရပ်ရွာတွင် မိမိ မိသားစုနှင့်အတူ နေထိုင်လိုကြပါကြောင်း၊ ထိုသို့ နေထိုင်နိုင်ရန် မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ကဲ့သို့ ဒေသများက ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပံ့ပိုးသည့်အခါတွင် ရေရှည်အမြင်ဖြင့် ပံ့ပိုးပါကြောင်း၊ အခြေခံလူတန်းစားများကို တတ်နိုင်သမျှ ထောက်ပံ့နေသည့်အတွက် ဝမ်းသာပါကြောင်း၊ သို့သော် ထောက်ပံ့ရန်မလိုသည့် အခြေအနေဖြစ်အောင် ဆောင်ရွက်ပေးလိုပါကြောင်း၊ ရေရှည်တွင် ထောက်ပံ့ရန်မလိုသည့် အခြေအနေ၊ ထောက်ပံ့ရန်လိုသည့် အောက်ခြေလူတန်းစားမရှိသည့် စီးပွားရေးအခြေအနေမျိုးကို ဦးတည်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အားလုံးဝိုင်းဝန်း၍ မိမိရပ်ရွာကို မိမိကဏ္ဍအလိုက် ကူညီကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

သတင်းစဉ်

# အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၉

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) များနှင့် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကော်မရှင်ရုံး၌ Virtual Workshop on CRA ခေါင်းစဉ်ဖြင့် အွန်လိုင်းမှ ကျင်းပသည်။** (အောက်ပုံ)




အလုပ်ရုံဆွေးနွေးပွဲတွင် CPU ၃၆ ခုမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် တာဝန်ရှိသူများ ပါဝင်ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များသည် သက်တမ်းတစ်နှစ်ကျော်ခဲ့ပြီဖြစ်ပြီး အထိုက်အလျောက်တိုးတက်မှုများရှိသည်ကို တွေ့ရှိရ ကြောင်း၊ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (CRA)သည် ဝန်ထမ်းများအား နစ်နာမှုအနည်းဆုံးဖြင့် ရုံး / ဌာနများတွင် အဂတိလိုက်စားမှုကို ထိန်းချုပ်နိုင်သော နည်းလမ်းဖြစ်၍ CPU များက အောင်မြင်စွာ အကောင်အထည်ဖော်ရမည့် ရည်မှန်းချက်တာဝန်တစ်ခု ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုးက အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းနှင့်ပတ်သက်၍ ပဏ္ဍာမရှင်းလင်းဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဦးဆောင်ပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) တို့၏ ကျွမ်းကျင်မှုအကူအညီဖြင့် ဇွန် ၉ ရက်မှ ၁၂ ရက်အထိ အွန်လိုင်းမှ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# COVID -19 ဆိုင်ရာ ခရီးသွားလုပ်ငန်း ကုစားမှုအစီအစဉ် အကောင်အထည်ဖော်ရေး ချပြလမ်းညွှန်မှု အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၉**

COVID-19 ဆိုင်ရာ ခရီးသွားလုပ်ငန်း ကုစားမှုအစီအစဉ် အကောင်အထည်ဖော်ရေး ချပြလမ်းညွှန်မှု အခမ်းအနားကို ယနေ့နံနက် ၁ဝ နာရီက နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က COVID-19 ကပ်ရောဂါကူးစက်မှုကို ကာကွယ်ရန် လေကြောင်းလိုင်းများ ရပ်နားထားခြင်း၊ ပြည်ဝင်ခွင့်များ ရပ်နားထားခြင်း၊ မဖြစ်မနေ နိုင်ငံကူး ခရီးသွားရမည့်သူများကို quarantine ၁၄ ရက်၊ ၂၁ ရက်များ ထားရှိခြင်းများကြောင့် ကမ္ဘာတစ်ဝန်းတွင် ခရီးသွားလုပ်ငန်းများ လုံးဝနီးပါး ရပ်တန့်သွားသည့်အနေအထားကို ရောက်ရှိခဲ့ပါကြောင်း။

### ကဏ္ဍစုံကို သိသာစွာ သက်ရောက်မှုဖြစ်ခဲ့

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါကူးစက်မှုကို ကာကွယ်ရန် ပြည်ဝင်ခွင့် ဗီဇာ ယာယီပိတ်ထားခြင်း၊ လေကြောင်းလိုင်းများ ခေတ္တရပ်နားထားရခြင်းတို့ကြောင့် ပြည်ပခရီးသွားဝင်ရောက်မှု ရပ်တန့်သွားခဲ့ပါကြောင်း၊ ဧပြီလ၌ Stay Home ကာလ စတင်လိုက်သည့်အချိန်တွင် ပြည်တွင်းခရီးသွားလုပ်ငန်းပါ ရပ်တန့်သွားပြီး ဟိုတယ်၊ တည်းခိုခန်းများ၊ ခရီးသွားကုမ္ပဏီများ၊ စားသောက်ဆိုင်များ ပိတ်သိမ်းထားရခြင်းကြောင့် အလုပ်လက်မဲ့များစွာ ဖြစ်ပေါ်ကာ စီးပွားရေး၊ လူမှုရေး ကဏ္ဍစုံကို သိသာစွာ သက်ရောက်မှုဖြစ်ခဲ့ရပါကြောင်း။

မြန်မာနိုင်ငံသို့ ၂ဝ၁၉ ခုနှစ်တွင် ခရီးသည် ၄ ဒသမ ၃၆ သန်းဝင်ရောက်ပြီး ၂ဝ၂ဝ ပြည့်နှစ် ဇန်နဝါရီလ တစ်လအတွင်း ခရီးသွား လေးသိန်း ဝင်ရောက်ခဲ့ရာမှ ၂ဝ၂ဝ ပြည့်နှစ် ဧပြီလတွင် ခရီးသည် အယောက် ၁ဝဝ မပြည့်သည်အထိ ကျဆင်းသွားခဲ့သော ထိခိုက်မှုကိုကျော်လွှားပြီး မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရန်အတွက် နိုင်ငံတော်အဆင့် ရေးဆွဲအတည်ပြုထားသည့် CERP (COVID-19 Economic Relief Plan) ၏ နောက်ဆက်တွဲအနေဖြင့် ကမ္ဘာ့ခရီးသွားအဖွဲ့ချုပ်ဖြစ်သည့် UNWTO နှင့် အာရှ-ပစိဖိတ်ခရီးသွား အဖွဲ့ချုပ်ဖြစ်သည့် PATA တို့၏ Tourism Crisis Management Guidelines များကို အခြေခံကာ ခရီးသွားအသင်းအဖွဲ့များ၏ အကြံပြုချက်များနှင့် ပေါင်းစပ်ပြီး ဝန်ကြီးဌာနမှ အဓိက မဟာဗျူဟာ (၃) ရပ်ပါဝင်သည့် COVID-19 Tourism Relief Plan ကို ရေးဆွဲခဲ့ပြီး ဖြစ်ပါကြောင်း။

ယင်း Tourism Relief Plan ကို ဝန်ကြီးဌာန၏ COVID-19 Myanmar Tourism Strategic Roadmap အဖြစ် အသုံးပြု အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ ယင်းမဟာဗျူဟာ (၃)ရပ်မှာ Survival-ဆက်လက်ရပ်တည်နိုင်ရေး၊ Reopening-ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် Relaunching-ပြန်လည်မိတ်ဆက်ခြင်း တို့ဖြစ်ပါကြောင်း၊ ယင်း မဟာဗျူဟာ(၃)ရပ်၏ အဆင့် တစ်ဆင့်ချင်းစီတွင် လုပ်ငန်းစဉ် လေးခု ပါရှိမည်ဖြစ်ပါကြောင်း။

Survival အဆင့်တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းများအတွက် အခွန်ဖြေလျှော့ခြင်း၊ လိုင်စင်ကြေးလျှော့ပေါ့ခြင်းနှင့် ငှားရမ်းခများ ရွှေ့ဆိုင်းပေးခြင်း၊ ချေးငွေများထုတ်ချေးပေးခြင်းကဲ့သို့သော အစီအစဉ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရှင်များနှင့် ခရီးသွားလုပ်ငန်းဝန်ထမ်းများအပေါ် သက်ရောက်မှုဖြေလျှော့ခြင်းဆိုင်ရာ Online Training Program များပို့ချခြင်းနှင့် Training ကာလအတွင်း ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များ၊ ခရီးစဉ်ဒေသများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဈေးကွက်အခြေအနေကို စစ်ဆေးအကဲဖြတ်ခြင်းစသည့် ကဏ္ဍများပါဝင်ပြီး ယင်းလုပ်ငန်းစဉ်များကို ဝန်ကြီးဌာနအနေဖြင့် ဧပြီ၊ မေနှင့် ဇွန်လများတွင် ဆောင်ရွက်ခဲ့သကဲ့သို့ ဆက်လက်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်တွင် ဆောင်ရွက်ရန်ရည်ရွယ်သည့် Reopening အဆင့်တွင် ခရီးသွားများနှင့် ဝန်ထမ်းများ၏ ကျန်းမာရေးဆိုင်ရာ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် Standard Operating Procedure (SOP) များ ရှာဖွေဖော်ထုတ်ရေးလုပ်ငန်းစဉ်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း အခြေခံအကျဆုံး ပါဝင်လုပ်ကိုင် ဆောင်ရွက်နေကြသည့် အနေးယာဉ်လုပ်သားများ၊ ဈေးရောင်းသူများအတွက် ဌာနမှ နေ့တွက်ထောက်ပံ့ပေးသည့် သင်တန်းအစီအစဉ်များ၊ ပုံမှန်အခြေအနေသစ် (New Normal)တွင် ဆောင်ရွက်ရမည့် ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းစဉ်များ၊ E-commerce Platform နှင့် Digital Platform နှင့် ပြည်တွင်း Digital ငွေပေးချေမှုစနစ်ကို အားပေးမြှင့်တင်ဆောင်ရွက်ရေးကိစ္စများ ပါဝင်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် COVID-19 ဆိုင်ရာ ခရီးသွားလုပ်ငန်း ကုစားမှုအစီအစဉ် အကောင်အထည်ဖော်ရေး ချပြလမ်းညွှန်မှု အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### ရေရှည်စီမံကိန်း ချမှတ်ဆောင်ရွက်

ဩဂုတ်လတွင် စတင်မည့် နောက်ဆုံးအဆင့် Relaunching အနေဖြင့် နိုင်ငံတကာ ခရီးသွားဧည့်သည်များကို ပြန်လည်ဆွဲဆောင်နိုင်စေရေးအတွက် Communication & Marketing Campaign များကို မိတ်ဆက်ခြင်းအစီအစဉ်များ၊ Travel Facilitation ခရီးသွားလာမှု လွယ်ကူချောမွေ့ရေးဆိုင်ရာ ပြည်ဝင်ခွင့်ဗီဇာနှင့် ကန့်သတ်နယ်မြေများ ဖြေလျှော့မှုကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုအတွက် မက်လုံးပေး ဆွဲဆောင်သောအစီအစဉ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ထောက်ပံ့ကြေးနှင့် ချေးငွေများရယူခြင်း၊ ရန်ပုံငွေတစ်ရပ် ထူထောင်ခြင်းစသည့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ရေရှည်စီမံကိန်းချမှတ်ဆောင်ရွက်ခြင်းများ ပါဝင်ပါကြောင်း။

ယခု ဇွန်လအတွင်း ဟိုတယ်နှင့် တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ အဝေးပြေး ကားလိုင်းများ၊ အငှားကားများ ပြန်လည်ပြေးဆွဲနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် guidelines များနှင့် လေကြောင်းလိုင်းများ၊ လေဆိပ်များ ပြန်လည်စတင်နိုင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် guidelines များ စုပေါင်းပြီး Tourism National Guidelines အဖြစ် ထုတ်ပြန်သွားမည်ဖြစ်သကဲ့သို့ COVID-19 အလွန် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ဘုရား၊ စေတီပုထိုးများ၊ ပြတိုက်နှင့် ပန်းခြံများကို ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်သွားနိုင်ရေးအတွက် ပြည်တွင်းခရီးသွားများ လိုက်နာရမည့် ခရီးသွားညွှန်ကြားချက်များကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လည်ပတ်နိုင်သည့် ခရီးစဉ်အသစ်များဖော်ဆောင်နိုင်သည့် အစီအစဉ်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

COVID-19 ရောဂါ ဘေးကင်းရန် လိုက်နာရမည့် SOP များနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းကို တစ်ဆင့်ချင်း ပြန်လည်စတင်၍ အသားကျလာသည့်အခါ အာရှဒေသတွင်း ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရန် target market အဖြစ် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့နှင့် Travel Bubble ဆောင်ရွက်နိုင်ရန်နှင့် ထိုမှတစ်ဆင့် ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံများနှင့် အာရှခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် တိုးချဲ့လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း။ အာရှနိုင်ငံများမှ ခရီးသွားများကို COVID ရောဂါ ဘေးကင်းရန် လိုက်နာရမည့် SOP များနှင့် ဝန်ဆောင်မှုပေးရာတွင် အသားကျပါက နိုင်ငံတကာခရီးသွားများအား ဖိတ်ခေါ်လက်ခံကြိုဆိုပြီး မြန်မာ့ခရီးသွားလုပ်ငန်းကို ရာနှုန်းပြည့် ပြန်လည်စတင်မည် ဖြစ်ပါကြောင်း။

### တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်စတင်

COVID အလွန်ကာလ ခရီးသွားလုပ်ငန်းများသည် ယခင်နှင့်မတူဘဲ ပြောင်းလဲသွားမည်ဖြစ်ပါကြောင်း၊ New Normal ဆိုသည့် အခြေအနေသစ်တွင် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကို မထိခိုက်စေဘဲ ခရီးသွားလုပ်ငန်းကို တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်စတင်သွားရန် ဝန်ကြီးဌာနက ချမှတ်ထားသည့် လမ်းညွှန်မြေပုံနှင့်အညီ ခရီးသွားလုပ်ငန်း အသင်းအဖွဲ့များနှင့် နီးနီးကပ်ကပ် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသည့် တာဝန်ရှိသူများ၏ Reopening အပိုင်းတွင် ပါဝင်သည့် SOP များကို အကောင်အထည်ဖော်လိုက်နာနိုင်ရန်နှင့် ပတ်သက်၍ လုပ်ငန်းရှင်များနှင့် ခရီးသည်များအနေဖြင့် မည်သို့ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မည်နှင့် မည်သို့အရေးကြီးသည် ဆိုသည့် မေးခွန်း၊ ကိုဗစ်-၁၉ ကာလ အလွန် ခရီးသွားဧည့်သည်များ ပြန်လည်ဝင်ရောက်လာမည့်အချိန်တွင် ရောဂါကူးစက်မှုထိန်းချုပ်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် မည်သို့ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုသည့်မေးခွန်း၊ လက်ရှိအချိန်တွင် ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွင်းရှိ လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများအတွက် ဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ပံ့ပိုးဆောင်ရွက်နေသည်ကို သိရှိလိုသည့် မေးခွန်းနှင့် ကိုဗစ်-၁၉ အလွန်တွင် Tourism Road Map နှင့် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ သိရှိလိုသည့် မေးခွန်းတို့အပေါ် ဒုတိယဝန်ကြီး ဦးတင်လတ်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်တို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**သတင်းစဉ်**

# JMC-U နှင့် JPF နှစ်ဖက်ကိုယ်စားလှယ်များ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၉**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) နှင့် ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေ (Joint Peace Fund – JPF) အဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့တွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ NRPC ခန်းမတွင် အစည်းအဝေး ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါအစည်းအဝေးတွင် မေ ၁၉ ရက်က အွန်လိုင်း Video Conferencing ဖြင့် ပြုလုပ်ခဲ့သည့် အစည်းအဝေး၏ နောက်ဆက်တွဲဖြစ်ပြီး ယခင်အစည်းအဝေးထက် ပိုမိုအသေးစိတ် ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။



ကနဦးတွင် လက်ရှိ JPF ၏ ဒုတိယဥက္ကဋ္ဌ ဖြစ်ပြီး မကြာမီ ဥက္ကဋ္ဌတာဝန် လွှဲပြောင်းရယူမည်ဖြစ်သည့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Tim Enderlin က လက်ရှိဖြစ်ပေါ်တိုးတက်နေသည့် မြန်မာ့ငြိမ်းချမ်းရေးဆိုင်ရာ ဖြစ်စဉ်များနှင့် ပတ်သက်ပြီး ၎င်း၏အမြင်ကို တင်ပြဆွေးနွေးကာ သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

JMC-U ၏ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာကိစ္စများ၊ ကိုဗစ်-၁၉ အလွန်ကာလတွင် ပြန်လည်ကျင်းပမည့် ဆွေးနွေးပွဲများနှင့် ဖြစ်ပေါ်တိုးတက်လာနိုင်သည့် အခြေအနေများကို အသေးစိတ်ပြန်လည်ဆွေးနွေးခဲ့ပြီး သံအမတ်ကြီး၏ သိလိုသည်များကိုပါ တစ်ပါတည်း ရှင်းပြခဲ့သည်။

ဆက်လက်ပြီး JMC-U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရ်က ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ အခြေအနေများနှင့် ၎င်း၏သုံးသပ်ချက်ကို အသေးစိတ်တင်ပြဆွေးနွေးခဲ့ရာ မူဝါဒဆိုင်ရာကိစ္စများ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကိုလည်း ရှင်းလင်းပြောကြားသည်။

ထို့နောက် JMC-U ကော်မတီဝင် အရပ်သားကိုယ်စားလှယ် ဦးမောင်မောင်ငြိမ်း က JMC မှ အကောင်အထည်ဖော်ရန် လျာထားသည့် ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM) များ ထားရှိခြင်းနှင့် ပတ်သက်၍ ကျင့်သုံးမည့်နည်းနာများ၊ ပို့ချမည့်သင်တန်းလက်စွဲများ စသည်တို့ကို အနှစ်ချုပ် ရှင်းလင်းတင်ပြခဲ့ပြီး JPF ညွှန်ကြားရေးမှူး Mr. Paul F. Randolph က ဖြည့်စွက်တင်ပြဆွေးနွေးသည်။

အစည်းအဝေးသို့ JMC-U ဘက်မှ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဥက္ကဋ္ဌ(၂) သိက္ခာတော်ရဆရာတော် စောမက်သယူးအေး၊ အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရ်၊ အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်၊ ကော်မတီဝင် အရပ်သားကိုယ်စားလှယ် ဦးမောင်မောင်ငြိမ်းနှင့် နည်းပညာအထောက်အကူပြုရုံးအဖွဲ့မှ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး ဦးစိန်ထွန်းလှတို့ တက်ရောက်ပြီး JPF ဘက်မှ ဒုတိယဥက္ကဋ္ဌ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Tim Enderlin၊ JPF Technical Secretariat Director, Mr. Paul F. Randolph၊ ဆွစ်ဇာလန်သံရုံးမှ Peace Advisor, Mr. Thomas Meier-Nidecker နှင့် JPF Technical Secretariat မှ Communication Coordinator, ဒေါ်မိုးမိုးဦးတို့ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ထက်လျှံ**

# ကိုရိုနာဗိုင်းရပ်စ်ရောဂါ ပြန်လည်ထူထောင်ရေးကာလတွင် ကျား/မ ရေးရာအမြင် ပါဝင်ဆောင်ရွက်ရေးအတွက် အာရှ-ပစိဖိတ်နိုင်ငံများ၏ အတွေ့အကြုံဖလှယ်ရေး ဝန်ကြီးအဆင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၉**

UNWOMEN အဖွဲ့က ကျင်းပသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ပြန်လည်ထူထောင်ရေးကာလတွင် ကျား/မရေးရာ အမြင် ပါဝင်ဆောင်ရွက်ရေးအတွက် အာရှ-ပစိဖိတ်နိုင်ငံများ၏ အတွေ့အကြုံဖလှယ်ရေးဝန်ကြီးအဆင့် စကားဝိုင်းဆွေးနွေးပွဲ (Virtual Ministerial Roundtable) ကို ယနေ့ ထိုင်းစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပါဝင်တက်ရောက်သည်။ **(ယာပုံ)**




အဆိုပါဝန်ကြီးအဆင့် စကားဝိုင်းဆွေးနွေးပွဲကို Video Conferencing ဖြင့် ဆောင်ရွက်ရာတွင် ဩစတြေးလျ၊ ဖီဂျီ၊ ကမ္ဘောဒီးယား၊ ဂျပန်၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ အမျိုးသမီးအရေး ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှုတွင် ကျား-မရေးရာ နယ်ပယ်အား အလေးထားဆောင်ရွက်ကြမှုအခြေအနေများကိုလည်းကောင်း၊ အာရှနှင့် ပစိဖိတ်ဒေသတွင်း နိုင်ငံတော်အဆင့်အတွေ့အကြုံများ၊ ဆန်းသစ်ဆောင်ရွက်မှု အလေ့အထများကိုလည်းကောင်း မျှဝေခဲ့ကြသည်။

**ဝန်ဆောင်မှု ဆောင်ရွက်ပေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအား တိုင်ကြားနိုင်ရန် ၂၄ နာရီ Help line ဝန်ဆောင်မှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ၂၀၁၆ ခုနှစ်မှ စတင်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်တွင်လည်း အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် အိမ်တွင်းအကြမ်းဖက်မှုများနှင့် ပတ်သက်၍ Mobile Hot lines ဝန်ဆောင်မှုများ ဆောင်ရွက်ရန် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အထူးသင်တန်းများ ပေး၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်ဒေသနေ အမျိုးသမီးများနှင့် အိမ်နီးချင်းနိုင်ငံများမှ ပြန်လည်ရောက်ရှိလာကြသော ရွှေ့ပြောင်းလုပ်သားအမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ရေးကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များနှင့် ညှိနှိုင်းဆောင်ရွက်နေမှုများ၊ IDP စခန်းများနှင့် ယာယီခိုလှုံရာစခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းကို စီမံချက်ရေးဆွဲ၍ ထိခိုက်လွယ်အုပ်စုများဖြစ်သည့် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းများအတွက် အထူးပံ့ပိုးကူညီ ဆောင်ရွက်လျက် ရှိကြောင်း၊ အသွားအလာကန့်သတ်နေရာများဖြစ်သည့် Quarantine Centers များတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ပံ့ပိုးမှုများနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့မှုများကို ပေးအပ်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာတွင် လူမှုကာကွယ်စောင့်ရှောက်ရေး စီမံချက်များကို တိုးချဲ့ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအား ငွေကြေးထောက်ပံ့ခြင်းနှင့် သက်ကြီးရွယ်အို ပင်စင်ဆိုင်ရာစီမံချက်များကို ကိုဗစ်-၁၉ ကာလအတွက် အထူးတိုးမြှင့်ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်လျက်ရှိကြောင်း ဆွေးနွေးသည်။

**ကြုံတွေ့ရသည့်အခက်အခဲများ ဆွေးနွေး**

စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အာရှနှင့်ပစိဖိတ်ဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများကလည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် ကာလအတွင်း အမျိုးသမီးများ တွေ့ကြုံရသည့် စီးပွားရေးနှင့်လူမှုရေး အကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်း၍ မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်မှု၊ ရွှေ့ပြောင်းအမျိုးသမီး အလုပ်သမားများအတွက် အခွန်ကင်းလွတ်ခွင့်များနှင့် အမျိုးသမီးအလုပ်သမားများအတွက် Cash for Work အစီအစဉ်များ၊ အမျိုးသမီးများအပါအဝင် ဘေးဖယ်ခံထားရသည့် လူမှုအသိုက်အဝန်းများအတွက် ပံ့ပိုးမှု၊ နှစ်သိမ့်ဆွေးနွေးဆောင်ရွက်ပေးမှုများ အစရှိသည့် ၎င်းတို့နိုင်ငံအလိုက် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ၊ အကောင်အထည်ဖော် ဆောင်ရွက်မှုလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

နိဂုံးချုပ်အနေဖြင့် UNWOMEN မှ Deputy Executive Director, Ms. Anita Bhatia က ဒေသတွင်းနိုင်ငံများအနေဖြင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အရင်းအမြစ်များ စုစည်းဖော်ဆောင်ရန် ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ဆောင်ရွက်ရာတွင် ကျား-မ တန်းတူညီမျှရေးကိုလည်း ချိတ်ဆက်ဆောင်ရွက်ရန်၊ နိုင်ငံအလိုက်မူဝါဒများ၊ အစီအမံများ ချမှတ်အကောင်အထည်ဖော်ရာတွင် ကျား-မရေးရာ ရှုထောင့်ကိုလည်း မူဝါဒအားလုံးတွင် လွှမ်းခြုံပါဝင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့်ကာလအတွင်း ကျား-မ ရေးရာအချက်အလက်များ ကောက်ယူရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၂) ကြိမ်မြောက် အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန၏ ဦးဆောင်လမ်းညွှန်ကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၉**

အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန (ARMAC) ၏ Steering Committee ဝင်များဖြစ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညဏ်မြင့်အောင်၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ အရာရှိကြီးတစ်ဦးနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံမှူး ဒေါ်သင်းပျံ့သီတာကျော်တို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန (ARMAC)မှ ဦးစီးကျင်းပသည့် (၁၂) ကြိမ်မြောက် အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန၏ ဦးဆောင်လမ်းညွှန်ကော်မတီ Video Conferencing အစည်းအဝေးသို့ နေပြည်တော်မှ ပါဝင်တက်ရောက်သည်။ **(ယာပုံ)**






အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံမှူး ဒေါ်သင်းပျံ့သီတာကျော်က မြန်မာနိုင်ငံအနေဖြင့် ARMAC Fund သို့ နှစ်စဉ်စေတနာအလျောက် ရန်ပုံငွေ USD 10000 အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စ၍ ထည့်ဝင်ခဲ့ပါကြောင်း၊ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်လည်း USD 10000 အား ဇွန်လအတွင်း ထပ်မံထည့်ဝင်သွားမည်ဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဦးဆောင်လမ်းညွှန်ကော်မတီဝင် ကိုယ်စားလှယ်များ၊ အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန (ASEAN Regional Mine Action Center) မှ Mr. Ly Panharith (Executive Director, ARMAC)နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သီပေါ နမ့်လန်ဒေသ၌ ရေလျှံမှုများမဖြစ်ပေါ်ရေး ကျောက်လိုင်နင်စီခြင်းနှင့် မြက်စိုက်ပျိုးခြင်းဆောင်ရွက်

**သီပေါ ဇွန် ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်ဒေသတွင် ၂၀၁၈ ခုနှစ် ဇွန်လက မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေများနှင့် ချောင်းရေလျှံမှုတို့ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် စည်ပင်သာယာဈေးကြီးတို့တွင် ရေနစ်မြုပ် ပျက်စီးခဲ့သည်။



ထိုသို့ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နမ့်လန်ဒေသ ရေဘေးကာကွယ်ရန်အတွက် တင်ဒါအောင်မြင်သော ခိုင်ခိုင်ညီဝင်းကုမ္ပဏီက တာဝန်ယူပြီး နမ့်လန်ကျေးရွာ၌ အရှည်ပေ ၁၁၀၀၊ အနံ ရှစ်ပေရှိ ကျောက်လိုင်နင် ရေတားတာပေါင်ကို ငွေကျပ် ၉၉၈ သိန်း အကုန်ကျခံ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင်၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွဋ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးစိုင်းထွန်းအေး၊ နမ့်လန်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများက ယနေ့နံနက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

နမ့်လန်ဒေသခံ ပြည်သူများနှင့် တောင်သူများက ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ကျောက်လိုင်နင်စီ ရေတားတာပေါင် တည်ဆောက်ပေးသဖြင့် ဝမ်းမြောက်လျက်ရှိကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၉**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

# တောင်ငူမြို့ ၅၂ မြို့ (အပိုင်း-၃)

သောင်းကေတု

### ဝါးနွယ်ကုန်း(လယ်ဝေး)

လယ်ဝေးမြို့သည် ပျဉ်းမနားမြို့၏ တောင်ဘက် ၁၀ မိုင်အကွာတွင် တည်ရှိသည်။

ငနွယ်ကုန်းဟုလည်းခေါ်သည်။ တောင်ငူမင်းကြီးညို ရေလွှဲငါးခရိုင်ကို တိုက်ခိုက်သိမ်းယူသည့် အချိန်မှစ၍ တောင်ငူပိုင်နက်နယ်မြေဖြစ်လာသည်။ ကုန်းဘောင်ခေတ်တွင် တောင်ငူမြို့ ၅၂ မြို့တွင် ပါဝင်သည်။ လယ်ဝေးအနောက်ဘက်ရှိ ဆင်အုံကန်တော်ကြီး ကျိုးပေါက်သဖြင့် ဆည်ဖို့ရင်းငနွယ်ကုန်းသူကြီးသမီးကို တွေ့မြင်နှစ်သက်သဖြင့် မင်းကြီးညိုက ကောက်ယူမိဖုရားမြှောက်ခဲ့သည်။ ထိုမိဖုရားမှ သားတော် "တပင်ရွှေထီး" ကို ၈၇၈ ခုနှစ်တွင်ဖွားမြင်သည်။ မင်းတရားရွှေထီးနားတော်သွင်းချင်းတွင် မင်းကြီးညို၏ သူရသတ္တိကို ဖွဲ့ဆိုရာတွင် 'အပွဲပွဲလျှင်၊ ရေလွှဲတိုင်းခွင်၊ နွယ်ကုံးတွင်တုံ၊ မြင်းဆင်အများ၊ မြို့တွင်းသားတို့၊ ထောင်ထားအပုံ၊ ကြိုဆီးတုံက၊ ကိုယ်ယုံမန္တ၊ စီးချင်နွံက၊ ချုံချုံတယောက်၊ ထိုးသတ်မြောက်သော်၊ ပြိုင်ထောက် မဝံ့' ဟုရေးသားဖွဲ့ဆိုပါသည်။

"ဘိုးတော်ဘုရားလက်ထက်" တောင်ငူမြို့စစ်တမ်းတွင် ၁၁၄၆ ခုနှစ် ကဆုန်လဆန်း (၃)ရက်နေ့ ဝါးနွယ်ကုံးမင်းမကြီးလေးအဝှန်း ငမြတ်သူက ထွက်ဆိုရာတွင် ဝါးနွယ်ဂုံမင်းမကြီးလေးစုကို ကျွန်တော်ဘိုးငကျော်မျိုးဝှန်းကြီးသည်။ မရှိလျှင်သား ငခိုင်မျိုး၊ မရှိလျှင်သား ကျွန်တော်ကြီးစိုးသည်။ နယ်မြေ အကျယ်အဝန်းမှာ အရှေ့ကို(၃)တိုင်ကွာ တောင်ချည်လှေပဲ့ပြားထိ တဖက်ဝက္ကမူမြေနှင့် ကြောခိုင်း၊အရှေ့တောင်ကို (၃)တိုင်(၅၀၀) တွင်းကွာ နတ်ရေတွင်းထိ တဖက်တောင်ဝင်းမြေနှင့် ကြောခိုင်း၊ တောင်ကို- (၁)တိုင် (၅၀၀)တွင်းကွာ ကြာဘက်တောင်ထိ တဖက်သာဂရမြေနှင့်ကြောခိုင်း၊ အနောက်ကို(၂)တိုင် (၅၀၀) တွင်းကွာ ဘီလူးကျွန်းတိုင်ထိ တဖက်ဖြူးမြို့မြေနှင့် ကြောခိုင်း (ဖြူးမြို့ကို မင်းပြင်ဟု ပြောင်းလဲခေါ်ဝေါ်သည်။)၊ အနောက်ကို (၅) တိုင်ကွာ ကုန်းခေါင်ရိုးမထိ၊ တဖက်တောင်တွင်းမြေနှင့် ကြောခိုင်း၊ မြောက်ကို (၃)တိုင် (၅၀၀)တွင်းကွာ ညောင်ခြေထောက် ကျောက်တန်းရေလွှဲထိ တစ်ဖက်ကြက်သားမြို့မြေနှင့်ကြောခိုင်း၊ အရှေ့မြောက်ကို (၂) တိုင် (၅၀၀)တွင်းကွာ စရစ်တောင်မြောင်းအထိ၊ တစ်ဖက်ရန်အောင်မြို့မြေနှင့်ကြောခိုင်း ဤနယ် ၈ ရပ်အတွင်း လေးတပ်သားတို့ကို အခွန်မခံရ၊ အသည်အလာ ဝင်နေကပွါးတို့ကို ကွဲတစ်ရှဉ်းလျှင် အခွန်စပါး(၁၀)တင်း၊ မင်းမှုမင်းခင်းပေါ်ထွက်သည်များမှာ၊ နယ်တွင်းနေ လေးတပ်သားတို့နှင့် ခန့်ထားစီရင်၍ တောင်ငူမြို့ ရုံးတော်က ခန့်ထားရာ နာခံထမ်းရွက်ရသည်။

အလောင်းစည်သူမင်းကြီး တည်ထားခဲ့သော ဖောင်တော်ချက်မဘုရားကြီးမှာ ထင်ရှားသောစေတီတစ်ဆူဖြစ်သည်။ လော၊ ဇေယျာသိန်၊ ဝက္ကမူ၊ ကူသပိတ်၊ ရန်အောင်မြင်မြို့ဟောင်းတို့မှာ လယ်ဝေးမြို့နယ်အတွင်းတွင် တည်ရှိသည်။ ပုလွေးချောင်း(ရုံးပင်ချောင်း) အတွင်းမှ ရှေးခေတ်သစ်လုံးထွင်းလှေကြီးများ မကြာခဏတွေ့ရသည်။ အလျားပေ ၆၀ ခန့်ရှည်သော သက်န်းသားဖြင့်ပြုလုပ်ထားသည့် လှေကြီးများ ချောင်းကမ်းပြိုရာမှ ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။



ကြက်သားမြို့ဟောင်းရှိ ကြက်စမြို့စေတီကို ဖူးတွေ့ရစဉ်။

### ကြက်သားမြို့

မြို့အမည်ကို ကြားကတည်းကပင် စိတ်ဝင်တစားသိချင်မိသည်။ အမျိုးသမီးပြည်စိုးမ(သူကြီးမ) များ အုပ်ချုပ်မှုကလည်း ထူးခြားသည်။ တောင်ငူစစ်တမ်းတွင် ကြက်သား(လယ်မ)ကို အုပ်ချုပ်သော ပြည်စိုးမမိချင်း၏ လင်ငကြံဘော်က အောက်ပါအတိုင်းထွက်ဆိုပါသည်-

မိချင်း၏ဘေးမ မိသီးဦးကြီးစိုးစီရင်သည်။ သူမရှိလျှင် သမီးမိနဲကြီး၊ မရှိလျှင် သမီး မိထွေးတုတ်၊ သူအိုမင်းမစွမ်းလျှင် သမီးမိချင်းအုပ်ချုပ်သည်။ ကြက်သားမြို့၏ နယ်နိမိတ်မှာ အရှေ့ကို(၃)တိုင်ကွာ စက်စက်ယိုချောင်းအထိ တဘက်ပြကောင်းမြေနှင့်ကြောခိုင်း၊ အရှေ့တောင်ကို (၆)တိုင်ကွာ မည် ဂကျွဲတဲဆိပ်ထိ တဘက်ရန်အောင်မြင်မြေနှင့် ကြောခိုင်း၊ အနောက်တောင်ကို(၇)တိုင်ကွာ အိုင်ဝန်း (ပလွေး)ချောင်း အနောက်ဘက် ကုန်းခေါင်ရိုးမအထိ တဘက်တောင်တွင်းကြီး မြေနှင့် ကြောခိုင်း၊ အနောက်ကို (၇)တိုင်ကွာ သက်ကယ်မမြောက် ကျောက်စည်ကျောက်ခွက်အထိ တဘက်တောင်ညိုမြေနှင့်ကြောခိုင်း၊ မြောက်ကို(၁) တိုင်ကွာချောင်းဂအထိ၊ တဘက်တောင်ညိုမြေနှင့်ကြောခိုင်း၊ အရှေ့ မြောက်ကို(၄)တိုင်ကွာ ကျောက်စရစ်ကုန်းချောင်းနှစ်မြွာ၊ မတ်ဆိုလေးခံကျင်းအထိ တောင်ညိုမြေနှင့် ကြောခိုင်း၊ နယ် (၈)ရပ်အတွင်းလုပ်ဆောင်သူတို့မှာ လေးသားတို့ကို အခွန်မခံရ၊ အသည်၊ အလာ၊ ဝင်နေကပွါးတို့ကို ကျွဲတရှဉ်းလျှင် အခွန်စပါး(၁၀)တင်း၊ တရားကွမ်းဘိုးအကောက်အစားတို့ကို တောင်ငူမြို့ရုံးတော်ဝန်ဆက်သွင်းရသည်။

မင်းမှုမင်းခင်းစစ်လက်နက်ကို ပေါ်ထွက်သည်များကို နယ်တွင်းနေ လေးသားတို့နှင့်အသည်အလာ ဝင်နေကပွါးသားတို့ကိုစီရင်၍ တောင်ငူမြို့ခန့်ထားရာ နာခံထမ်းရွက်ရကြောင်း ထွက်ဆိုပါသည်။ ကြက်သားမြို့နှင့် ပတ်သက်၍ ဆရာပွား တည်းဖြတ်သော တောင်ငူရာဇဝင်တွင် မင်းကြီးညို ရေလွှဲ(၅)ခရိုင်ကို သိမ်းယူစဉ်က "ကြက်သားစား" တို့ တသားတမြေး ကျွန်တော်ခံလာကြသည်ဟု ရေးသားဖော်ပြထားသည်။ အောက်ခြေ မှတ်စုတွင်လည်း "ကြက်သားစား" ဆိုသည်မှာ ပျဉ်းမနားမြို့အရှေ့ပေါင်းလောင်းမြစ်အရှေ့တောင်ရိုးအတွင်းရှိသော ထိန်ပြောင်ငွေတောင်တို့ဖြစ်သည်။ ယမန်နှစ်က တောင်ငူမြို့စစ်တမ်း (၁၁၄၆) ကို ဖတ်ရသောအခါမှ ထိုအဆိုမှားနေကြောင်း သိရသည်။ တောင်ငူစစ်တမ်းအရ ကြက်သားလယ်မမြို့သည် ပျဉ်းမနား၏ အနောက်ဘက်ရန်အောင်မြင် လယ်ဝေးတို့မြောက်ဘက်၊ တောင်ညို၏အရှေ့ဘက်၊ ရွှေမြို့၏ တောင်ဘက်တွင်ရှိကြောင်းဖော်ပြထားသည်။ ၂၀၁၉ ခုနှစ်က နေပြည်တော်တစ်ဝိုက်တွင် စုံစမ်းမေးမြန်းကြည့်ရာ ဒေသခံများက ကြက်သမြို့ (သို့မဟုတ်) ကြက်စမြို့ဟု ခေါ်ကြောင်း သိရ၏။ ဒေသသမိုင်းတွင် ကြက်ပြေး (ယခုကြပ်ပြေးဟုခေါ်နေကြ၏) တောင်တီးကြက်ပြန်ပြေး (ပြန်ကပြေး)ဟု ဘုရားအလောင်းကြက်မင်းနှင့် ဆက်စပ်နေသောအစဉ်အလာသမိုင်းကိုပြောကြ၏။ မိတ်ဆွေတစ်ဦးက ကြက်စမြို့ ကျောင်းကို လိုက်ပို့၏။ နေပြည်တော် ရွှေကြာပင်ရပ်ကွက်တွင် ရှိသည်။ ဆရာတော်ကြီးမှာ အသက် ၉၀ ခန့်ရှိ၏။ မူလနေရာတွင် ဘုရားတစ်ဆူကျန်ခဲ့ကြောင်း ပြောသည်နှင့် ထိုနေရာသို့ သွားပါသည်။ ထိုစဉ်က ခြံစည်းရိုးကာရံပြီး သော့ခတ်၍ အပြင်မှသာ ဖူးခဲ့ရသည်။

ဉာဏ်တော် ၁၈ တောင်ခန့် အသစ်ပြင်ဆင်ထားသော စေတီတစ်ဆူဖြစ်သည်။ ပြည်ကြီးဇေယျာ လမ်းအတိုင်း ဝင်သွားပါက FDA ရုံးအဝင်လမ်း၏ မြောက်ဘက်ကတောအုပ်အတွင်းတွင် တည်ရှိပါသည်။ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်များတွင် ဤဒေသမှ လေးတပ်သားများအဖြစ် အမှုထမ်းသူများ၊ ကင်းစခန်းများတွင် ကင်းတပ်သားများအဖြစ် အမှုထမ်းများကို အခွန်ကင်းလွတ်ခွင့်ပေးပြီး စစ်ရေးပေါ်ပေါက်ပါက တောင်ငူမြို့ဝန်၏ စီမံခန့်ခွဲသည့်အတိုင်း တာဝန်ထမ်းရကြောင်း သိရပါသည်။

### နင်းကြမ်းမြို့(ပျဉ်းမနား)

ရေလွှဲငါးခရိုင်တွင်ပါဝင်သည့် ငါးလိုက်ချောင်းနင်းကြမ်း(တံတား)ကို အစွဲပြု၍ နင်းကြမ်းဟုခေါ်သည်။ သက္ကရာဇ် ၆၆၆ ခုနှစ်တွင် ရှမ်းကန်တောင်ဘက်ကုန်းပေါ်တွင် စေတီကိုးဆူကို တည်ထားပြီး နင်းကြမ်းမြို့ကို တည်သည်။ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်အထိ နင်းကြမ်းဟုပင် ခေါ်သည်။ သာယာဝတီမင်းလက်ထက်တွင် နင်းကြမ်းကိုမြို့အဖြစ် သတ်မှတ်သည်။ ၁၈၅၂ ခုနှစ် ဒုတိယအင်္ဂလိပ်- မြန်မာစစ်ပွဲတွင်ရေနီအထိ အင်္ဂလိပ်သိမ်းယူသဖြင့် တောင်ငူ ၅၂ မြို့အနက် ၁၂ မြို့သာ မြန်မာဘုရင်ပိုင် ပိုင်နက်တွင်ကျန်ခဲ့သည်။

ထိုနယ်များမှာ (၁)တောင်ညို၊ (၂) ဝါးနွယ်ကုန်း (လယ်ဝေး)၊ (၃)မင်းပြင်၊ (၄)ရန်အောင်မြင်၊ (၅) ဝက္ကမူ၊ (၆)သစ်တပ်တောင်ဝင်း၊ (၇)ဇေယျာသိမ် (ဇလော)၊ (၈) ရွှေမြို့၊ (၉)နင်းကြမ်း (ပျဉ်းမနား)၊ (၁၀)ပျဉ်းမနား (လမ်းပျဉ်းမနား)၊ (၁၁) ပြကောင်း (ကျည်တောင်ကန်အနီး)၊ (၁၂)ကျည်တောင် (ခေါ်မ)တို့ဖြစ်သည်။ ထိုနယ်ကျန် ၁၂ မြို့ကို တောင်ငူ ရမည်းသင်း(၂)မြို့ဝန်ကအုပ်ချုပ်သည်။ ၁၂၃၄ ခုနှစ်တွင် ဆင်ဝန်ဦးဖိုးမောင်က မင်းတုန်းမင်း၏ အမိန့်ဖြင့် လောကမာရဇိန်စေတီတော်ကိုတည်သည်။ သီပေါမင်းလက်ထက် ၁၂၄၅ ခုနှစ်တွင် လက်ဝဲဝင်းတော်မှူး မြင်းစုကြီးဝန်မင်းနှင့် မြို့လူထုကလောကရန်နိုမ်စေတီကိုတည်သည်။ ၁၈၈၅ ခုနှစ်တွင် ရေနီအရှေ့ဘက်ရှိ သစ်ကြိုပ်ကြီး သစ်တောတွင် သစ်ထုတ်နေသော ဘုံဘေဘားမားသစ်ကုမ္ပဏီက ကျွန်းသစ်လုံးရေ ၅၆၀၀၀ ကျော်ကို ခိုးထုတ်သည်။ ထိုအမှုကို အကြောင်းပြု၍ တတိယအင်္ဂလိပ် -မြန်မာစစ်ပွဲဖြစ်ပွားကာ တစ်ပြည်လုံးကိုသိမ်းယူခဲ့သည်။ ၁၈၈၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် တောင်ငူမှ ချီတက်လာကာဒီဇင်ဘာလ ၃ ရက်နေ့တွင် နင်းကြမ်းမြို့ကို သိမ်းယူသည်။ *စာမျက်နှာ ၇ သို့*

**" ၁၈၈၅ ခုနှစ်တွင် တောင်ငူမှ မန္တလေးသို့ မီးရထားလမ်းဖောက်လုပ်သည်။ ၁၈၈၈ ခုနှစ် မေလ ၁ ရက်နေ့တွင် တောင်ငူ၊ ပျဉ်းမနား ရထားလမ်းပိုင်းဖွင့်လှစ်သည်။ ၁၈၈၉ ခုနှစ်တွင် ရန်ကုန်၊ မန္တလေးလမ်းဖွင့်သည်။ ကြေးနန်းရိုက်ရာတွင် မြင်းခြံနှင့်နင်းကြမ်း မကြာခဏ မှားယွင်းသဖြင့် နင်းကြမ်းကို ပျဉ်းမနားဟု အမည်ပြောင်းခဲ့"**



ဆင်အုံကန်တော်ကြီး(လယ်ဝေးမြို့)။

# ကိုဗစ်-၁၉ ကာလအတွင်း လပွတ္တာမြို့နယ်၏ ရေထွက်ပစ္စည်းများ(ကဏန်း) တင်ပို့မှုလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်



လပွတ္တာ ဇွန် ၉

**ဇွန် ၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်အတွင်းရှိ ရေထွက်ပစ္စည်း(ကဏန်း) ဝယ်ယူစုဆောင်းတင်ပို့ရောင်းချသည့်လုပ်ငန်းများ အရှိန်အဟုန်မပျက်စေရေးအတွက် လပွတ္တာခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝါဝါသိန်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးထွန်းဝင်းအောင်နှင့် ဝန်ထမ်းများနှင့်အတူ ကဏန်းအဝယ်ဒိုင်များသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။**

လပွတ္တာမြို့နယ်အတွင်းရှိ ရေထွက်ပစ္စည်း(ကဏန်း) ဝယ်ယူစုဆောင်းတင်ပို့ရောင်းချသည့်လုပ်ငန်း လုပ်ကိုင်သူ ၁၃၂ ဦး ရှိကြောင်း၊ ယခင်နှစ် တင်ပို့ရောင်းချမှု တန်ချိန် ၉၆၅၀ ရှိကြောင်း၊ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဇန်နဝါရီလမှစ၍ အဝယ်ဈေးကွက်မရှိသည့်အတွက် လုပ်ငန်းများရပ်ဆိုင်းခဲ့ရကြောင်း၊ လုပ်ငန်းများရပ်ဆိုင်းခဲ့ရသည့်အတွက် ကဏန်းဖမ်းဆီးရှာဖွေသည့် ရေလုပ်သားများ စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့ခဲ့ရသလို အဝယ်ဒိုင်များလည်း လုပ်ငန်းများ အဆင်မပြေမှုများစွာကြုံတွေ့ခဲ့ရကြောင်း၊ မေလအတွင်း အဝယ်အနည်းငယ်ရှိသော်လည်း ကဏန်းကုန်တက်မှာ ယခင်နှစ်များထက် လျော့နည်းနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

ငါးလုပ်ငန်းဦးစီးဌာန ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ အဆိုပါရေထွက်ပစ္စည်း(ကဏန်း) ဝယ်ယူစုဆောင်းတင်ပို့ရောင်းချသည့်ဒိုင်များအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သော အသိပညာပေးထုတ်ပြန်ချက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရေး၊ ဌာနမှ သတ်မှတ်ထားသော ကဏန်းအရွယ်အစားများနှင့် ကိုက်ညီမှုရှိရေး၊ အရွယ်အစားမပြည့်မီသော ကဏန်းငယ်များအား မဖမ်းဆီးရေး၊ အခက်အခဲများနှင့် ထူးခြားဖြစ်စဉ်များအား ဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်နိုင်ရေး၊ ရေထွက်ပစ္စည်း(ကဏန်း) ဝယ်ယူစုဆောင်းတင်ပို့ရောင်းချသည့် လုပ်ငန်းကုန်စည်စီးဆင်းမှုများ အရှိန်အဟုန်မပျက်စေရေးနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ချမှတ်ထားသည့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားဆောင်ရွက်ခဲ့သည်။

**သတင်းစဉ်**

## မအူပင်မြို့နယ်၌ ကိုဗစ်-၁၉ ကာလအတွင်း ငါးမျိုးများစိုက်ထည့်



မအူပင် ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် တလုပ်လပ် အရှေ့ကျေးရွာရှိ ဝါးတောရေထိန်းတံခါးအနီးတွင် တလုပ်လှငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်း နှစ်လက်မမှ သုံးလက်မ အရွယ်ကောင်ရေ ၅၀၀၀၀ မျိုးစိုက်လွှတ်ခြင်းကို ဇွန် ၈ ရက်က ဆောင်ရွက်ကြောင်း သိရသည်။

မျိုးစိုက်လွှတ်ခြင်းကို မအူပင်ခရိုင် ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ငါးလုပ်ငန်းစခန်းဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဇွန် ၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center ဖုန်းနံပါတ်–(၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

*✻ ကျောဖုံးမှ*

မြန်မာရွှေ့ပြောင်း အလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီ၏ ကြီးကြပ်ညှိနှိုင်းမှုဖြင့် ပြန်လည်ဝင်ရောက်လာခြင်း ဖြစ်သည်။

ပြန်လည် ဝင်ရောက်လာသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်းများက ရောဂါသံသယရှိသူများနှင့် ကူးစက်ခံရသူများ ပါဝင်လာခြင်း ရှိမရှိ၊ မြန်မာနိုင်ငံသား မဟုတ်သူများ ပါဝင်လာခြင်း ရှိမရှိ စစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

ပြန်လည်ဝင်ရောက်လာသူများမှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေထိုင်ကြသူများအား မိမိတို့ နေထိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိမြို့များ အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များရှိ သတ်မှတ်ထားသော အသွားအလာကန့်သတ် စောင့်ကြည့်ရေးစခန်းများတွင် သတ်မှတ် ၂၁ ရက်နှင့် နေအိမ်အသွားအလာ ကန့်သတ်စောင့်ကြည့်မှု ခုနစ်ရက် ထားရှိစောင့်ကြည့်မှု ခံယူကြရမည်ဖြစ်ကြောင်း၊ ကော့သောင်းဒေသခံများကိုမူ ကော့သောင်းမြို့ရှိ အသွားအလာကန့်သတ်ထားသော နေရာများတွင် သတ်မှတ် ၂၁ ရက်နှင့် နေအိမ်အသွားအလာ ကန့်သတ်စောင့်ကြည့်မှု ခုနစ်ရက် ဆက်လက်ထားရှိစောင့်ကြည့်ပြီး Swab နမူနာများအား အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ပြီး ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ဒက္ခိဏသီရိမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း စီမံကိန်းထောက်ပံ့ငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၉**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်း ထောက်ပံ့ငွေဖြင့် ကျေးရွာများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကျေးရွာများတွင် ပါဝင်သည့် ပေါက်တောကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့် နှစ်လက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်း ပေ ၃၀၀၀ သွယ်တန်းခြင်း လုပ်ငန်းများကို မြို့နယ်တာဝန်ခံ ဒေါ်မာမာမြင့်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက အရည်အသွေးပြည့်မီရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဒက္ခိဏသီရိမြို့နယ် အတွင်းရှိ ကျေးရွာများဖြစ်သည့် ငွေးတောက်ရိုး၊ ကျေးစာဥ၊ ရွာမ၊ ရွှေပြည်၊ တောင်ကျောင်းစု၊ ကျားကူး(အနောက်)၊ ချိုင်း၊ ထန်းတပင်၊ တပ်ပိုးနှင့် ပေါက်တော ကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း၊ စီမံကိန်း ထောက်ပံ့ငွေ တစ်ရွာလျှင် ငွေကျပ် ၁၀ သန်းဖြင့် ကျေးလက်ဒေသနေ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဇွန် ၉

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ **မြန်မာ့အလင်း**

*စာမျက်နှာ ၆ မှ*

၁၈၈၅ ခုနှစ်တွင် တောင်ငူမှ မန္တလေးသို့ မီးရထားလမ်းဖောက်လုပ်သည်။ ၁၈၈၈ ခုနှစ် မေလ ၁ ရက်နေ့တွင် တောင်ငူ၊ ပျဉ်းမနားရထားလမ်းပိုင်းဖွင့်လှစ်သည်။ ၁၈၈၉ ခုနှစ်တွင် ရန်ကုန်၊ မန္တလေးလမ်းဖွင့်သည်။ ကြေးနန်းရိုက်ရာတွင် မြင်းခြံနှင့်နင်းကြမ်း မကြာခဏမှားယွင်းသဖြင့် နင်းကြမ်းကို ပျဉ်းမနားဟု အမည်ပြောင်းခဲ့သည်။ မူလ ပျဉ်းမနားကို လမ်းပျဉ်းမနားဟုခေါ်ကြသည်။ ၁၈၈၅ ခုနှစ်တွင် ပျဉ်းမနားကို ခရိုင်အဆင့်ဆင့် သတ်မှတ်သော်လည်း ၁၈၉၄ ခုနှစ်တွင် ရမည်းသင်းခရိုင်အတွင်း ထည့်သွင်းခဲ့သည်။ တောင်ငူစစ်တမ်း ၁၁၄၆ တွင် နင်းကြမ်း၏ ပိုင်နက်အကျယ်အဝန်း သူကြီးအစဉ် အဆက်ဖော်ပြထားခြင်း မရှိပါ။

**မင်းပြင်မြို့**

ပဲခူးရိုးမအတွင်း ပျဉ်းမနားတောင်တွင်းကြီး ရထားလမ်းပေါ်တွင်ရှိသော မင်းပြင်သည်တောင်ငူ ၅၂ မြို့တွင် ပါဝင်သည်။

မူလအမည်ဖြူးမြို့ကို မင်းပြင်သမုတ်၍ ရှေးမင်းတို့ မင်းပြင်လေးဘွဲ့ဘက်သည်။ (လေးတပ်ဖွဲ့သည်)တောင်ငူစစ်တမ်းတွင် မင်းပြင်သူကြီး ငမှတ်ကြီးက အောက်ပါအတိုင်း ထွက်ဆိုသည်- မင်းပြင်သူကြီးရိုးမပေါ်မရှိ၍ ခမည်းတော်ဘုရား (အလောင်းဘုရား) လက်ထက် ကျွန်တော့်ဘေးရွှေဘိုး ရပ်ကွက်တည်ထောင် သိမ်းသွင်းပြုစု၍ ကြီးစိုးစီရင်သည်။ ငရွှေအိုး အိုမင်းမစွမ်းအမှုတော်ကို မဆောင်ရွက်နိုင်၍ ရွှေလက်ထက်တော်တွင် အရာကို လွှဲအပ်လျှင်သား ကျွန်တော်ငမှတ်၊ ကြီးစိုးစီရင်သည် မင်းပြင်နယ်သည်အရှေ့ကို (၄)တိုင်ကွာ သပြေပင်လှအထိ တဘက်ဝါးနွယ် ကုန်းမြေနှင့် ကြောခိုင်း၊ အရှေ့တောင်ကိုတာ (၁၀၀၀) ကွာ မောင်းသုံးဆယ်ချောင်း တောင်ဘက်စရည်းပင်ကြီးအထိ တဘက်တောင်ဝင်းမြေနှင့် ကြောခိုင်း၊ တောင်ကို (၆)တိုင်ကွာ တောင်ခမောက်ရိုမအထိ တဘက်မြေထဲမြေနှင့် ကြောခိုင်း၊ အနောက်ကို (၅)တိုင်ကွာ မယ်စောသုံးပိုင်း ကျားသုံးပိုင်းအထိ တဘက်တောင်တွင်းကြီးမြေ တပ်တော်သာမြေနှင့် ကြောခိုင်း၊ မြောက်ကိုတာ တစ်သောင်းကွာ၊ ပလွေးချောင်းထိ တဘက်တောင်းတွင်းကြီးမြေ၊ တောင်ညိုမြေနှင့် ကြောခိုင်း၊ နယ် (၈) ရပ်အတွင်း ပင်ကမြှောင်ချောင်းဖျား၊ ချောင်းခွဆိုင်ကျေးရွာ သူကြီးအခြားနှင့် စီရင်ပါသည်။

ဤနယ်အတွင်း လေးတပ်သားတို့ကို အခွန်မခံရ ကျန်အသည်အလာ ဝင်နေကပ္ပါးသားတို့မှာ ကျွဲတရှည်းလျှင် အခွန်စပါး ၁၀ တင်း၊ အပေါ်ဝန်အကောက်အစားတရားကွမ်းဘိုး ကောက်စားစီရင်ရသည်များကို တောင်ငူမြို့ ရုံးတော်သို့ ဆက်သွင်းရပါသည်။ စစ်လက်နက်ကိုင် မင်းမှုခင်းပေါ်ထွက်သည်များကို နယ်တွင်းနေ လေးတပ်သားတို့ နှင့် အသည်အလာဝင်နေကပ္ပါးသားတို့ကို စီရင်၍ တောင်ငူမြို့ကခန့်ထားရာ ထမ်းရွက်ရပါသည်။

**ကျမ်းကိုး**

**တောင်ငူသမိုင်း (ဆရာဦးပွားတည်းဖြတ် ၁၉၂၄)**

**တောင်ငူမြို့စစ်တမ်း (၁၁၄၆ ခုနှစ်)**

**ပျဉ်းမနားမြို့ သမိုင်း (ဦးကျော်ငြိမ်း)**

# ကမ္ဘောဇဘဏ်က မြန်မာနိုင်ငံဒေသအသီးသီးရှိ အခြေခံပြည်သူများအတွက် စားနပ်ရိက္ခာများ ဖြန့်ဝေလှူဒါန်း

နေပြည်တော် ဇွန် ၉

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း မြန်မာနိုင်ငံ ဒေသအသီးသီးရှိ အခြေခံပြည်သူများအတွက် ကမ္ဘောဇဘဏ်က စားနပ်ရိက္ခာများနှင့် ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများ ဖြန့်ဝေလှူဒါန်းလျက်ရှိရာ ဇွန် ၈ ရက်က နေပြည်တော်ကောင်စီရုံး၌ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ်ပေါင်း ၁၀၀၀ ကို နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးခင်မောင်လေးထံသို့ ပေးအပ်လှူဒါန်းသည်။ (ယာပုံ)




ထို့အတူ ဇွန် ၆ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၃၀၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ ပေးအပ်လှူဒါန်းခဲ့သည်။ ကမ္ဘောဇဘဏ်သည် နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ အခြေခံပြည်သူများကို ပေးဝေလှူဒါန်းရန်အတွက် ငွေကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ဆန်အိတ်ပေါင်း ၂၀၀၀၀ ကျော်ကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ဧပြီ ၁၃ ရက်က လှူဒါန်းပေးအပ်ခဲ့ပြီး စနစ်တကျ ဖြန့်ဝေလှူဒါန်းခဲ့သည်။

ကူးစက်ရောဂါ ကာကွယ်ကုသရေးအတွက် မြန်မာနိုင်ငံတွင် ရောဂါစတင်မဖြစ်ပွားမီကပင် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ဝယ်ယူနိုင်ရန် ငွေကျပ်သိန်း ၁၀၀၀ ကနဦး မတည်လှူဒါန်းခဲ့ခြင်းနှင့် ငွေကျပ် သိန်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများကို ကုန်းလမ်းသာမက MAI စင်းလုံးငှား လေယာဉ်များဖြင့် သယ်ယူလှူဒါန်းခဲ့သည်။ ကမ္ဘောဇဘဏ်သည် ရှမ်းပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ ငွေကျပ် သိန်း ၁၀၀၀၀ မတည်ကာ အခြေခံပြည်သူများအတွက် ရိက္ခာထုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများအတွက် ရောဂါကာကွယ်ရေးပစ္စည်း ခြောက်မျိုးကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ကမ္ဘောဇဘဏ်လီမိတက်နာယက ဦးအောင်ကိုဝင်းတို့ ဦးဆောင်၍ နေရာအရောက် နေ့စဉ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် စောင့်ကြည့်လူနာများအနက်မှ အခက်အခဲရှိသူများ၏ နေ့စဉ်စားစရိတ်အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရများအား ငွေကျပ်သိန်း ၃၀၀ စီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၉၀၀ ကို လှူဒါန်းခဲ့သည်။ ထို့အတူ ကမ္ဘောဇအာမခံကုမ္ပဏီများဖြစ်သည့် KBZ MS General Insurance နှင့် KBZ Life တို့မှလည်း ငွေကျပ် သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီးများသို့ လှူဒါန်းခဲ့ခြင်း၊ ကမ္ဘောဇဘဏ်နှင့် ပူးပေါင်း၍ သိန်း ၁၀၀၀ မတည်လှူဒါန်းခြင်း၊ ကာတွန်းဇာတ်ကောင်များဖြင့် ရောဂါကာကွယ်၊ ကျန်းမာရေး အသိပညာပေးဆောင်ရွက်မှုများအပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၅၀၀၀ ကို ပါဝင်လှူဒါန်းထားသည်။ ရောဂါရှာဖွေဖော်ထုတ်နိုင်ရေးအတွက် အရေးပေါ်လိုအပ်နေသော ငွေကျပ် သိန်း ၁၂၅၀ တန်ဖိုးရှိ 500 KVA မီးစက်နှင့် ဆက်စပ်ပစ္စည်းများကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုကျော်

# ဆေးသုတေသနဦးစီးဌာနသို့ Irrawaddy Green Towers Ltd မှ 200 KVA မီးစက်၊ ဆက်စပ်ပစ္စည်းများနှင့် ငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၉

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနသို့ Irrawaddy Green Towers Ltd မှ 200 KVA မီးစက်၊ ဆက်စပ်ပစ္စည်းများနှင့် ငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပေးအပ်လှူဒါန်းပွဲတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက အမှာစကားပြောကြားပြီး အလှူရှင် Irrawaddy Green Towers Ltd မှ CEO Mr. David Venn က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ အလှူရှင် Irrawaddy Green Towers Ltdမှ CEO Mr. David Venn နှင့် တာဝန်ရှိသူများက 200 KVA မီးစက်၊ ဆက်စပ်ပစ္စည်းများနှင့် ငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းပြီး(ယာပုံ) ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲတွင် Irrawaddy Green Towers Ltd မှ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနတွင် အသုံးပြုရန် ငွေကျပ် ၄၀၈၃၅၄၀၀ တန်ဖိုးရှိ 200 KVA မီးစက်၊ ဆက်စပ်ပစ္စည်းများနှင့် ဆေးသုတေသနဦးစီးဌာန National COVID-19 Call Centre နှင့် Laboratory Team တို့မှ ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုသောအားဖြင့် အစားအစာနှင့် အထွေထွေကုန်ကျစရိတ်များအတွက် ငွေကျပ် ၁၅ သိန်း လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းသစ်(MNA)၊ ဓာတ်ပုံ-ဇော်မင်းလတ်




# မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မိုးတွင်းကာလ ရေကြီးရေလျှံမှု မဖြစ်စေရေးအတွက် ချောင်းများအတွင်းမှ အမှိုက်၊ နုန်းများဆယ်ယူ

ရန်ကုန် ဇွန် ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မိုးတွင်းကာလ၌ မြို့နယ်အတွင်း ဖြစ်ပွားလေ့ရှိသည့် ရေကြီးရေလျှံမှုများကို ယခုနှစ်တွင် မဖြစ်ပေါ်စေရန်အတွက် ရပ်ကွက်အတွင်းရှိ ချောင်းများအား အမှိုက်များ၊ နုန်းများ ဆယ်ယူခြင်းနှင့် မြေထိန်းနံရံများ ခိုင်ခံ့မှုရှိစေရေးအတွက် မြေဖို့ခြင်းလုပ်ငန်းများအား ယမန်နေ့နံနက် ၈ နာရီမှစတင်ကာ တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်္ဂလာတောင်ညွန့်မြို့နယ်မှ ပုဇွန်တောင်ချောင်းအတွင်းသို့ စီးဝင်ကြသည့် တောင်ညွန့်မီးရထားရပ်ကွက်၊ ဥယျာဉ်ရပ်ကွက်၊ ပုသိမ်ညွန့်ရပ်ကွက်နှင့် စက်ဆန်းရပ်ကွက်တို့ရှိ သစ်မျှောနှင့် မြွေပတုပ်ချောင်းများအတွင်းမှ ချောင်း၊ ဥယျာဉ်ချောင်း၊ သဲဖြူချောင်း အမှိုက်များနှင့် နုန်းအနှစ်များအား



မြေတူးယာဉ် သုံးစီး၊ မြေသယ်ယာဉ်ငါးစီးတို့ဖြင့် သယ်ယူခြင်း၊ မြေထိန်းနံရံ ခိုင်ခံ့စေရန် မြေဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ (ဝဲပုံ)

လုပ်ငန်းများ ဆောင်ရွက်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် We Love Yangon မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး အဆိုပါလုပ်ငန်းများအား ဇွန် ၂၀ ရက်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ချစ်စုဝေ(ပြန်/ဆက်)

# ပြည်ခရိုင်အတွင်းရှိ ရဲမှုထမ်းဟောင်းများအား ရိက္ခာလေးမျိုး ထောက်ပံ့

ပြည် ဇွန် ၉

ပြည်ခရိုင်အတွင်းရှိ ရဲမှုထမ်းဟောင်း ၁၀၀ အတွက် ဒုတိယအကြိမ် ရိက္ခာလေးမျိုး ထောက်ပံ့ပေးအပ်ခြင်းကို ပြည်မြို့ဒေသကွပ်ကဲမှုစစ်ဌာနချုပ် နဝဒေးခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲတွင် ရဲမှုထမ်းဟောင်းတစ်ဦးလျှင် ဆန်လေးပြည်၊ ဆီ ၂၈ ကျပ်သား၊ ပဲ ၄၂ ကျပ်သားနှင့် ဆား ၂၅ ကျပ်သားနှုန်းဖြင့် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး အောင်နိုင်ဦးနှင့် တပ်နယ်အရာရှိကြီးများက ရဲမှုထမ်းဟောင်းများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ရဲမှုထမ်းဟောင်းများအား အမှတ်(၆) ခုတင် (၁၀၀) စစ်ဆေးရုံမှ ဗိုလ်မှူးအောင်စည်ကျော်နှင့် ဆေးတပ်ဖွဲ့က ကျန်းမာရေးစစ်ဆေး ဆောင်ရွက်ပေးနေခြင်းကို လိုက်လံကြည့်ရှုအားပေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရေနံချောင်းမြို့နယ်၌ ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ် ၂၈ လုံး ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့

ရေနံချောင်း ဇွန် ၉

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုများရှိသဖြင့် ဧပြီလ တတိယပတ်မှစတင်ပြီး ဇွန် ၈ ရက်အထိ ကမ်းပြိုသည့်နေရာနှင့် နီးကပ်နေသည့် ကျေးရွာအုပ်စုသုံးအုပ်စုမှ နေအိမ် ၂၈ လုံးကို ကြိုတင်ပြောင်းရွှေ့ထားရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"မြစ်ရေတိုက်စားပြီး ကမ်းပြိုနေတော့ ဧပြီ ၁၉ ရက်ကစတင်ပြီး ကမ်းပြိုတဲ့နေရာနဲ့ ပေ ၅၀၊ ပေ ၁၀၀ ခန့်အကွာအဝေးမှာရှိတဲ့ နေအိမ်တွေ ကြိုတင်ပြောင်းရွှေ့နေတာ ဖြစ်ပါတယ်။ ယခုလ ဇွန် ၈ ရက်အထိ ကျေးရွာအုပ်စုသုံးအုပ်စုက နေအိမ် ၂၈ လုံးကို ကြိုတင်ပြောင်းရွှေ့ပြီးပါပြီ။ ကမ်းပြိုတဲ့နေရာနဲ့နီးမှ ရွှေ့ပြောင်းရင် အချိန်မမီတော့ဘဲ ဘေးအန္တရာယ်ကျရောက်မှာကို စိုးရိမ်လို့ သက်ဆိုင်ရာ ကျေးရွာတွေမှာရှိတဲ့ အမြင့်ပိုင်းမြေနေရာတွေကို သက်ဆိုင်ရာ တာဝန်ရှိသူတွေ၊ ကျေးရွာတာဝန်ခံတွေ၊ ဒေသခံပြည်သူတွေ ပူးပေါင်းပြီး ကြိုတင်ပြောင်းရွှေ့တာတွေ ပြုလုပ်နေတာပါ"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟောက ပြောသည်။

အဆိုပါမြစ်ရေတိုက်စားပြီး ကမ်းပါးပြိုမှုကြောင့် မာန်မြေကျေးရွာအုပ်စု မိန်းမလှကျွန်းကျေးရွာမှ နေအိမ် ခုနစ်လုံး၊ ရွာသာကုန်းကျေးရွာမှ နေအိမ်သုံးလုံး၊ ကျန်းကိုင်ကျွန်းကျေးရွာအုပ်စု ကံသာကျေးရွာမှ နေအိမ် ၁၄ လုံးနှင့် ဝက်လွှတ်ကျေးရွာအုပ်စု လမ်းကူးကျေးရွာမှ နေအိမ် လေးလုံး စုစုပေါင်း နေအိမ် ၂၈ လုံးကို ကြိုတင်ပြောင်းရွှေ့ထားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ပြောင်းရွှေ့နေအိမ် ၁၄ လုံးအတွက် တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် တစ်သိန်းနှင့် လူတစ်ဦးလျှင် ဆန်ရိက္ခာဖိုးငွေကျပ် ၂၁၀၀ ကို တစ်ပတ်စာ ထောက်ပံ့ပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုစိုးကြီး

# ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်ဖန်တီးပေးမည့် Cash For Work စီမံကိန်း အကောင်အထည်ဖော်သွားမည်

**ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်နေပြည်သူများကိုယ်တိုင် ဆောင်ရွက်စေပြီး လုပ်အားခပေးချေပေးမည့် Cash For Work စီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိသည်။ Cash For Work စီမံကိန်းသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်မှုများ လျော့ပါးသက်သာစေရန် အဓိက ရည်ရွယ်လုပ်ဆောင်သွားမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်းလည်း သိရသည်။**



ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

"အဓိကကတော့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် နေ့စဉ်လက်လုပ်လက်စားအဖြစ် ရပ်တည်နေရတဲ့ ကျေးလက်ဒေသနေပြည်သူတွေ အလုပ်အကိုင်ရရှိပြီး ဝင်ငွေရရှိဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် ကျေးလက်ဒေသ အခြေခံအဆောက်အအုံတွေဖွံ့ဖြိုးဖို့ အထောက်အကူဖြစ်စေချင်တယ်။ ဒါကြောင့် ကျေးရွာရဲ့ လိုအပ်ချက်အရ ဆောင်ရွက်သင့်တဲ့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကျေးလက်နေပြည်သူတွေကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေရရှိစေပြီး ကျေးရွာရဲ့ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးလာစေဖို့အတွက် Cash For Work စီမံကိန်းကို ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ပြောကြားသည်။

### စီမံကိန်းလုပ်ငန်းများ စမ်းသပ်

အဆိုပါစီမံကိန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျေးရွာပေါင်း ၃၅၀၀ တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရပြီး ကျေးရွာပေါင်း ၃၅၀၀ တွင် အကောင်အထည်မဖော်မီ လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များကို သိရှိနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုစီမှ ကျေးရွာ တစ်ရွာစီတွင် ရှေ့ပြေးစီမံချက်အဖြစ် စီမံကိန်းလုပ်ငန်းများ စမ်းသပ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ထိခိုက်မှုများကို ကုစားနိုင်ရန်အတွက် နိုင်ငံတော်မှ ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၇ ရက်က COVID-19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID-19 Economic Relief Plan-CERP) ကို ရေးဆွဲထုတ်ပြန်ခဲ့ပြီး အဆိုပါစီမံချက်၏ Action 2.1.7 (D) အရ ကျေးလက်ဒေသများတွင် ကုန်ထုတ်လုပ်မှုနှင့် ကျေးရွာအခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးအထောက်အကူပြု Cash For Work စီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်သည်။

"စီမံကိန်းကို ဇူလိုင်ကနေစပြီး ဆောင်ရွက်ဖို့ စီမံလျာထားတယ်။ စီမံကိန်းကာလက သုံးလကနေ လေးလလောက်အထိ ကြာမှာဖြစ်ပါတယ်။ ဒီကာလအတောအတွင်း ပြီးစီးနိုင်တဲ့ ရေတိုဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုပဲ ရွေးချယ်ဆောင်ရွက်တာ ဖြစ်ပါတယ်။ အထူးသဖြင့် စီမံကိန်းကျေးရွာတွေက လက်လုပ်လက်စားပြည်သူတွေ အလုပ်အကိုင်ရရှိပြီး ဝင်ငွေရရှိဖို့ပါ။ ဒါကြောင့် ရွေးချယ်တဲ့အခါမှာလည်း ကျေးလက်က ထိခိုက်လွယ်ပြည်သူတွေကိုပဲ အဓိက ရွေးချယ်မှာပါ။ လုပ်အားခကို အစိုးရက သတ်မှတ်ထားတဲ့ အနိမ့်ဆုံးလုပ်အားခနဲ့ အခြေခံတွက်ချက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒေသလိုအပ်ချက်အရ ဒေသပေါက်ဈေးနှုန်းနဲ့အညီ တိုးပေးရမယ့်နေရာတွေလည်း ရှိပါတယ်။ ဒါကြောင့် အနိမ့်ဆုံးလုပ်အားခ ၄၈၀၀ နဲ့ ၆၀၀၀ ကြားလို့ သတ်မှတ်ထားပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

### သုံးလအတွင်းပြီးနိုင်သော လုပ်ငန်းများရွေးချယ်

ကျေးရွာတွင်း ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ရေဆိုးရေညစ်များ သန့်စင်ရှင်းလင်းခြင်း၊ ကျေးရွာတွင်းလမ်းခင်းခြင်း၊ တံတားပြုပြင်ခြင်း၊ မြေပြိုဖယ်ရှားခြင်းလုပ်ငန်းများ၊ ရေကန်များ ခြံစည်းရိုးကာရံပြုပြင်ခြင်း၊ ရေတွင်းရေကန်များ တူးဖော်ပြုပြင်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ဆိပ်ခံတံတားများ တည်ဆောက်ပြုပြင်ခြင်း၊ အသေးစားတာတမံများနှင့် ရေသွင်းရေထုတ်မြောင်းများ တည်ဆောက်ပြုပြင်ခြင်း၊ မြေထိန်းနံရံများပြုပြင်ခြင်း၊ ရေကာတမံများပြုပြင်ခြင်း၊ ကျေးရွာပိုင်အားကစားကွင်း တည်ဆောက်ပြုပြင်ခြင်း၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းများ၊ ကျေးရွာခန်းမများ၊ ကျေးရွာဈေးများ ပြုပြင်မွမ်းမံခြင်း၊ ရေဝင်ရေလွှဲနေရာများနှင့် အများပြည်သူပိုင်နေရာများတွင် သစ်ပင်စိုက်ခြင်း စသည့်ကျေးရွာအခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ဒေသ ပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်စေပြီး လုပ်အားခ ပြန်လည်ပေးချေသွားမည်ဖြစ်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် သုံးလအတွင်း ပြီးစီးနိုင်သော လုပ်ငန်းများကိုသာ ဦးစားပေးရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆင်းရဲနွမ်းပါးပြီး အလုပ်လက်မဲ့၊ ကျပန်းအလုပ်သမားများနှင့် ထိခိုက်လွယ်အုပ်စုများသော ကျေးရွာများ၊ ကူးစက်ရောဂါ ဆိုးဝါးစွာ (သို့မဟုတ်) အတော်အသင့်သက်ရောက်မှုရှိသော ကျေးရွာ၊ လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့မှုနှင့် နယ်မြေလုံခြုံ တည်ငြိမ်အေးချမ်းမှုရှိသော ကျေးရွာ၊ ကျေးရွာသူ၊ ကျေးရွာသားများက စိတ်အားထက်သန်မှု၊ စည်းလုံးညီညွတ်မှု၊ တက်ကြွစွာ ဆောင်ရွက်လိုမှုရှိသည့် ကျေးရွာ၊ လူဦးရေစစ်တမ်းအပေါ် အခြေခံ၍ တွက်ချက်ထုတ်ပြန်ထားသော ဖွံ့ဖြိုးရေးလိုအပ်ချက် (Multi-Dimensional Index) များသော ကျေးရွာနှင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သော လုပ်သားများ ပြန်လည်ရောက်ရှိလာသူ ဦးရေများသော ကျေးရွာများကို ဦးစားပေး ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် ဦးစီးဌာနနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (Township Planning And Implementation Committee-TPIC) တို့ တိုင်ပင်ညှိနှိုင်း၍ သတ်မှတ်စံနှုန်းများနှင့်အညီ ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

### ကျေးရွာလူထုကိုယ်တိုင် ပါဝင်နိုင်

"ကျွန်တော်တို့ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေမယ့် လွှတ်တော်ကိုယ်စားလှယ်တွေ၊ သက်ဆိုင်ရာဌာနဆိုင်ရာတွေ၊ ကျေးရွာအဖွဲ့အစည်းတွေ အားလုံးနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ။ လုပ်ငန်းဆောင်ရွက်ရာမှာ လိုက်နာရမယ့် အချက်အလက်တွေကိုလည်း သတ်မှတ်ပြီးသားပါ။ စည်းကမ်းချက်တွေ၊ စံသတ်မှတ်ချက်တွေများနေရင် ကျွန်တော်တို့ ရည်ရွယ်တဲ့ လက်လုပ်လက်စားပြည်သူတွေ ပါဝင်လုပ်ကိုင်ဖို့ အခက်အခဲတွေ ရှိနိုင်တဲ့အတွက် သူတို့ပါဝင်ဆောင်ရွက်နိုင်မယ့် ကာလတိုဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်ဖို့ ရည်မှန်းထားတာဖြစ်ပါတယ်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆိုရာမှာလည်း တည်ဆောက်ရေးလုပ်ငန်းကြီးတွေ မဟုတ်ဘဲ ကာလတိုအတွင်းမှာ ဆောင်ရွက်ပြီးစီးနိုင်ပြီးတော့ နည်းပညာရှုပ်ထွေးခြင်းမရှိတဲ့၊ ကျေးရွာလူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်တဲ့ လုပ်ငန်းတွေပဲ ဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က ပြောပြသည်။

စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာအတွင်း ဖွဲ့စည်းထားရှိသော ကျေးရွာဖွံ့ဖြိုးရေးကော်မတီများက အနီးကပ်ကြီးကြပ်ဆောင်ရွက်စေမည်ဖြစ်ကြောင်းလည်း သိရသည်။

သို့သော် Cash For Work စီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်းရရှိပြီးသော ကျေးရွာများ၊ လက်ရှိဘဏ္ဍာနှစ်တွင် VDP စီမံကိန်းရရှိပြီးသော ကျေးရွာများတွင် ဆောင်ရွက်သွားမည်မဟုတ်ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။ ထို့အတူ ဝန်ကြီးဌာနများမှ ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ထပ်မနေစေရေးအတွက်လည်း စိစစ်ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းဆောင်ရွက်ဖို့ တခြားဖွံ့ဖြိုးရေးစီမံကိန်းရထားပြီး ကျေးရွာတွေရှိတယ်။ လုပ်ငန်းအဆင်ပြေတဲ့ ရွာတွေလည်းရှိတယ်။ ဒါကြောင့် စီမံကိန်းရရှိပြီး၊ အဆင်ပြေပြီး ရွာတွေကို ဦးစားပေး မသတ်မှတ်တော့ဘူး။ လယ်ပိုင်ယာပိုင်ရှိပြီး တတ်နိုင်တဲ့သူတွေကို မစဉ်းစားပေးတော့ဘူး။ စီမံကိန်းကျေးရွာ ၃၅၀၀ ကို တစ်ရွာကို ငွေကျပ် သိန်း ၁၀၀ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ စီမံကိန်းနဲ့ ပတ်သက်တဲ့ အသိပညာပေးလုပ်ငန်းတွေကို ကမ္ဘာ့ဘဏ်ရန်ပုံငွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုမျိုး စီမံကိန်းရွေးချယ်ဆောင်ရွက်မှုနဲ့ ပတ်သက်တာတွေကိုလည်း အသိပညာပေးလုပ်ငန်းတွေ လုပ်သွားမှာပါ" ဟုလည်း ညွှန်ကြားရေးမှူးချုပ်က ဆိုသည်။

### အကြံပြုတိုင်ကြားနိုင်

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စီမံကိန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ဖြစ်ပေါ်လာနိုင်သော အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးနိုင်ရန်အတွက် အကြံပြုတိုင်ကြားနိုင်သည့်စနစ်ကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်သည်။

ပြည်သူများအနေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ သိရှိလိုသည်များ၊ အကြံပြုတိုင်ကြားလိုသည်များရှိပါက ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့် ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များကို စီမံကိန်းရွေးချယ်ဆောင်ရွက်မည့် ကျေးရွာများတွင် အသိပေးကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဇော်၊ ဟန်နီဝင်း(သတင်းစဉ်)**
**ဓာတ်ပုံ-ကိုဇော်(ကလေး)**

# လားရှိုး၌ တောင်သူများအား မျိုးသန့်မျိုးစေ့နှင့် မြေဩဇာအိတ်များ ထောက်ပံ့

**လားရှိုး ဇွန် ၉**

လားရှိုးမြို့နယ်၌ မိုးစပါးရာသီတွင် မျိုးသန့်ပွားများရေး စိုက်ပျိုးဆောင်ရွက်သည့် တောင်သူများအား မျိုးသန့်မျိုးစေ့၊ ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၉ ရက်က လားရှိုးမြို့နယ် လိုင်းလီခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်မြင့်ဇော်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးဝင်းထင် စိုးက ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ပူးစ်ပါးဒေဝီက ရောဂါ/ပိုးမွှားဆိုင်ရာ နည်းပညာများ ဆွေးနွေးခြင်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးကြူက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း နည်းပညာများကို တောင်သူများအား ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက မျိုးစပါးအိတ် ၃၅၀၊ မြေဩဇာအိတ် ၃၅ အိတ်နှင့် သဘာဝမြေဩဇာ ၃၅ အိတ်ကို တောင်သူများအား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ) မောင်ကျော်ကြီး**

# တောင်သူလယ်သမားများသို့ အကြံပြုနှိုးဆော်ချက်

မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ခန့်မှန်းချက်များအရ ယခုနှစ်တွင် မုတ်သုံလေဝင်ရောက်မှု နောက်ကျပြီး၊ မိုးရွာသွန်းမှု လျော့နည်းနိုင်သည့်အတွက် စိုက်ပျိုးရေရရှိမှုနည်းပါးနိုင်ကြောင်း သိရှိရပါသည်။ သို့ပါ၍ ရာသီဥတုပြောင်းလဲမှု အခြေအနေများပေါ်မူတည်၍ တုံ့ပြန်ဆောင်ရွက်နိုင်မည့် အောက်ပါနည်းလမ်းများကို ဆောင်ရွက်ကြရန် အသိပေးထုတ်ပြန်အပ်ပါသည်။

၁။ ရေလိုအပ်ချက်နည်း၍ ဒေသနှင့်ကိုက်ညီသည့် ဈေးကွက်ဝင် သက်တမ်းတိုစပါးမျိုးများနှင့် ရေငတ်ဒဏ်ခံစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးကြရန်ဖြစ်ပါသည်။

၂။ အောက်ပါရေလိုအပ်ချက်လျော့နည်းသည့် စိုက်ပျိုးရေးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးကြရန် ဖြစ်ပါသည်။

(က) ပျိုးသက်နုကောက်ကွက်ကြဲ(SRI)စနစ်၊

(ခ) တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းစနစ်(အခြောက်/အစို)၊

(ဂ) Drum Seeder ဖြင့် စိုက်ပျိုးခြင်းစနစ်၊

(ဃ) ကြဲခင်းစနစ်၊

၃။ လုပ်သားအင်အားရရှိနိုင်မှုပေါ်မူတည်၍ -

(က) လုပ်သားအင်အားရရှိနိုင်ပါက ပျိုးသက်နုကောက်ကွက်ကြဲ(SRI)စနစ်ကို အသုံးပြုရန်၊

(ခ) လုပ်သားအင်အား အကန့်အသတ်ရှိပါက တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းစနစ် (အခြောက်/အစို)၊ Drum Seeder ဖြင့် စိုက်ပျိုးခြင်းစနစ်နှင့် ကြဲခင်းစနစ်များကို အသုံးပြုစိုက်ပျိုးရန်၊

၄။ လယ်ယာလုပ်ငန်းခွင်နှင့်ပတ်သက်၍ အခက်အခဲများကြုံတွေ့ပါက နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာနရုံးများ၊ စက်မှုလယ်ယာဦးစီးဌာနရုံးများနှင့် ရုံးချုပ်(ဖုန်း-၀၆၇-၃၄၁၀၅၂၆)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးနှင့် စျေးကွက်ရှာဖွေရေးကော်မတီစည်းဝေး

**ရန်ကုန် ဇွန် ၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးနှင့် စျေးကွက်ရှာဖွေရေး ကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်း (ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် စျေးကွက်ရှာဖွေရေးကော်မတီ) နှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေ အတွင်း ရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိ သူများ တက်ရောက်သည်။




အခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက အဖွင့် အမှာစကား ပြောကြားပြီး မြန်မာ နိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးကိုကိုသိန်းက အဖွဲ့ ချုပ်၏ ဘဏ္ဍာရေး အခြေအနေများကို တင်ပြရှင်းလင်းခဲ့သည်။ ယင်းနောက် စျေးကွက်ရှာဖွေရေး ကဏ္ဍနှင့် အဖွဲ့ချုပ်၏ ရရှိရန်နှင့် ပေးချေရန် အခြေအနေများ၊ လာမည့် အနာဂတ် တွင် ဘဏ္ဍာရေးအခြေအနေစသည့် ကိစ္စရပ်များအား တက်ရောက်လာသူ များက အသီးသီး ဆွေးနွေးညှိနှိုင်း သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကုန်ပိုင်းတွင် ကျင်းပခဲ့ ပြီးနောက် ကဏ္ဍအလိုက်ဆောင်ရွက် ရန် ဖွဲ့စည်းထားသည့် ကော်မတီ အလိုက် ဆောင်ရွက်ရန် အစည်းအဝေး များ ပြုလုပ်ကာ ညှိနှိုင်းဆောင်ရွက် နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) နှင့် အာရှ ဘောလုံးအဖွဲ့ချုပ်တို့၏ အဖွဲ့အစည်း များပုံစံအတိုင်း ဆောင်ရွက်လျက် ရှိသည်။

**ရဲရင့်ရှိန်း၊ ဓာတ်ပုံ – MFF**

# လက်ဝါးဖြန့်ပြရုံဖြင့် ခန္ဓာကိုယ်အပူချိန်ကို ကိုယ်တိုင်မြင်တွေ့နိုင်မည့် အပူချိန်တိုင်းကိရိယာပြုလုပ် လှူဒါန်း

**ရန်ကုန် ဇွန် ၉**

လတ်တလောကြုံတွေ့နေရသည့် ကိုဗစ် – ၁၉ ရောဂါနှင့်ပတ်သက်၍ ရုံးဌာနနှင့် အများပြည်သူဝင်ထွက်သွားလာကြသည့် နေရာများတွင် တာဝန်ရှိသူတို့က စောင့်ကြပ်၍ ကိုယ်အပူချိန်တိုင်းကိရိယာဖြင့် စစ်ဆေးမှုများ ပြုလုပ်လျက် ရှိသည်။

ယခုအခါ ခန္ဓာကိုယ်၏ အပူချိန်ကို မိမိလက်ဝါးဖြန့်ပြရုံဖြင့် မိမိကိုယ်တိုင် မြင်တွေ့နိုင်သည့် ခန္ဓာကိုယ်အပူချိန်တိုင်းကိရိယာကို တောင်ဥက္ကလာပမြို့နယ်မှ ကိုကျော်နန္ဒနှင့်အဖွဲ့က ပြုလုပ်ထားသည်။ အဆိုပါကိရိယာသည် ခန္ဓာကိုယ် အပူချိန် ပုံမှန်ထက်များနေပါက မီးနီလင်းကာ အချက်ပေးအသံ ထွက်ပေါ် လာမည်ဖြစ်သည်။ ထို့အပြင် အပူချိန်တိုင်းကိရိယာတွင် လက်ဝါးဖြန့်ရုံဖြင့် အလိုအလျောက် လက်သန့်ဆေးရည် ထုတ်ပေးသည့် စနစ်လည်း ပူးတွဲ ပါရှိသည်။

အဆိုပါ ခန္ဓာကိုယ်အပူချိန်တိုင်း ကိရိယာကို ဇွန် ၈ ရက် က တောင်ဥက္ကလာပ မြို့နယ် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ် တားဆီးရေးကော်မတီသို့ ကိုကျော်နန္ဒနှင့်အဖွဲ့က သွားရောက်လှူဒါန်းခဲ့သည်။ အဆိုပါ အပူချိန်တိုင်း ကိရိယာမှာ လျှပ်စစ်ဖြင့် သုံးစွဲရမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားပြတ်တောက် သည့်အခါ အင်ဗာတာဖြင့်လည်း သုံးစွဲနိုင်မည်ဖြစ်သည်။ တောင်ဥက္ကလာပ မြို့နယ်ရှိ အထက်တန်းကျောင်းများတွင် သုံးစွဲနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

# ဖားကန့်ကျောက်စိမ်းတူးဖော်မှုကို မိုးတွင်းသုံးလရပ်နားရန် မြေပြင်စာရင်းကောက်ယူနေ

**ရန်ကုန် ဇွန် ၉**

ကချင်ပြည်နယ် ဖားကန့်ဒေသရှိ ကျောက်စိမ်း တူးဖော်ရေးလုပ်ငန်း များကို မိုးသည်းထန်စွာရွာသွန်းမှု ကြောင့် ရေတိုက်စားခြင်းနှင့် မြေပြိုမှု များ ဖြစ်ပေါ်ခြင်းများကြောင့် ကျောက်လုပ်ကွက်များမှ အလုပ် သမားများ ဘေးအန္တရာယ်ထိခိုက်မှု မရှိစေရန် မိုးတွင်းကာလ သုံးလကို ခေတ္တရပ်နားရန် မြေပြင်စာရင်း ကောက်ယူနေကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက် ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ သိရသည်။

"အခုချိန်ထိတော့ ညွှန်ကြားချက် မထုတ်သေးပါဘူး။ မြေပြင်အခြေ အနေကို ကွင်းဆင်းစစ်ဆေးနေပါ တယ်။ အခြေအနေ အစီရင်ခံစာ တက်လာရင် ဒီဘက်ကို ဆက်လက် တင်ပြပြီးတော့ ပြီးခဲ့တဲ့ နှစ်ကလို သုံးလရပ်သင့် မရပ်သင့် အဲဒါကိုတော့ ပြန်စိစစ်သုံးသပ်ပါ့မယ်။ လက်ရှိ ကုမ္ပဏီက ရာဂဏန်း လောက်မှာ လုပ်ကွက်က ငါးရာကျော်လောက် ရှိပါတယ်။ နားဖြစ်ရင် မနှစ်ကလို ၇၊ ၈၊ ၉ လပိုင်းတွေ ဖြစ်ဖို့ များပါတယ်။ နားတဲ့ကာလမှာ ကုမ္ပဏီတွေက အလုပ်သမားတွေကို သတ်မှတ်ထား တဲ့ သူတို့စာချုပ်အတိုင်း သွားလုပ်ကြ ရမှာဆိုတော့ ကုမ္ပဏီတွေက စီစဉ်ပေး မှာပါ။ ဒီနှစ်က ကိုဗစ်ကာလနဲ့ဆိုတော့ ထောက်ပံ့ကြေး ပေး၊ မပေးတော့ မသိရသေးပါဘူး" ဟု မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ပြောသည်။

"အမျိုးသားလွှတ်တော်ကနေပြီး ဝန်ကြီးဌာနကို မိုးတွင်းကာလမှာ အန္တရာယ်ရှိတယ်။ တူးဖော်မှုလုပ်တဲ့ အခါ မြေပြိုတာတို့ အန္တရာယ်မဖြစ် အောင်လို့ သုံးလတရားဝင် နားထားဖို့ တိုက်တွန်းတာပါ။ ဒီစာပေါ်မှာ မူတည် ပြီး လုပ်ငန်းရှင်တွေရဲ့ သဘောထားကို မေးနေတယ်။ နားဖို့ဆိုရင် လက်ရှိ လုပ်နေတဲ့ လူတွေမှာ ဘာတွေအခက် အခဲတွေ ရှိနေမလဲ၊ ဘာစိန်ခေါ်မှုတွေ ရှိမလဲ၊ ဘာကောင်းကျိုး ဆိုးကျိုး တွေရှိမလဲဆိုတဲ့ သဘောထားတွေ တောင်းထားတယ်။ ဇူလိုင်ပထမ ပတ်မှ စက်တင်ဘာလကုန်အထိ မနှစ်ကလည်း အဲဒီလိုပဲ နားခဲ့တယ်။ အမျိုးသားလွှတ်တော်က တိုက်တွန်း တယ်။ ဝန်ကြီးဌာနက စိစစ်ပြီး ရပ်နား စေတယ်။ လုံးခင်း၊ ဖားကန့်မှာ တကယ်တူးနေတဲ့ လုပ်ငန်းရှင်တွေ တွေ့ဆုံစည်းဝေးပြီး သဘောထား ယူနေတယ်။ အများရဲ့ သဘောနဲ့ ဖြစ်သင့်ဖြစ်ထိုက်တာကို လုပ်ပေးတာ ဖြစ်မှာပါ" ဟု မြန်မာ့ကျောက်မျက် ရတနာလုပ်ငန်းရှင်များ အသင်း ဒုတိယ ဥက္ကဋ္ဌ (၅) ဦးဇော်ဘိုခန့် က ပြောသည်။

ဖားကန့်ဒေသရှိ ကျောက်စိမ်း တူးဖော်ရေး အလုပ်သမားပေါင်း ခုနှစ်သောင်းခန့်ရှိနိုင်ကြောင်း မြန်မာ့ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းမှ ခန့်မှန်းသိရှိရသည်။

**သန့်ဇင်ဝင်း**

# စဥ့်ကိုင်မြို့နယ် တဘက်ဆွဲကျေးရွာ၌ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြော

**စဥ့်ကိုင် ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် ခရိုင် စဥ့်ကိုင်မြို့နယ် တဘက်ဆွဲ ကျေးရွာတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတထိန်းသိမ်းရေး အသိ ပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အောင်မြင့်မိုရ်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မန္တလေးတိုင်း ဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးပေါ်လွင်က သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေရှည် တည်တံ့သော ငါးလုပ်ငန်းဖွံ့ဖြိုးရေး၊ ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် သားစဉ်မြေးဆက် ရိက္ခာဖူလုံစေရေး အတွက် ယခုအချိန်တွင် ငါးဖမ်းခြင်းမှ ရှောင်ကြဉ်စေလိုကြောင်း ပြောကြား ခဲ့ပြီး ကျောက်ဆည်ခရိုင် ဦးစီးမှူး ဒေါ်ခိုင်ခိုင်ဝင်းက ဘက်ထရီ ရှော့တိုက် (ကျင်စက်) ဖြင့် ငါးဖမ်း ခြင်း၏ ဆိုးကျိုးများ၊ တားမြစ် ကန့်သတ်ထားသော ငါးဖမ်းနည်း စနစ်များ၊ ငါးမျိုးမပြုန်းတီးစေရန် ရေချိုငါးလုပ်ငန်း ရေပြင်တွင် မေလ နှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများ ဖြစ်သည့် ငါးရစ်ငါးသန်ရာသီချိန်တွင် ငါးဖမ်းခြင်းများ မပြုလုပ်ကြရန်၊ ရေချိုငါးလုပ်ငန်းဥပဒေ၏ ရည်ရွယ် ချက်များကို ရှင်းလင်းပြောကြားခဲ့ သည်။

ထို့နောက် တက်ရောက်လာသော ရေလုပ်သားများက သိလိုသည်များကို မေးကြရာတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက် လာသူများအား ငါးလုပ်ငန်းဦးစီး ဌာနမှ ထုတ်ဝေသည့် ငါးသယံဇာတ ထိန်းသိမ်းရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့် နှာခေါင်း စည်းများကို အခမဲ့ဖြန့်ဝေခဲ့သည်။

ထို့နောက် နံနက် ၁၀ နာရီတွင် စွန်ရဲကျေးရွာအုပ်စု အင်းကုန်းကျေးရွာ လေးမျက်နှာဘုရား သိမ်ကုန်းပေါ်တွင် အသိပညာပေး ဟောပြောပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**



● *ကျောဖုံးမှ*

ရှုန်းကန်ခဲ့ရသော်လည်း အသင်းအတွက် ကစားထားသည့် ၁၇ ပွဲတွင် ခြောက်ဂိုး သွင်းယူပေးပြီး ဂိုးရရှိအောင် သုံးကြိမ် ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

ရိုးမားနည်းပြဖြစ်သူ ဖွန်စီကာသည် အမ်ခီတာရန်းနှင့်ပတ်သက်၍ ပြီးခဲ့ သည့် ဖေဖော်ဝါရီလတွင် ယခုလို ပြောကြားခဲ့သည်။ "အမ်ခီတာရန်းက ကွင်းထဲမှာ မှန်ကန်တဲ့ ဆုံးဖြတ်ချက် ချနိုင်တဲ့သူတစ်ယောက်ပါ။ အဲဒါကြောင့် သူ့ကို ကျွန်တော်တို့အသင်းမှာ ဆက်လက်ထိန်းထားသွားမှာပါ" ဟု ပြောကြား ခဲ့သည်။ အာဆင်နယ်နည်းပြ အာတီတာကလည်း အမ်ခီတာရန်းက မည်သည့် အသင်းမှာမဆို ခြေစွမ်းပြကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း အလေးပေးပြောကြားပြီးနောက် အာဆင်နယ်အသင်းသို့ ပြန်လာရန် တံခါးဖွင့် ထားကြောင်း ပြောကြားခဲ့သည်။

အမ်ခီတာရန်းက မီဒီယာတစ်ခုသို့ ပြောကြားရာတွင် "အာဆင်နယ်အသင်း ထံသို့ ပြန်လာရလျှင် အခက်အခဲမရှိဘူးဆိုသော်လည်း အာဆင်နယ်နှင့် ရိုးမား အသင်းတို့ကြား အပြောင်းအရွှေ့နဲ့ပတ်သက်ပြီး သဘောတူညီခဲ့မယ်ဆိုရင်တော့ ရိုးမားအသင်းသို့ အမြဲတမ်းပြောင်းရွှေ့ဖြစ်လိမ့်မယ်"ဟု ဝန်ခံပြောကြားခဲ့သည်။ "ကျွန်တော် လာမယ့်ရာသီ ရိုးမားအသင်းမှာ အမှန်တကယ် ဆက်နေချင်ပါတယ်။ နောက်ရာသီသာမက နောက်ထပ်နှစ်အနည်းငယ်လောက် ရိုးမားအသင်းမှာ ဆက်နေချင်ပါတယ်။ သို့သော်လည်း အာဆင်နယ်အသင်းနဲ့ စာချုပ်သက်တမ်းက ကျန်ရှိနေသေးတော့ နှစ်သင်းကြား အပြောင်းအရွှေ့အတွက် သဘောတူညီမှု ရခဲ့ရင်တောင် ရိုးမားအသင်းသို့ အမြဲတမ်း ပြောင်းရွှေ့ရေးက ကျွန်တော့်အပေါ်တွင် မူမတည်ဘဲ အာဆင်နယ်အသင်းမှာသာ မူတည်သည်"ဟု ထုတ်ဖော်ပြောကြား ခဲ့သည်။

"ကျွန်တော်စဉ်းစားနေတာက ပြင်းပြင်းထန်ထန်လေ့ကျင့်ပြီး ပွဲကစား ရဖို့ပါပဲ။ တကယ်လို့ ကျွန်တော်ရိုးမားအသင်းမှာ မရှိဘူးဆိုရင် အာဆင်နယ် အသင်းကို ပြန်ရမှာပါ၊ အဲဒီလိုမှမဟုတ်ဘူးဆိုရင် ကွန်တော်ဒီမှာနေပြီး ရိုးမား အသင်းအတွက် ကစားပေးရမှာပါ၊ စောဒကတက်စရာ မရှိပါဘူး။ ဘောလုံး လောကဆိုတာ အပြောင်းအလဲမြန်လွန်းတယ်လေ၊ သေချာတာက ဘယ်မှာပဲ ဖြစ်ဖြစ် ပွဲကစားရဖို့အတွက် အဆင်သင့်ဖြစ်နေဖို့ပါပဲ" ဟု ထပ်လောင်း ပြောကြားခဲ့သည်။

အမ်ခီတာရန်းသည် ၂၀၁၈ ခုနှစ်တွင် မန်ယူအသင်းမှ ပြိုင်ဘက် အာဆင်နယ် အသင်းထံသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အာဆင်နယ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၅၈ ပွဲ ပါဝင်ကစားထားပြီး ကိုးဂိုးသွင်းယူပေးထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။ သို့သော်လည်း အာဆင်နယ်အသင်းတွင် ခြေစွမ်းပြသရန် ရုန်းကန် ခဲ့ရပြီးနောက် ပြီးခဲ့သည့် စက်တင်ဘာလတွင် ရိုးမားအသင်းသို့ အငှားပြောင်းရွှေ့ ခဲ့ရသူ ဖြစ်သည်။

**အောင်ဇော်**

# ပြည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးရစ်ငါးသန်ဘေးမဲ့ချိန် နှိုးဆော်စာများ ဖြန့်ဝေ

**ပြည် ဇွန် ၉**

ရေလုပ်သား ပြည်သူလူထုများ ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် ဇွန် ၈ ရက် နံနက်ပိုင်းက ငါးရစ်ငါးသန် ရာသီချိန် အတွင်း ငါးဖမ်းဆီးခြင်းမပြုကြရန် ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေအရ တားမြစ်ထားပါကြောင်း၊ တားမြစ် ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာစာများကို ပြည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက ပြည်မြို့နယ်နှင့် ပန်းတောင်းမြို့နယ်အတွင်းရှိ ရေလုပ်သားများထံသို့ ကွင်းဆင်းဖြန့်ဝေပေးခြင်းနှင့် ပြည်မြို့ စျေးကြီးအတွင်းရှိ သား/ ငါး ရောင်းချသော စျေးတန်းများတွင် ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ရွှေကူ၊ မြဝတီနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၉**

ရွှေကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၇ ရက်ည ၇ နာရီက ရွှေကူမြို့နယ် ညောင်ပင်ကွေ့ကျေးရွာအနီး မန္တလေး-ဗန်းမော် ကားလမ်းတွင် စိုးအောင် မောင်းနှင်ပြီး မြင့်သူထွန်းနှင့် မောင်ဇော်တို့ လိုက်ပါလာသည့် ဟွန်ဒါ ODYSSEY အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် ၁၀၇၈၇ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၈ ဒသမ ၁၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၂၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇွန် ၈ ရက် မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မြဝတီမြို့နယ် အပြင်မဲကနယ်ကျေးရွာရှိ မသန်းသန်းလွင်(ခ) မထားဝယ်မ ငှားရမ်းထားသည့် ဂိုဒေါင်ကို ဝင်ရောက်ရှာဖွေရာ Sodium Cyanide ၃၉၃၀ ကီလိုနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကိုလည်းကောင်း။

ထို့အတူ ဇွန် ၇ ရက် ညနေ ၄ နာရီက လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-လွိုင်မွေ-ဝမ်လုံးကျေးရွာလမ်းဆုံ မြို့ရှောင်လမ်းတွင် စိုင်းမန် မောင်းနှင်၍ စိုင်းကျောက် လိုက်ပါလာသည့် ဗင်ဂို အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးနေစဉ် နောက်မှလိုက်ပါလာသည့် ဗင်ဂိုယာဉ် နှစ်စီးမှာ နောက်ပြန်လှည့်ပြေးသွားသဖြင့် လိုက်လံတားဆီးရာ ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု ဝမ်မိုင်ကျေးရွာအနီးတွင် ယာဉ်ပေါ်တွင် လိုက်ပါလာသူများအား မတွေ့ရှိဘဲ ရပ်တန့်ထားခဲ့သည့် မော်တော်ယာဉ်နှင့် စိုင်းအွန် မောင်းနှင်ပြီး စိုင်းဟောင်နှင့် အိုက်ရီလုံတို့လိုက်ပါလာသည့် မော်တော်ယာဉ်တို့ကို တားဆီးရမိခဲ့သဖြင့် မော်တော်ယာဉ် သုံးစီးကို စစ်ဆေးရာ ငွေကျပ် ၂၄၅၇၂၅ သိန်းတန်ဖိုးရှိ အိုက်စ် ၉၈၀ ဒသမ ၉၈ ကီလို၊ ဘိန်းဖြူ ၃ ကီလိုနှင့် စကားပြောစက်နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ထို့ကြောင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



စိုင်းကျောက်၊ စိုင်းမန်၊ စိုင်းဟောင်၊ စိုင်းအွန်၊ အိုက်ရီလုံ(ခ)စိုင်းဆန် တို့အားဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

## လားရှိုးမြို့တွင် ယာဉ်ကို စစ်ဆေးရာမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၉**

ရှမ်းပြည်နယ် လားရှိုးမြို့နယ် နောင်မွန်နယ်မြေစခန်းမှ ဒုရဲအုပ် မင်းရဲထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ည ၈ နာရီကျော်က လားရှိုးမြို့နယ် ခေးနင်းတိုးဂိတ်အနီး မန္တလေးဘက်မှ လားရှိုးဘက်သို့ ယာဉ်မောင်း ဇော်မင်း မောင်းနှင်လာသော အေဒီဗင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ ပိတောက်ခွဲသား အချောင်း ၂၀ ကို သိမ်းဆည်းရမိသဖြင့် ယာဉ်မောင်းဇော်မင်းအား နောင်မွန်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြို့နယ်အချို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၉**

သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၁ ရက်မှ ၃ ရက်အတွင်း ပင်လောင်းမြို့နယ် ပေါင်းလောင်းကြိုးဝိုင်းအကွက်(၁၈၆)အတွင်း ကညင်/သက်ဒူ/ သစ်/ခွဲသား (၈)တန်၊ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်(၁၉၇/၁)၊ စံလောင်းကျေးရွာအနီး မော်တော်ယာဉ်ပေါ်မှ တမလန်းခွဲသား တန် ဝ ဒသမ ၄၄၇၀၊ ဒီးမော့ဆိုမြို့နယ် ပန်ပက်ရွာအရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာနေရာ၌ တရားမဝင် ပိတောက်/သက်ဒူခွဲသား ၂၈ ချောင်း၊ (၅ တန်)၊ ဂန့်ဂေါမြို့နယ် လောင်ထောင်ကြိုးဝိုင်းအကွက် အမှတ် (၁၉)အတွင်းမှ ကျွန်းသစ် ၁၂ တန်၊ ဗန်းမောက်မြို့နယ် မံမော်ကြိုးဝိုင်းအကွက် (၉၃)အတွင်းမှ ကျွန်းသစ်/ခွဲသား ၁၉ တန်နှင့် သစ်စက်၊ ဆက်စပ်ပစ္စည်းများ၊ ပျဉ်းမနားမြို့နယ် ဘန့်ဘားအုပ်စု လွှက်တောင်ကျေးရွာအနီးမှ တရားမဝင် ကညင်ခွဲသား ၁၁ တန် ဖမ်းဆီးရမိခဲ့သည်။ ထို့အပြင် သပိတ်ကျင်းမြို့နယ် ကျောက်ဖျာကျေးရွာ အနီးဝန်းကျင်နှင့် ချောင်းကြီးကြိုးဝိုင်း အကွက်အမှတ် (၅၇) နေရာများမှ ကညင်/မအူ/နှော/အင်/ပျဉ်းကတိုး/ကျွန်း ၃၀ ၊ အင်ဂျင် တစ်လုံး၊ လွှဝိုင်း သုံးဝိုင်း၊ မီးသွေး ၄၈ တန်တို့နှင့်အတူ ပြစ်မှုကျူးလွန်သူ နှစ်ဦး၊ ညောင်လေးပင်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ်(၈၄/၁) အနီးတွင် မော်တော်ယာဉ်ပေါ်မှ တရားမဝင်တမလန်းခွဲသား နှစ်တန်နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦး၊ ရေဖြူမြို့နယ် ပရဒတ်ကျေးရွာအုပ်စု ဘဝါကမ်းခြေကျေးရွာ ကမ်းနားလမ်း ရေဆိပ်အနီး မော်တော်ယာဉ်ပေါ်မှ တရားမဝင်ကညင်ခွဲသား ၅ တန်နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လုစ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## ပျဉ်းမနားမြို့နယ်၌ ရေခဲသေတ္တာ မီးဖြတ်စက် အပူလွန်ကဲရာမှတစ်ဆင့် နေအိမ်နှစ်လုံး မီးလောင်မှုဖြစ်

**ပျဉ်းမနား ဇွန် ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကင်းပွန်တန်းကျေးရွာအုပ်စု သဲကျွန်းကျေးရွာ၌ ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်ခန့်က ရေခဲသေတ္တာမီးဖြတ်စက် အပူလွန်ကဲရာမှတစ်ဆင့် နေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်၊ သေဆုံးမှု မရှိကြောင်း သိရသည်။

ပျဉ်းမနားမြို့နယ် ကင်းပွန်တန်းကျေးရွာအုပ်စု သဲကျွန်းကျေးရွာနေ ဦးဝင်းထွန်းအောင်၏ သွပ်မိုး၊ ပျဉ်ခင်း၊ ဝါးထရံကာ အိမ်တွင် အသုံးပြုထားသည့် ရေခဲသေတ္တာ မီးဖြတ်စက် အပူလွန်ကဲရာမှတစ်ဆင့် စတင်မီးလောင်မှုဖြစ်ပေါ်ခဲ့ပြီး အနီးဝန်းကျင်ရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ဝါးထရံကာ အိမ်သို့ မီးကူးစက်လောင်ကျွမ်းခဲ့သည်။



မီးလောင်မှု ဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင် များက မီးသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် ဒေသခံပြည်သူများ ပူးပေါင်းပြီး ဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၄ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ လျှပ်စစ်မီး ပေါ့ဆစွာ သုံးစွဲခဲ့သည့် ဦးဝင်းထွန်းအောင်အား သက်ဆိုင်ရာက စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**



## မိုင်းဖြတ် နမ့်လုံချောင်းအတွင်း မော်တော်ယာဉ်တစ်စီး အရှိန်လွန် ထိုးကျတိမ်းမှောက်

**မိုင်းဖြတ် ဇွန် ၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ယနေ့မွန်းလွဲပိုင်းက ကျိုင်းတုံ-မိုင်းဖြတ်သွား ပြည်ထောင်စုကားလမ်းမကြီးပေါ် မိုင်တိုင်အမှတ်(၇၀၃နှင့်၇၀၄)ကြားတွင် မော်တော်ယာဉ်တစ်စီး အနက်ပေ ၁၅၀ ခန့်ရှိ နမ့်လုံချောင်းအတွင်းသို့ အရှိန်လွန်ထိုးကျ၍ တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါဖြစ်ပွားရာသို့ မြို့မရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ် လွှမ်းမိုးထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးခိုင်စိုးဝင်းနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး မိုင်းဖြတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဝင်းဇော်ထွန်း တာချီလိတ်မြို့နေသူ မောင်းနှင်ပြီး မောင်ခန့်ကိုကို တာချီလိတ်မြို့နေသူ စီးနင်းလိုက်ပါလာသည့် ယာဉ်အမှတ် (7f/----) မစ်ဆူဘီရှီ အမျိုးအစားယာဉ်သည် တာချီလိတ်ဘက်မှ မိုင်းဖြတ်ဘက်သို့ မောင်းနှင်လာစဉ် လမ်းအကွေ့တွင် အရှိန်လွန်ကာ လမ်းဝဲဘက်ရှိ အုတ်တိုင်ကို ဝင်ရောက်တိုက်မိပြီး ပေ ၁၅၀ ခန့်အနက်ရှိ နမ့်လုံချောင်းထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ နှစ်ဦးလုံး ဒဏ်ရာများရရှိပြီး မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

သို့ဖြစ်၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဝင်းဇော်ထွန်းအား မိုင်းဖြတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## ဟိုပင်မြို့ အာလံဗိုလ်ကျေးရွာအနီး မော်တော်ယာဉ်တိမ်းမှောက်ခဲ့ရာ ဒဏ်ရာရခရီးသည် ၁၀ ဦးအား မိုးညှင်းဆေးရုံတွင် အတွင်းလူနာအဖြစ်ကုသပေးနေ

**မိုးညှင်း ဇွန် ၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အာလံဗိုလ်ကျေးရွာနှင့် မြို့သစ်ကလေးကျေးရွာအကြား ကျေးရွာချင်းဆက်လမ်းပေါ်တွင် ခရီးသည် ၁၈ ဦး လိုက်ပါလာသော ကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ ခရီးသည် ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် မိုးညှင်းခရိုင်ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

မိုးညှင်းမြို့ဘက်မှ ဟိုပင်မြို့ဘက်သို့ယာဉ်မောင်း ကိုသက် မောင်းနှင်လာသော တိုယိုတာ ဒိုင်နာအမျိုးအစား မော်တော်ယာဉ်သည် ဇွန် ၈ ရက်က ခရီးသည် ၁၈ ဦး နှင့် ချည်ထည်များ၊ ကုန်ခြောက်များ တင်ဆောင်၍ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၂၂ နှင့် ၂၃ အကြား တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ဘေးသို့ တိမ်းမှောက်ခဲ့သည်။ ခရီးသည် ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ဒဏ်ရာရရှိသူများအား မိုးညှင်းခရိုင် ဆေးရုံသို့တင်ပို့ကာ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိသည်။ ယာဉ်မောင်း ကိုသက်(၃၆နှစ်) မှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ရဲအုပ် ဗိုလ်ဗိုလ်ကျော်က တရားလိုပြုလုပ် အမှုဖွင့်လှစ်ပြီး အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**နီတိုး**



# မော်စကိုမြို့တွင် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုများ ဖြေလျှော့ပေးမည်



ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ရင်ပြင်နီတွင် နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာနေသူများကို တွေ့ရစဉ်။

**မော်စကို ဇွန် ၉**

မော်စကိုမြို့တော်ဝန်က မြို့တော်တွင် နှစ်လကြာထားရှိခဲ့သော ကိုဗစ်-၁၉ ကန့်သတ်ချက်များကို ဇွန် ၉ ရက်ကစပြီး ဖြေလျှော့ပေးတော့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ မြို့တော်ဝန် ဆာဂျီဆော်ဗျာနင်က မြို့နေဒေသခံများသည် ယခုအခါတွင် ကန့်သတ်ချက်များမရှိဘဲ သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် အလှပြုပြင်ရေးဆိုင်များ၊ ခေတ်ပုံဆိုင်များကဲ့သို့ ဝန်ဆောင်မှုပေးသော စီးပွားရေးလုပ်ငန်းများကိုလည်း ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း ပြောကြားသည်။

ဇွန် ၁၆ ရက်မှစပြီး စာကြည့်တိုက်များနှင့် အနုပညာပြတိုက်များကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး စားသောက်ဆိုင်များနှင့် ကော်ဖီဆိုင်များကိုလည်း ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း မြို့တော်ဝန်က ပြောကြားလိုက်သည်။ မြို့တော်ဝန်က စားသောက်ဆိုင်အားလုံး၊ ရေကူးကန်များအားလုံး၊ အားကစားခန်းမများအားလုံးကို ဇွန် ၂၃ ရက်မှစပြီး ပုံမှန်အတိုင်း ပြန်လည် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ မော်စကိုမြို့တွင် ကန့်သတ်ချက်များကို မတ်လနှောင်းပိုင်းက ချမှတ်ခဲ့သည်။

ဇွန် ၈ ရက်က နိုင်ငံတစ်ဝန်း ကိုဗစ် -၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၉၀၀ ကျော်ရှိခဲ့ကြောင်း အတည်ပြုခဲ့သည်။ ၎င်းတို့ထဲမှ ၂၀၀၀ မှာ မော်စကိုမှဖြစ်သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်က နိုင်ငံအတွင်း ကိုဗစ် -၁၉ ဖြစ်ပွားမှုမြင့်တက်လာကြောင်း ပြောကြားခဲ့သည်။ ဇွန် ၂၄ ရက်တွင် ကျင်းပမည့် ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီအပေါ် ဆိုဗီယက်၏ အောင်မြင်မှုကို ပြသသည့် (၇၅) နှစ်မြောက် အထိမ်းအမှတ်ပွဲကိုလည်း ကိုဗစ် -၁၉ ကြောင့် ရွှေ့ဆိုင်းခဲ့သည်။ သမ္မတပူတင်သည် အဆိုပါ အခမ်းအနားမတိုင်မီ မြို့တော်ကို ဖွင့်လှစ်ပေးချင်နေကြောင်း သုံးသပ်သူများက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယားနှင့် ဆက်သွယ်ရေးအားလုံး မြောက်ကိုရီးယားဘက်မှ ဖြတ်တောက်

**ပြုံယမ်း ဇွန် ၉**

တောင်ကိုရီးယားနှင့် ဆက်သွယ်မှုအားလုံးကို ဖြတ်တောက်နေပြီဖြစ်ကြောင်း မြောက်ကိုရီးယားက ဇွန် ၉ ရက်တွင် ကြေညာခဲ့ပြီး ကိုရီးယားကျွန်းဆွယ်တွင် ပဋိပက္ခများ ဖြစ်လာနိုင်သည်ဟု သုတေသီများက ပြောသည်။

လွန်ခဲ့သည့် သီတင်းပတ်ကတည်းက မြောက်ကိုရီးယားသည် တောင်ကိုရီးယားနှင့်ပတ်သက်ပြီး ခါးသီးသည့် စွပ်စွဲမှုများ ပြုလုပ်ခဲ့ကြသည်။ တောင်ကိုရီးယားမှ တက်ကြွလှုပ်ရှားသူများသည် မြောက်ကိုရီးယားကို ဆန့်ကျင်သည့် လက်ကမ်းစာစောင်များ နယ်စပ်ကို ကျော်လွန်၍ပေးပို့ခဲ့သည်ဟု စွပ်စွဲပြီးနောက် ယခုလိုပြောကြားချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

တောင်ကိုရီးယားအစိုးရသည် ရန်လိုသည့် ဖြစ်ရပ်ကို လျစ်လျူရှုကာ တာဝန်ယူမှုမရှိဘဲ တိမ်းရှောင်နေသည်ဟု မြောက်ကိုရီးယားအာဏာရပါတီ သတင်းစာ ရိုဒုံဆင်မန်က ပြောသည်။ တောင်ကိုရီးယား အာဏာပိုင်များနှင့် မျက်နှာချင်းဆိုင် စုံညီတွေ့ဆုံကာ ဆွေးနွေးရမည့်ကိစ္စ မရှိတော့ဟု မြောက်ကိုရီးယားဘက်က ပြောသည်။

တောင်နှင့် မြောက်ကြားရှိ ဆက်ဆံရေးရုံးကို ပိတ်ပစ်ပြီး ဆက်သွယ်ရေး လုံးဝဖြတ်တောက်တော့မည်ဟု မြောက်ကိုရီးယားဘက်က ပြောကြားသည်။ ထို့ပြင် တောင်ကိုရီးယားသမ္မတရုံးနှင့် မြောက်ကိုရီးယားအာဏာရ အလုပ်သမားပါတီတို့၏ ဆက်သွယ်ရေးလိုင်းများကိုပါ အဆုံးသတ်တော့မည်ဟု ကိုရီးယားဗဟိုသတင်းအေဂျင်စီက ပြောကြားသည်။

သတ်မှတ်ပေးထားသည့် နောက်ဆုံးရက်ကျော်လွန်သွားပါက တောင်နှင့်မြောက်ကြား အရေးပေါ်လိုင်းများမှာ ခေါ်ဆို၍ ရနိုင်တော့မည်မဟုတ်ဟု ဆိုးလ်မြို့မှ ပြန်လည် ပေါင်းစည်းရေးဝန်ကြီးကပြောသည်။ မြောက်ကိုရီးယားဘက်မှ ယခုလိုပြုလုပ်လိုက်ခြင်းမှာ ပထမဆုံးခြေလှမ်းဖြစ်သည်ဟု ပြောကြားခဲ့ပြီး ယင်းဖြစ်ရပ်ကြောင့် တောင်ကိုရီးယားအစိုးရကို လှုပ်လှုပ်ရှားရှားဖြစ်သွားစေသည်။

**အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ**

## ကိုဗစ် - ၁၉ ကာလအတွင်း ဂျပန်နိုင်ငံမှ အငှားယာဉ်များ အစားအသောက် ပို့ဆောင်သည့် လုပ်ငန်း လုပ်ကိုင်လာကြ

**တိုကျို ဇွန် ၉**

ကိုဗစ် -၁၉ ဒဏ် ခံစားနေရသည့် ဂျပန်နိုင်ငံမှ အငှားယာဉ်သမားများသည် ၎င်းတို့၏ ဆုံးရှုံးနစ်နာမှုများ လျော့ကျစေရေးအတွက် အစားအသောက် ပူပူနွေးနွေးများကို ပို့ဆောင်သည့် ဝန်ဆောင်မှုလုပ်ဆောင်နေကြကြောင်းသိရသည်။

**အငှားယာဉ်လုပ်ငန်းကျဆင်း**

နိုင်ငံတစ်ဝန်း အငှားယာဉ် အော်ပရေတာ ၁၃၀၀ ဝန်းကျင်သည် ကိုဗစ် -၁၉ ကြောင့် ကြုံတွေ့နေရသည့် အခက်အခဲများ ကျော်လွှားနိုင်ရေးအတွက် မေ ၂၂ ရက်က စတင်ကာ အစားအသောက် ပို့ဆောင်သည့်လုပ်ငန်းကို လုပ်ကိုင်ကြကြောင်း သိရသည်။

ဧပြီလအတွင်း ဂျပန်နိုင်ငံတွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာပြီးနောက် အငှားယာဉ်လုပ်ငန်းမှာ ၆၂ ဒသမ ၁ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ရသည်ဟု ဂျပန်နိုင်ငံ အငှားယာဉ် အငှားအသင်းချုပ်၏ လေ့လာမှုများအရ သိရသည်။

**ဒေဝါလီခံရ**

အိုဆာကာအခြေစိုက် အငှားယာဉ်ကုမ္ပဏီသည် မေလအတွင်း ဒေဝါလီ ခံလိုက်ရပြီးနောက် အငှားယာဉ်လုပ်ငန်းတွင် ကိုဗစ်-၁၉ ကြောင့် ပထမဆုံး ပြိုလဲသည့် အငှားကားလုပ်ငန်း ဖြစ်လာခဲ့သည်။

ဗဟိုအစိုးရသည်လည်း အငှားယာဉ်သမားများ အစားအသောက် ပို့ဆောင်သည့် လုပ်ငန်းကို အမြဲတမ်း လုပ်ကိုင်ခွင့်ပေးရန် စဉ်းစားနေကြကြောင်း သိရသည်။

**ကျိုဒိုနယူးစ်**

# ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဖူးခက်ကမ်းခြေ ပြန်လည်ဖွင့်လှစ်

**ဘန်ကောက် ဇွန် ၉**

ထိုင်းနိုင်ငံတောင်ပိုင်း ဖူးခက်ပြည်နယ်ရှိ ကမ်းခြေများကို အများပြည်သူ လာရောက်ရန်အတွက် ဇွန် ၉ ရက်က ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

လာမည့်လတွင် ရောဂါထိန်းချုပ်ရေး စီမံဆောင်ရွက်ချက်များနှင့်အတူ ကမ်းခြေရှိ ဟိုတယ်များကို လုပ်ငန်းစတင်လည်ပတ်နိုင်ဖွယ်ရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး စူပိုရှိဒရန် နာန္ဒန်ခိုင်က ပြောကြားသည်။

ဖူးခက်ကမ်းခြေ ပြန်လည်ဖွင့်လှစ်ကြောင်း ကြေညာခဲ့ရာတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးက လူအများနှင့် ရောနှောဆက်ဆံခြင်းမပြုရန် အပါအဝင် ရောဂါထိန်းချုပ်ရေးဆိုင်ရာ စံသတ်မှတ်ချက်များအားလုံးကို လူတိုင်းက ဆက်လက်လိုက်နာ ကျင့်သုံးနေထိုင်ကြရန်နှင့် ကမ်းခြေများ၊ သန့်စင်ခန်းများနှင့် အခြားနေရာများ သန့်ရှင်းလှပစေရေးသေချာစွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



ဖူးခက်ပြည်နယ်ရှိ ကမ်းခြေများကို ပြန်ဖွင့်ပေးလိုက်ပြီးနောက် ပါသောင်ကမ်းခြေ၌ တာဝန်ရှိသူများ ဦးဆောင်၍ ခပ်ခွာခွာ အနေအထားဖြင့် နေထိုင်ရမည့် ပုံစံကို ပြသစဉ်။

ကိုဗစ်- ၁၉ ကပ်ရောဂါ ကူးစက်မှုကို တိုက်ဖျက်ရာတွင် ဖူးခက်ဒေသခံပြည်သူများ၏ အတူတကွ ပူးပေါင်းဆောင်ရွက်မှုအတွက် ပြည်နယ်အာဏာပိုင်များက ကျေးဇူးအထူးတင်ရှိကြောင်း၊ ဆူနာမီကျရောက်မှုပြီးလျှင် ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုသည် ဒုတိယအကြီးဆုံး အကျပ်အတည်းဖြစ်ကြောင်း လွန်ခဲ့သည့် ၂၀၀၄ ခုနှစ်က အိန္ဒိယသမုဒ္ဒရာတွင် ဆူနာမီ ဖြစ်ပွားခဲ့မှုကို ရည်ညွှန်းလျက် ဖူးခက်အုပ်ချုပ်ရေးမှူး စူပိုရှိဒရန်နာန္ဒန်ခိုင်က ပြောသည်။

ဒေသရှိ ဟိုတယ်များအနေဖြင့် လာမည့်လတွင် ပြန်လည်ဖွင့်လှစ်မှုအတွက် အကောင်းဆုံး ပြင်ဆင်ထားလိမ့်မည်ဟု မျှော်လင့်ကြောင်း စူပိုက ပြောကြားသည်။

ဖူးခက်ပြည်နယ်တွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ထွက်ပေါ်လာခြင်းမရှိသည်မှာ ၁၆ ရက် ဆက်တိုက်ရှိပြီဖြစ်သည်။

**ဘန်ကောက်ပို့စ်**

# နိုင်ငံခြားမှ ဆိုက်ရောက်လာသူများကို နှစ်ပတ်ကြာအသွားအလာ ကန့်သတ်စောင့်ကြည့်မှုဆိုင်ရာ ပြဋ္ဌာန်းချက် ဗြိတိန်ထုတ်ပြန်

**လန်ဒန် ဇွန် ၉ –** ကိုဗစ် –၁၉ ကူးစက်မှုကို လျှော့ချရန် ဗြိတိန်သည် နိုင်ငံရပ်ခြားမှ ရောက်လာသူအားလုံးအတွက် နှစ်ပတ်ကြာ အသွားအလာကန့်သတ်စောင့်ကြည့်မှုဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ခုကို စတင်ထုတ်ပြန်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဇွန် ၈ ရက်က စတင်ပြဋ္ဌာန်းလိုက်သည့် အစိုးရ၏ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်အသစ်များသည် နိုင်ငံရပ်ခြားမှ ပါလာမည့် ကိုရိုနာဗိုင်းရပ်စ်ကို ကာကွယ်နိုင်ရန်ဖြစ်ကြောင်း သိရသည်။ ဗြိတိန်နိုင်ငံ၏ အမြင့်ဆုံးရောဂါကူးစက်ဖြစ်ပွားမှုသည် အဆုံးသတ်သွားပြီဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် ကိုဗစ် – ၁၉ ဖြစ်ပွားမှုကြောင့် လူပေါင်း ၄၀၀၀၀ ကျော်သေဆုံးခဲ့သည်။ ဗြိတိန်သို့ဆိုက်ရောက်လာသူများအားလုံး ၎င်းတို့မည်သည့်နေရာတွင် နေထိုင်မလဲဆိုသည့် အွန်လိုင်းအချက်အလက်များကို ဖြည့်သွင်းရန်လိုအပ်ကြောင်း သိရသည်။ ၎င်းတို့အနေဖြင့် ပေးထားသောလိပ်စာရှိရာနေရာများတွင် ၁၄ ရက်ကြာ မိမိကိုယ်ကိုယ် အသွားအလာကန့်သတ်ရမည်ဖြစ်သည်။ အသွားအလာကန့်သတ်စောင့်ကြည့်မည့်စည်းမျဉ်းစည်းကမ်းများကို မလိုက်နာပါက ပေါင်ငွေ ၁၀၀၀ (အမေရိကန်ဒေါ်လာ ၁၂၀၀) ဒဏ်ရိုက်ခံရမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ် - ၁၉ ကူးစက်ခံရမှု ဥရောပတွင် အခြေအနေကောင်းမွန်လာသော်လည်း ကမ္ဘာတစ်ဝန်းတွင် အခြေအနေဆိုးရွားလာ

ဂျီနီဗာ ဇွန် ၉

ကမ္ဘာတစ်ဝန်း သတင်းဖော်ပြမှုများအရ တစ်နေ့တာအတွင်း ကိုဗစ် -၁၉ အသစ် ထပ်မံကူးစက်ခံရမှု အရေအတွက် မှတ်တမ်းတင်ရလောက်သည်အထိ မြင့်တက်လာပြီး အခြေအနေဆိုးရွားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးလိုက်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ညွှန်ကြားရေးမှူးချုပ် ဂီဘရီယက်စ်ဆုစ်က ဥရောပတွင် အခြေအနေတိုးတက်ကောင်းမွန်လာသော်လည်း ကမ္ဘာ့အဆင့်တွင် ဆိုးရွားလာကြောင်း သတင်းထောက်များအား ဇွန် ၈ ရက်က ပြောကြားလိုက်သည်။

ဇွန် ၇ ရက် တစ်နေ့တည်းကို ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ခံရသူပေါင်း ၁၃၆၀၀၀ ရှိကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။ ယင်းပမာဏသည် တစ်နေ့တည်းတွင် ကူးစက်ခံရမှုအများဆုံးဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံတွင် ကူးစက်မှုနှင့် သေဆုံးမှုနှုန်း ထပ်မံမဖော်ပြသည့် အစိုးရ၏ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး မေးခွန်းများကို ပြန်လည်ဖြေကြားရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုအကြီးအကဲ မိုက်ကယ်ရန်က ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုနှင့် သေဆုံးမှုနှုန်း ဆက်လက်မြင့်တက်လာနိုင်ကြောင်း ပြောကြားလိုက်သည်။

ဘရာဇီးနိုင်ငံသည် အမေရိကန်နိုင်ငံပြီးလျှင် ကိုဗစ်-၁၉ ကူးစက်ခံရမှုအများဆုံးနိုင်ငံ ဖြစ်သည်။

အင်န်အိတ်ချ်ကေ




ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ညွှန်ကြားရေးမှူးချုပ် ဂီဘရီယက်စ်ဆုစ် (လယ်) နှင့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုအကြီးအကဲ မိုက်ကယ်ရန် (ဝဲ) တို့ကို တွေ့ရစဉ်။

# ကွန်ပျူတာပြဿနာကြောင့် ဟွန်ဒါကားတင်ပို့မှု ဆိုင်းငံ့ခဲ့ရ

တိုကျို ဇွန် ၉

ဂျပန် မော်တော်ကားကုမ္ပဏီဖြစ်သည့် ဟွန်ဒါသည် ကုမ္ပဏီ ကွန်ပျူတာ လုပ်ငန်းပိုင်းဆိုင်ရာ ပြဿနာကြောင့် သင်္ဘောတင်ပို့မှုကို ဇွန် ၈ ရက်တွင် ယာယီဆိုင်းငံ့ခဲ့ရကြောင်း သိရသည်။

နောက်ကွယ်မှ ပြဿနာမှာ ဆိုက်ဘာတိုက်ခိုက်ခံရမှု ဖြစ်နိုင်သည်ဟု ကုမ္ပဏီက သတိထားလျက်ရှိသည်။ ဇွန် ၈ ရက် နံနက် ၉ နာရီတွင် ပုံမှန်မဟုတ်မှုများ ဖြစ်ပေါ်လာပြီး အလုပ်သမားများအနေဖြင့် ကုမ္ပဏီအတွင်း ကွန်ရက်နှင့် ချိတ်ဆက်ပြီး အီးမေးလ်ပို့၍ မရတော့ပေ။ တင်ပို့မှု ပြုလုပ်ရန် ကြိုတင်စစ်ဆေးမှုများကို မှတ်ပုံတင်လုပ်ဆောင်ပေးသည့် စနစ်မှာလည်း အလုပ်မလုပ်ဘဲ ဖြစ်နေခဲ့သည်။

ယင်းဖြစ်ရပ်ကြောင့် ဂျပန်နိုင်ငံရှိ စက်ရုံကြီးသုံးရုံမှ ကားတင်ပို့မှုများကိုဆိုင်းငံ့ရန် အခြေအနေပေါ်ပေါက်ခဲ့သည်။ ယင်းသို့ဖြစ်ရခြင်း အကြောင်းကို အဖြေရှာနိုင်ရေးအတွက် ကုမ္ပဏီအရာရှိများသည် ကွန်ပျူတာ ကွန်ရက်အတွင်း ဝင်ရောက်ခွင့်ကို ကန့်သတ်ထားခဲ့သည်။ မွန်းလွဲပိုင်းရောက်မှသာ တင်ပို့မှုများ ပြန်လည်လုပ်ဆောင်နိုင်ခဲ့သည်။ ဟွန်ဒါကုမ္ပဏီ၏ အဓိကရုံးမှ အလုပ်သမားအများစုသည် လက်ရှိတွင် နေအိမ်မှသာ အလုပ်လုပ်ကိုင်နေကြသည်။ သို့သော်လည်း ဇွန် ၉ ရက်တွင် ကွန်ပျူတာစနစ်များ မရနိုင်သဖြင့် ခွင့်ယူလိုက်ရသည်။

အင်န်အိတ်ချ်ကေ



ထိုင်းနိုင်ငံရှိ ဟွန်ဒါကားထုတ်လုပ်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

# ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုမြင့်တက်

ဒါကာ ဇွန် ၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးသူ အရေအတွက် ဆက်လက်မြင့်တက်လျက်ရှိပြီး ဇွန် ၉ ရက်တွင် အမြင့်ဆုံးရောက်ရှိလာကြောင်း သိရသည်။

နိုင်ငံအတွင်း၌ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်- ၁၉ကြောင့် သေဆုံးသူအရေအတွက် ၄၅ ဦးရှိပြီး ရောဂါကူးစက်ဖြစ်ပွားမှု စတင်ခဲ့သည့် မတ် ၁၈ ရက်မှစတင်ကာ စုစုပေါင်းသေဆုံးသူအရေအတွက် ၉၇၅ ဦးအထိ ဖြစ်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အကြီးတန်းအရာရှိ ပါမောက္ခနာဆီမာစူလ်တန်နာက ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူအရေအတွက် ၇၁၆၇၅ ဦးအထိ တိုးလာခဲ့သည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ရောဂါထပ်မံကူးစက်ခံရသူ အရေအတွက် ၃၁၇၅ ဦး ရှိခဲ့ကြောင်း အာဏာပိုင်များက ဇွန် ၉ ရက်တွင် ဖော်ပြသည်။

အာဏာပိုင်များ၏ ဖော်ပြချက်အရ နိုင်ငံတစ်ဝန်းရှိ ဓာတ်ခွဲခန်းပေါင်း ၅၅ခုတို့တွင် ရောဂါပိုးစစ်ဆေးမှု ၁၄၆၆၄ ခု ဆောင်ရွက်ထားကြောင်း သိရသည်။ ရောဂါပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများနှင့် ဆေးပေးခန်းများမှ ပြန်ဆင်းလာသူ ၇၇၇ ဦးရှိရာ နေပြန်ကောင်းလာသူအရေအတွက် စုစုပေါင်း ၁၅၃၃၇ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## လာအိုနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ နောက်ဆုံးလူနာ ဆေးရုံမှဆင်း

ဗီယန်ကျင်း ဇွန် ၉

လာအိုနိုင်ငံမြို့တော် ဗီယန်ကျင်းမြို့တွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော ကိုဗစ် - ၁၉ နောက်ဆုံးလူနာမှာ ဇွန် ၉ ရက်တွင် ဆေးရုံမှဆင်းသွားပြီဟု သိရသည်။ ကိုဗစ် - ၁၉ ရှိ မရှိ ဒုတိယအကြိမ် စစ်ဆေးပြီးနောက် ရောဂါပိုး မရှိသည့်အတွက် ဇွန် ၉ ရက်တွင် ဆေးရုံမှဆင်းခွင့်ပြုလုပ်ခြင်းဖြစ်ကြောင်း ကျန်းမာရေး သတင်းအချက်အလက်နှင့် ပညာရေးဆိုင်ရာစင်တာမှ သတင်းထုတ်ပြန်သည်။

ကိုဗစ် - ၁၉ နောက်ဆုံးလူနာမှာ အသက် ၁၈ နှစ်အရွယ်ရှိ ဗီယန်ကျင်းမြို့၌ နေထိုင်သူဖြစ်ပြီး လာအိုနိုင်ငံတွင် ရှစ်ယောက်မြောက် ကူးစက်ခံရသူဖြစ်သည်။ ၎င်းသည် မတ် ၂၈ ရက်မှစတင်ကာ အစိုးရက စီစဉ်ပေးထားသည့် မစ်တက်ဟက်ဆေးရုံတွင် ကုသမှုခံယူနေသူလည်း ဖြစ်သည်။ လာအိုနိုင်ငံတွင် ကိုဗစ် -၁၉ လူနာသစ် မတွေ့ရှိတော့သည်မှာ ဇွန် ၉ ရက်အထိ ဆိုလျှင် ၅၈ ရက်ဆက်တိုက် ရှိလာပြီဖြစ်သည်။ လာအိုနိုင်ငံရှိ ကိုဗစ်-၁၉ လူနာများအားလုံးမှာ ပြန်လည်ကျန်းမာလာပြီဖြစ်သည့်အတွက် အားလုံးဆေးရုံမှ ဆင်းသွားပြီဖြစ်သည်။ လာအိုနိုင်ငံတွင် ကိုဗစ် - ၁၉ လူနာကို မတ် ၂၄ ရက်တွင် စတင်တွေ့ရှိခဲ့သည်။ **ဆင်ဟွာ**

# အမေရိကန်ပြည်ထောင်စု နယူးယောက်တွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်

နယူးယောက် ဇွန် ၉

ကန့်သတ်ပိတ်ဆို့မှု သုံးလနီးပါး ချထားပြီးနောက် အမေရိကန်ပြည်ထောင်စု နယူးယောက်စီးတီး၌ ပထမအဆင့် ပြန်လည်ဖွင့်လှစ်မှုများ ဇွန် ၈ ရက်က ပြုလုပ်ခဲ့သည်။ ပထမဆုံး ကိုဗစ်- ၁၉ တွေ့ရှိချိန်မှစကာ ရက် ၁၀၀ ပြည့်မြောက်သောနေ့တွင် ထိုသို့ ဖွင့်လှစ်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ယနေ့သည် တကယ့်ကို အားအင်ပြည့်ဝသောနေ့ တစ်နေ့ဖြစ်ကြောင်း နယူးယောက်မြို့တော်ဝန် ဘီလ်ဒီဘလာစီယိုက ဘရွတ်ကလင်း၌ ဇွန် ၈ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ ယနေ့သည် မိမိတို့ကိုယ်တိုင် ကိုဗစ်- ၁၉ ကပ်ရောဂါမှ စတင်လွတ်မြောက်သောနေ့ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မြို့တော်ဝန်က ကိုဗစ်- ၁၉ ကို ပူးပေါင်းဆန့်ကျင်ခဲ့သည့်အတွက် နယူးယောက်ပြည်သူများအား ကျေးဇူးတင်ကြောင်းနှင့် ရှေ့ဆက်လက်လျှောက်လှမ်းမည့်လမ်းတွင်လည်း ပြီးခဲ့သောသင်ခန်းစာများကို အတုယူရန် တိုက်တွန်းပြောကြားလိုက်သည်။

မိမိတို့သည် စည်းကမ်းလိုက်နာမှု၊ ကြိုးစားမှုတို့ဖြင့် ဒီနေ့ဒီအချိန်အထိ ရောက်လာကြောင်း၊ အဲဒီလိုမျိုး ဆက်လက်လုပ်ဆောင်မည်ဆိုပါက နောက်တစ်ဆင့်ကို လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။




နယူးယောက်ရှိ မင်ဟက်တန်တွင် လုပ်ငန်းပြန်လည်စတင်နေသည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

နယူးယောက်မြို့၏ တာဝန်ရှိသူများ အဆင့်လိုက် ပြန်လည်ဖွင့်လှစ် မှုနည်းဗျူဟာတွင် ပထမအဆင့်၌ စီးပွားရေးလုပ်ငန်းများကို ဖွင့်လှစ်ခွင့်ပြုထားကြောင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ ထုတ်လုပ်ရေးလုပ်ငန်းများ၊ အရောင်းလုပ်ငန်းများနှင့် စတိုးဆိုင်များ ပါဝင်ကြောင်း သိရသည်။

လွန်ခဲ့သော သီတင်းပတ်က ဆောက်လုပ်ရေးလုပ်ငန်းခွင်ပေါင်း ၃၀၀၀၀ ခန့်ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း၊ နယ်ပယ်ကဏ္ဍစုံမှ အလုပ်သမား လေးသိန်းခန့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂျာမနီမြေပေါ်မှ အမေရိကန်တပ်ဖွဲ့အင်အား လျှော့ချမယ်ဆိုတဲ့ ထရမ့်၏အစီအစဉ်

ခြူးစန္ဒီနွေး

**နေတိုးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျာမနီအတွက် စိတ်မချမ်းမြေ့စရာသတင်းစကား ကြားသိလာရပါတယ်။ အဲဒီသတင်းကတော့ ဂျာမနီမြေပေါ်မှာထားရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်အင်အားကို လျှော့ချတော့မယ်ဆိုတဲ့သတင်းပါပဲ။**

### လေးပုံတစ်ပုံလျှော့ချ

၂၅ ရာခိုင်နှုန်းအထိ လျှော့ချမယ်လို့ အမေရိကန်သမ္မတထရမ့်အစိုးရအဖွဲ့ သတင်းပို့လာပါတယ်။ သမ္မတထရမ့်နှင့် အမေရိကန် ကာကွယ်ရေးဝန်ကြီး မက်အက်စပါတို့ဟာ ဂျာမနီမြေပေါ်မှာတာဝန်ထမ်းဆောင်နေတဲ့ အမေရိကန်တပ်ဖွဲ့ဝင်အင်အားကို ၂၅၀၀၀ အထိ ကန့်သတ်သွားဖို့ ဆုံးဖြတ်ချက်မှာထောက်ခံချက်ပေးခဲ့ကြပါတယ်။ အဲဒီပမာဏဟာ တပ်ဖွဲ့ဝင်အင်အား ၉၅၀၀ လျှော့ချတာဖြစ်ပြီး လက်ရှိအနေအထားရဲ့ လေးပုံပုံတစ်ပုံအင်အား လျှော့ချလိုက်တာပဲဖြစ်ပါတယ်။အဲဒီဆုံးဖြတ်ချက်ဟာ ဂျာမနီအရာရှိတွေနဲ့ ဥရောပမှာတာဝန်ထမ်းဆောင်နေတဲ့ အမေရိကန် တပ်ဖွဲ့ဝင်တွေအတွက်တော့ နောက်ကျောဘက်ကနေ ထုနှက်ခံလိုက်ရသလိုပါပဲ။

### ဝန်ထုပ်ဝန်ပိုးကို ပိုထမ်းသင့်

သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်သည်သာ ပထမဦးစားပေးဆိုတဲ့ အမြင်အောက်မှာ နိုင်ငံရပ်ခြားမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်အင်အားကို လျှော့ချလိုက်တာပါပဲ။ ထရမ့်ထပ်ခါထပ်ခါပြောလေ့ရှိတဲ့စကားကတော့ မဟာမိတ်တွေဟာ နိုင်ငံကာကွယ်ရေးကဏ္ဍအတွက် ကိုယ်တိုင်ဝန်ထုပ်ဝန်ပိုးကို ပိုထမ်းသင့်တယ်ဆိုတာပါပဲ။ အချို့သောအရာရှိဟောင်းတွေကတော့ သမ္မတ ထရမ့်ဟာ ဒီဆုံးဖြတ်ချက်ကို ပြန်ပြီးစဉ်းစားဖို့မျှော်လင့်ကြတုန်းပါပဲ။ ဂျာမနီမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်အင်အားကို လျှော့ချလိုက်မယ်ဆိုရင် အတ္တလန္တိတ် မဟာမိတ်တွေကို အင်အားလျော့ကျစေမှာဖြစ်ပြီး ဥရောပတိုက်မှာ အမေရိကန်ရဲ့ စစ်အင်အားကို လျော့နည်းစေလိုတဲ့ ရုရှားနိုင်ငံအတွက် လက်ဆောင်တစ်ခုလည်း ဖြစ်သွားနိုင်ပါတယ်။

### ထရမ့်ရဲ့မကျေနပ်မှု

အမေရိကန်ရဲ့ မဟာမိတ်တွေဖြစ်တဲ့ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ဝင်နိုင်ငံတွေကို ကာကွယ်ရေးအတွက် အသုံးပြုရတဲ့ကာကွယ်ရေးအသုံးစရိတ်ကို ထရမ့်မကျေမနပ် ဖြစ်နေခဲ့တာလည်းကြာပါပြီ။ ဂျာမနီနိုင်ငံဟာ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံဖြစ်တာကြောင့် ကာကွယ်ရေးအသုံးစရိတ်မှာ အချိုးကျ ပိုမိုထည့်ဝင်သင့်တယ်၊ ဒါပေမယ့်လည်း ဂျာမနီနိုင်ငံဟာ သူ့ရဲ့ကိုယ်ပိုင်ကာကွယ်ရေးအသုံးစရိတ်အတွက် သုံးစွဲတာနည်းပါးလွန်းတယ်ဆိုပြီး သမ္မတထရမ့်ညည်းညူနေတာလည်းကြာခဲ့ပါပြီ။ အရာရှိတွေနဲ့ သုတေသီဟောင်းတွေကတော့ ထရမ့်ရဲ့လုပ်ရပ်ဟာ အမေရိကန်ရဲ့ အကျိုးစီးပွားကို ဖျက်ဆီးနေတာပဲလို့ ငြင်းခုံနေကြပါတယ်။ ဂျာမနီမှာ အမေရိကန်တပ်တွေထားရှိတာဟာ ဂျာမနီနိုင်ငံကို ကာကွယ်ဖို့ထားရှိတာ မဟုတ်ဘူး။ အမေရိကန်ရဲ့ အကျိုးစီးပွားအတွက်သာ ဖြစ်တယ်လို့ အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီးဟောင်းဖြစ်သူ ဖရက်ဒရစ်ဘီဟော့ဂျက်စ်က ပြောပါတယ်။ သူဟာ ဥရောပဆိုင်ရာ အမေရိကန်တပ်မှူးဟောင်းလည်းဖြစ်ပါတယ်။

### ဥရောပမှာ ဖြုန်းတီးနေတာလား

အခုဆုံးဖြတ်ချက်ဟာ ဘယ်မဟာဗျူဟာနဲ့မှ ဘောင်မဝင်ဘူးလို့ သူကဆက်ပြောပါတယ်။ ဂျာမနီဟာ မဟာမိတ်နိုင်ငံတွေထဲမှာ ဂျပန်နိုင်ငံပြီးရင် အမေရိကန်စစ်အခြေစိုက် စခန်းမှာ တပ်ဖွဲ့ဝင်အများဆုံးရှိတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ရဲ့ အမွေအဖြစ် ဂျာမနီမှာအမေရိကန်တပ်ဖွဲ့ဝင်တွေ အများဆုံးထားရှိပြီး စစ်အေးကာလမှာ ဥရောပကို ဆိုဗီယက်ယူနီယံရဲ့ ခြိမ်းခြောက်မှုအောက်က ကာကွယ်ပေးရာမှ အဓိကကျတဲ့ နေရာကနေ ပါဝင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ကာကွယ်ရေးအသုံးစရိတ်ကို မဟာမိတ်နိုင်ငံတွေနဲ့ မျှဝေကျခံဖို့ တောင်းဆိုမှုတွေအပြင်ထရမ့်ဟာ အမေရိကန်တပ်ဖွဲ့ဝင်တွေရဲ့အင်အားကို ဥရောပမှာဖြုန်းတီးနေတာပဲလို့ ရှုမြင်ပါတယ်။

### အမေရိကန်ပုံရိပ်ကို လျော့ကျစေ

ဥရောပမှာ အမေရိကန်တပ်တွေ အလှည့်ကျထားရှိမှုနဲ့လေ့ကျင့်ပေးမှုတို့ကို လွှတ်တော်ကလည်း ထောက်ခံပါတယ်။ ပိုလန်နိုင်ငံမှာ အမေရိကန်တပ်ဖွဲ့ဝင်အင်အားကို တိုးမြှင့်ခဲ့ပါတယ်။ ဂျာမနီမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်အင်အားကို လျှော့ချမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ဟာ သမ္မတ ထရမ့်ရဲ့ရာထူးသက်တမ်းအတွင်း အကြီးမားဆုံး လှုပ်ရှားမှုတစ်ရပ်လည်း ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ခရိုင်းမီးယားအရေးဖြစ်ပြီးတဲ့နောက်ပိုင်း ဥရောပမှာ အမေရိကန်တပ်ဖွဲ့ဝင်အင်အားကို ပြန်လည်တည်ဆောက်စပြုလုပ်ပါတယ်။ ထရမ့်ရဲ့လက်ထက်မှာ ဂျာမနီမြေပေါ်က အမေရိကန်တပ်ဖွဲ့ဝင်အင်အား လျှော့ချလိုက်ခြင်းဟာ တစ်ကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်မှုအပိုင်းမှာ အမေရိကန်ရဲ့ပုံရိပ်ကို လျော့ကျစေပါတယ်။

### ထရမ့်၏ ဝေဖန်မှု

အမေရိကန်တပ်ဖွဲ့ဝင်အင်အားကို ၂၅ ရာခိုင်နှုန်း လျှော့ချလိုက်ခြင်းဟာ ကြီးမားတဲ့သက်ရောက်မှုကိုဖြစ်စေပါတယ်။ အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ စစ်ရေးလေ့ကျင့်မှုနဲ့ သင်တန်းပေးဖို့အတွက် နိုင်ငံအတွင်း အလှည့်ကျတာဝန်ထမ်းဆောင်နေရပါတယ်လို့ ဥရောပမူဝါဒရေးဆိုင်ရာ သုတေသီတစ်ဦးဖြစ်သူ ဗိုလ်ချုပ်ဟော့ဂျက်စ်က ပြောပါတယ်။ အခုဂျာမနီမှာအမေရိကန်တပ်ဖွဲ့ဝင်အင်အား ၂၅၀၀၀ ထက်ပိုပြီးမထားတော့ဘူးဆိုရင် ဂျာမနီနိုင်ငံအတွင်း အမြဲတမ်းတာဝန်ကျတဲ့ တပ်ဖွဲ့ဝင်အင်အားဟာ လျော့ကျသွားလိမ့်မယ်လို့ သူကပြောပါတယ်။ ဂျာမနီဟာ ကာကွယ်ရေးအပိုင်းမှာ အမေရိကန်ပေါ်မှာပဲ ရေသာခိုလိုက်နေတယ်လို့ ထရမ့်ဘက်က အချက်ပြနေခဲ့တာလည်းကြာပါပြီ။ ချမ်းသာကြွယ်ဝတဲ့ ဂျာမနီနိုင်ငံဟာ ကာကွယ်ရေးအတွက် ကိုယ်တိုင်အင်အားစိုက်ထုတ်ရမယ့်အစား လူမှုကူညီရေးအစီအစဉ်တွေမှာ ပိုက်ဆံအမြောက်အမြားအကုန်အကျခံသုံးစွဲနေတယ်လို့ ထရမ့်က ဝေဖန်ပြောဆိုခဲ့ပါတယ်။

### သတိပေးခဲ့

ဂျာမနီနိုင်ငံဟာ ၂၀၁၉ ခုနှစ်မှာ ဂျီဒီပီရဲ့ ၁ ဒသမ ၃၆ ရာခိုင်နှုန်းကို စစ်ရေးအတွက်အသုံးပြုခဲ့ပါတယ်။ အရင်ကထက်ပိုမိုကျခံပြီးသုံးစွဲခဲ့ပေမယ့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ဝင်နိုင်ငံများရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ဂျီဒီပီရဲ့ ၂ ရာခိုင်နှုန်းထိရောက်အောင်သုံးစွဲပေးဖို့ လိုနေပါသေးတယ်။ ဂျာမနီနိုင်ငံဟာစီးပွားရေးအင်အားတောင့်တင်းခိုင်မာပြီး ချမ်းသာကြွယ်ဝတဲ့နိုင်ငံဖြစ်တာကြောင့် ဥရောပက အခြားနိုင်ငံတွေထက် စစ်ရေးအင်အားမှာ ပိုမိုပြီးသုံးစွဲပါတယ်။ ပြီးခဲ့တဲ့နှစ် ဩဂုတ်လအတွင်းကလည်း ဂျာမနီနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ရစ်ချက်ဂရီနယ်က ဂျာမနီဟာ ဘတ်ဂျက်မှာပိုလျှံမှုတွေရှိနေပေမယ့် နေတိုးအဖွဲ့ကြီးရဲ့လမ်းညွှန်ချက်ဖြစ်တဲ့ ကာကွယ်ရေးအသုံးစရိတ်ကို ပြည့်မီအောင်သုံးစွဲခြင်း မရှိသလို ကာကွယ်ရေးအပိုင်းမှာ အမေရိကန်တပ်ဖွဲ့ကို မှီခိုအားထားနေတယ်လို့ သတိပေးခဲ့ပါတယ်။

### တိုးမြှင့်သုံးစွဲ

အမေရိကန်က အခွန်ထမ်းပြည်သူတွေရဲ့ပိုက်ဆံနဲ့ ဂျာမနီမှာတာဝန်ထမ်းဆောင်နေတဲ့အမေရိကန်တပ်ဖွဲ့ဝင်တွေအတွက် အသုံးပြုနေရချိန်မှာ ဂျာမနီနိုင်ငံကတော့ ပိုလျှံနေတဲ့ ဘတ်ဂျက်ကို ပြည်တွင်းအစီအစဉ်တွေမှာ သုံးစွဲနေတယ်လို့ အမေရိကန်သံအမတ်ကြီး ဂရီနယ်ကဆက်ပြောပါတယ်။ မစ္စတာဂရီနယ်ဟာ ယခုလအတွင်းမှာ ဂျာမနီဆိုင်ရာအမေရိကန်သံအမတ်ကြီးနေရာကနေ ဖယ်ပေးခဲ့ပါတယ်။ သမ္မတထရမ့်ဟာ ဥရောပမဟာမိတ်နိုင်ငံတွေကို ကာကွယ်ရေးအသုံးစရိတ်မှာ အမေရိကန်ကို မှီခိုမနေဘဲ ပိုထုတ်ကြဖို့ ဖိအားပေးနေတယ်လို့ မစ္စတာ ဂရီနယ်က ပြောပါတယ်။ သမ္မတထရမ့်ရဲ့ တိုက်တွန်းမှုနဲ့အတူ နေတိုးအဖွဲ့ဝင်နိုင်ငံတွေဟာ သူတို့ရဲ့ ကာကွယ်ရေးအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာသန်း ၁၄၀ အထိတိုးမြှင့်သုံးစွဲခဲ့ကြပါတယ်။ ဒါဆိုရင် အမေရိကန်ပြည်သူတွေလည်း ဝန်ထုပ်ဝန်ပိုးအများကြီး ထမ်းစရာမလိုတော့ဘူးလို့ သူကဆက်ပြောပါတယ်။

### ပုဂ္ဂိုလ်ရေးရာ မကျေနပ်မှုလား

သုတေသီအများစု သုံးသပ်ကြတာကတော့ အမေရိကန်ရဲ့ အရွေ့ဟာ ပုဂ္ဂိုလ်ရေးရာ မကျေနပ်မှု အရိပ်အငွေ့တွေ လွှမ်းနေတယ်လို့ ပြောကြပါတယ်။ သမ္မတထရမ့်ဟာ ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်နဲ့ ဆက်ဆံရေးမှာ ခပ်တန်းတန်းပါပဲ။ ရာသီဥတုပြုပြင်ပြောင်းလဲရေးနဲ့ ဂျာမနီနိုင်ငံရဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ရုရှားနိုင်ငံနဲ့ ဆက်စပ်တဲ့ ကိစ္စတွေမှာ အင်ဂျလာမာကယ်အပေါ် သူအမြင်မကြည်ပါဘူး။ အင်ဂျလာမာကယ်ဟာလည်း အမေရိကန်မှာပြုလုပ်မယ့် ဂျီ–၇ ထိပ်သီးအစည်းအဝေးကို တက်ရောက်မှာ မဟုတ်ဘူးလို့ကြေညာထားပြီးသားပါ။ ဒီလိုမျိုးအချက်တွေရှိပေမယ့် ဂျာမနီမြေပေါ်က အမေရိကန်တပ်တွေကို အင်အားလျှော့ချရာမှာ ပုဂ္ဂိုလ်ရေးရာ မကျေနပ်မှုတွေပါတယ်လို့တော့ တစ်ထစ်ချ ပြောဆိုလို့မရပါဘူး။ **ကိုးကား – နယူးယောက်တိုင်းမ်**



ဂျာမနီနိုင်ငံ၌ တာဝန်ထမ်းဆောင်နေသော အမေရိကန်တပ်ဖွဲ့ဝင်များ။

> “သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်သည်သာ ပထမဦးစားပေးဆိုတဲ့ အမြင်အောက်မှာ နိုင်ငံရပ်ခြားမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်အင်အားကို လျှော့ချလိုက်တာပါပဲ။ ထရမ့်ထပ်ခါထပ်ခါပြောလေ့ရှိတဲ့စကားကတော့ မဟာမိတ်တွေဟာ နိုင်ငံကာကွယ်ရေးကဏ္ဍအတွက် ကိုယ်တိုင်ဝန်ထုပ်ဝန်ပိုးကို ပိုထမ်းသင့်တယ်ဆိုတာပါပဲ။ အချို့သောအရာရှိဟောင်းတွေကတော့ သမ္မတထရမ့်ဟာ ဒီဆုံးဖြတ်ချက်ကိုပြန်ပြီးစဉ်းစားဖို့မျှော်လင့်ကြတုန်းပါပဲ”

## နိုင်ငံတကာသတင်းတိုထွာ

### ပြီးခဲ့သည့်လေးလတာအတွင်း တရုတ်နိုင်ငံ၏ လေထုနှင့်ရေထု အရည်အသွေးတိုးတက်လာ

**ပေကျင်း ဇွန် ၉**

တရုတ်နိုင်ငံ၏ လေထုနှင့် ရေထုအရည်အသွေးသည် ပြီးခဲ့သည့် ဇန်နဝါရီလနှောင်းပိုင်းမှ ဇွန်လအစောပိုင်းအထိ တိုးတက်လာမှုရှိကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ နောက်ဆုံးရရှိသည့် ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၂၀ ရက်မှ ဇွန် ၆ ရက်အထိ မြို့ပေါင်း ၃၃၇ ခုတို့တွင် လေထုအရည်အသွေး ကောင်းမွန်မှု ၈၆ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ပြီး တစ်နှစ်ပြီးတစ်နှစ် ၄ ဒသမ ၇ ရာခိုင်နှုန်းနှင့်အထက် တိုးတက်မှု ရှိခဲ့ကြောင်း သိရသည်။ အဆိုပါကာလများအတွင်း လေထုထဲ၌ အန္တရာယ်ရှိ PM 2.5 အမှုန် ပါဝင်မှုသည် တစ်ကျူဘစ်မီတာလျှင် ၃၄ မိုက္ကရိုဂရမ်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၅ ရာခိုင်နှုန်း လျော့ကျလာခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ပြင် တရုတ်နိုင်ငံ၏ ရေထုအရည်အသွေးမှာလည်း တိုးတက်မှုရှိလာခဲ့သည်ကို စောင့်ကြည့်ဌာနပေါင်း ၁၈၇၃ ခုတို့မှ အချက်အလက်ဖော်ပြချက်များအရ သိရသည်။ **ဆင်ဟွာ**

### ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်နေသော်လည်း အီရန်တွင် စီးပွားရေးလုပ်ငန်းများ ဟန့်တားသွားမည်မဟုတ်

**တီဟီရန် ဇွန် ၉**

မကြာသေးမီရက်များအတွင်း ဗိုင်းရပ်စ်ကူးစက်မှု ဆက်လက်မြင့်တက်နေသော်လည်း စီးပွားရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခွင့်ပေးရန်မှတစ်ပါး အခြားရွေးချယ်စရာလမ်းမရှိဟု အီရန်အစိုးရက ပြောသည်။ နေ့စဉ်ကူးစက်မှုရှိခြင်းကြောင့် ယခုလိုမှတ်ချက်ချ ပြောဆိုခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်မှုသည် အရှေ့အလယ်ပိုင်းဒေသတွင် အများဆုံးဖြစ်သည်။ တိုင်းပြည်၏ ကျန်းမာရေးဝန်ထမ်းများသည် အကောင်းဆုံးဆောင်ရွက်နေကြပြီး ရောဂါကာကွယ်ရေး နည်းလမ်းများအတိုင်း ဆက်လက်ကျင့်သုံးပြီး စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ခွင့်ပြုရန်မှတစ်ပါး အခြားနည်းလမ်းမရှိဟု သမ္မတ ဟတ်ဆန်ရိုဟာနီက ဇွန် ၇ ရက်တွင်ပြောကြားခဲ့သည်။ အီရန်နိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်မှုနှုန်းမှာ မတ်လအတွင်း အမြင့်ဆုံးဖြစ်ပြီး အသွားအလာပိတ်ဆို့ကန့်သတ်မှုများပြုလုပ်ပြီးနောက် ကူးစက်မှုနှုန်း လျော့ကျခဲ့သည်။ **ဆင်ဟွာ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၉-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၈-၆-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံ စစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၅၇၇) ခု နှင့် ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀)မှ စစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၁၆၃) ခု၊ စုစုပေါင်း (၇၄၀) ခုတွင်-

- COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ပါ၍ (၈-၆-၂၀၂၀)ရက်နေ့တွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁,၀၂၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၂၀၁)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL-Mdy)မှ ဓာတ်ခွဲနမူနာ (၁၆၉)ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀) ဓာတ်ခွဲနမူနာ (၁၆၃)ခု ၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၅၅၆)ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

၃။ (၉-၆-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၄၄) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၉-၆-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၈-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၇၇) ခု |
| (၈-၆-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁)တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၉-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ (၉-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးရာတွင် –
အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၃၇)ခု၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL – Mdy) မှ ဓာတ်ခွဲနမူနာ (၁၈၈) ခု၊ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၆) ခုနှင့်ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၃၉) ခု၊ စုစုပေါင်း (၁,၀၇၀)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂) ဦးတွေ့ရှိရပါသည်။

၂။ (၉-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၄၆) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာ စစ်ဆေးမှုတွင်(၉-၆-၂၀၂၀) ရက်နေ့အထိ ရောဂါပိုးကင်းစင်လာသူ စုစုပေါင်း (၁၅၉) ဦးရှိပါသည်။ ၎င်းတို့အနက် (၁၄၅) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၈-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၉-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၃) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၉-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၂၄၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၅၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၉-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၉-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၃၇) ခု |
| (၉-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL - Mdy) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| (၉-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၆) ခု |
| (၉-၆-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၃၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

**(၉-၆-၂၀၂၀)ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**
**ည (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | အမြဲတမ်းနေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှုခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 245 | ၃၀ နှစ် | ကျား | ဆီဆိုင်မြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) | မရှိ | မရှိ | စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ဆီဆိုင်မြို့နယ်) |
| 246 | ၃၇ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တပ်မတော် အသည်းရောဂါအထူးကုဆေးရုံ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |

# တာချီလိတ်မြို့တွင် ထိုင်းနိုင်ငံမှ နေရပ်ပြန်မြန်မာနိုင်ငံသား ၆၄ ဦးအား ပြန်လည်လက်ခံ

**တာချီလိတ် ဇွန် ၉**

မြန်မာ-ထိုင်း နယ်စပ်ဒေသ တာချီလိတ်မြို့တွင် ထိုင်းနိုင်ငံမှ နေရပ်ပြန်မြန်မာနိုင်ငံသား ကျား၊ မ စုစုပေါင်း ၆၄ ဦးကို မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ် (၂) တွင် ယနေ့ မွန်းလွဲပိုင်းက မြန်မာဘက်မှတာဝန်ရှိသူများက ပြန်လည်လက်ခံခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာကြသည့် မြန်မာနိုင်ငံသား ၆၄ ဦးတွင် နေရပ်ပြန် ၃၂ ဦး၊ ကျောင်းသား ကျောင်းသူ ၁၉ ဦးနှင့် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်စေ့၍ ပြန်လည်လွှဲပြောင်းပေးလာသူ ၁၃ ဦးတို့ ပါဝင်ကြောင်း သိရှိရသည်။ ကျောင်းသား ကျောင်းသူ ၁၉ ဦးသည် မယ်ဖာ့လုံတက္ကသိုလ်၌ ကျောင်းတက်နေသူများဖြစ်ပြီး ကျောင်းပိတ်သဖြင့် ပြန်လာခြင်းဖြစ်ကာ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန် ဇူလိုင်လကုန်ခါနီးတွင် ကျောင်းဆက်တက်ရန်အတွက် ပြန်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**အမြန်ဆုံးပို့ဆောင်ပေးမည်**

ယနေ့ ပြန်လည်ဝင်ရောက်လာကြသူ အားလုံးကို ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းများ ပြုလုပ်ပြီး အသွားအလာစောင့်ကြည့်ရေးစခန်းတွင် ထားရှိကာ အာခေါင်တို့ဖတ်များရယူ၍ ဓာတ်ခွဲစစ်ဆေးမှု ပြုလုပ်နိုင်ရန်အတွက် အမြန်ဆုံးပို့ဆောင် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**

# ဖိလစ်ပိုင်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇွန် ၉**
နိုင်ငံတကာကုန်သွယ်သင်္ဘောများ၊ အပျော်စီးသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် မြန်မာသင်္ဘောသားများသည် COVID-19 ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအစီအမံများကြောင့် တာဝန်မှရပ်စဲခံရခြင်း၊ ဆိပ်ကမ်းကပ်ရာနိုင်ငံများ၌ Lock Down နှင့် ကြုံတွေ့ရခြင်း၊ ပြည်ဝင်ခွင့်မရခြင်း၊ နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းပြေးဆွဲမှု ယာယီရပ်ဆိုင်းခြင်းနှင့်အတူ ရောက်ရှိရာနေရာဒေသများတွင် အခက်အခဲကြုံတွေ့နေရခြင်း၊ လူစားလဲလှယ် (Crew change) ပြုလုပ်ရန် အခက်အခဲများ ရှိခြင်းတို့ကြောင့် သက်ဆိုင်ရာလေယာဉ်ကုမ္ပဏီများ၏ အစီအစဉ်ဖြင့် လည်းကောင်း၊ မြန်မာသံရုံးများ၏ အစီအစဉ်ဖြင့် လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ တင်ပြလျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယနေ့အထိ မြန်မာသင်္ဘောသား စုစုပေါင်း ၄၀၀ ခန့် ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်သည်။

ယနေ့တွင် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာပင်လယ်အော်တွင် ကျောက်ချရပ်နားထားသည့် Royal Caribbean Cruises, Ltd (RCCL) ကုမ္ပဏီပိုင် အပျော်စီးသင်္ဘောပေါ်မှ မြန်မာသင်္ဘောသားအမှုထမ်း ၃၀ သည် သင်္ဘောပေါ်တွင် သောင်တင်နေသောကြောင့် အဆိုပါကုမ္ပဏီမှ Air Asia Philippines ကယ်ဆယ်ရေးလေယာဉ်ဖြင့် ၎င်းတို့အား မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ညနေ ၃ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။


မြန်မာသင်္ဘောသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြစဉ်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၉**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်ရှိ ငှက်ချောင်း၊ ကြိမ်နီပြင်၊ အနောက်ရဲ IDP စခန်း စုစုပေါင်း သုံးခုနှင့် ဘူးသီးတောင်မြို့နယ်ရှိ ရန်အောင်မြေဘုန်းကြီးကျောင်း၊ လမ်းမဘုန်းကြီးကျောင်း၊ မြတောင်ဘုန်းကြီးကျောင်း၊ ဂန္ဓာရီပရဟိတဘုန်းကြီးကျောင်း၊ မြောင်းနားတိုက်ပွဲရှောင်စခန်း စုစုပေါင်းတိုက်ပွဲရှောင်စခန်း ငါးခုသို့ သွားရောက်၍ ဆပ်ပြာ ၅၇၆၄ တောင့်၊ Surgical Mask ၂၀၂၆ ခု၊ အဝတ် Mask ၁၂၃၅၆ ခု၊ လက်သန့်ဆေးရည် ၇၇၈၁ ဘူး၊ လက်ဆေးစင် ၉၀၊ ထုံးအိတ် ၈၀၊ ဗီနိုင်းအချပ် ၂၀၊ အပူချိန်တိုင်းကိရိယာ သုံးခု၊ Hand Speaker နှစ်ခုနှင့် ကိုဗစ် - ၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick နှစ်ခုတို့အား သွားရောက်ထောက်ပံ့ခဲ့သည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ် - ၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ခွန်အားမြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံမှ သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် တပ်မတော်သားများအနက် တစ်ဦးတွင် COVID-19 ရောဂါပိုးထပ်မံတွေ့ရှိ

**နေပြည်တော် ဇွန် ၉**
အိန္ဒိယနိုင်ငံမှ သင်တန်းတက်ရောက်ပြီး မေ ၂၄ ရက်တွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်သား ၁၈ ဦးအား ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း အသွားအလာကန့်သတ်သီးခြားစောင့်ကြည့်ထားလျက်ရှိကာ ၎င်းတို့၏ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်များ ရယူ၍ နှစ်ကြိမ်စစ်ဆေးခဲ့ရာ အရာရှိ၊ စစ်သည် ၁၈ ဦးအနက် လေးဦးတွင် COVID-19 ရောဂါပိုးတွေ့ရှိရ၍ ကုသပေးလျက်ရှိပြီး ၎င်းတို့နှင့် ဆက်စပ်ထိတွေ့မှုရှိခဲ့သူများကိုလည်း လိုအပ်သည့်ရောဂါရှာဖွေ ဖော်ထုတ်ခြင်း၊ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်သည်။

အထက်ပါ Qurantine ထားရှိသည့် တပ်မတော်သားများအား ဇွန် ၈ ရက်တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ ၌ PCR (Polymerase Chain Reaction) နည်းဖြင့် တတိယအကြိမ် ထပ်မံစစ်ဆေးဆောင်ရွက်ခဲ့ရာ အရာရှိတစ်ဦးမှာ ရောဂါပိုးတွေ့ရှိ (တွေ့ရှိ)ရကြောင်း သိရှိရသည်။

အဆိုပါရောဂါပိုးတွေ့ရှိရသူအား တပ်မတော်က COVID-19 ရောဂါအထူးကုသရန် ကြိုတင်စီစဉ်ထားသည့် တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး (မင်္ဂလာဒုံ)သို့ ပို့ဆောင်၍ ကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ၎င်း၏ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း၊ ၎င်းနှင့် ဆက်စပ်ထိတွေ့မှု ရှိခဲ့သူများကိုလည်း လိုအပ်သည့်ရောဂါရှာဖွေဖော်ထုတ်ခြင်း၊ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ပခုက္ကူခရိုင်အတွင်း အငြိမ်းစားရဲမှုထမ်းအချို့အား တပ်မတော်မှရိက္ခာလေးမျိုး ထောက်ပံ့

**ပခုက္ကူ ဇွန် ၉**
ပခုက္ကူတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ အငြိမ်းစားရဲမှုထမ်းများအား တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်မတော်ရိက္ခာ အမယ်လေးမျိုး ထောက်ပံ့ပေးအပ်ခြင်းနှင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေး စစ်ဆေးဆောင်ရွက်ပေးခြင်းကို ဇွန် ၉ ရက်က ပခုက္ကူမြို့နယ်မြေခံတပ် ရန်ငြိမ်းအေးခန်းမ၌ ပြုလုပ်သည်။

ထောက်ပံ့ပေးအပ်ရာတွင် ပခုက္ကူခရိုင် ရဲတပ်ဖွဲ့နယ်မြေအတွင်းရှိ ရဲမှုထမ်းဟောင်း ၆၀ အတွက် နှစ်ပတ်စာ ဆန် ငါးအိတ်ခွဲ၊ ဆီ ၁၆၈ ပိဿာ၊ ဆား ၁၄၇ ပိဿာ၊ ကုလားပဲ ၂၅၂ ပိဿာ ထောက်ပံ့ပေးအပ်ခဲ့သည်။

ပခုက္ကူတပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ကလည်း ရဲမှုထမ်းဟောင်း ၆၀ တို့အား ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးအတွက် အပူချိန်တိုင်းတာပေးခြင်းကဲ့သို့သော ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**နေလင်း(ညောင်လေးပင်)**



# အင်းစိန်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအသုံးပြုရန် ရောဂါကာကွယ်ရေးဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဇွန် ၉**
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀၊ မျက်မှန် ၆၇ လက်၊ လက်အိတ် ၅၀၊ ဖိနပ်အရန် ၉၀ တို့ကို Mizzima Media Co.Ltd က အင်းစိန်မြို့နယ်ခန်းမတွင် (ယာယီ) ဖွင့်လှစ်ထားသော ကျန်းမာရေးစစ်ဆေးမှုဌာနတွင် ကိုဗစ်-၁၉ ကော်မတီသို့ ယနေ့နံနက်ပိုင်းက လှူဒါန်းခဲ့သည်။

လာရောက်လှူဒါန်းသည့် ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀ နှင့် ဆက်စပ်ပစ္စည်းများကို အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ကော်မတီမှ နာယကအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုး၊ အင်းစိန်ဆေးရုံ အထွေထွေရောဂါကု ဒေါက်တာ မာမာကြည်နှင့် (ယာယီ) ကျန်းမာရေးစစ်ဆေးမှုဌာနမှ တာဝန်ရှိ ဆရာဝန်၊ ဆရာမများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**မျိုးသန့်(ပြန်/ဆက်)**

# ဇွန် ၉ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ နှစ်ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၆ ဦး ရှိသွားပြီ

နေပြည်တော် ဇွန် ၉

ယနေ့တွင် ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိသူ နှစ်ဦး ရှိပြီး ၎င်းတို့မှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် ပြည်ပသို့ ခရီးသွားရာဇဝင်မရှိသူ တစ်ဦးတို့ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၆ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၄၆ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၅၉ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၄၅ ဦး ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၄၀၆၀၀ | ၂၄၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၅၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၃၁၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၄၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၉၀ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | ရခိုင် | ၄ | |
| ၆ | ရှမ်း(တောင်) | ၄ | |
| ၇ | မန္တလေး | ၃ | |
| ၈ | ရှမ်း(ရှေ့) | ၃ | |
| ၉ | ရှမ်း(မြောက်) | ၃ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | နေပြည်တော် | ၂ | |
| ၁၂ | ကရင် | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၁ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| | စုစုပေါင်း | ၂၄၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၉-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ၉-၆- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၀၂၈၀၄၀ | ၇၇၃၅၁၀ | ၁၁၃၁၆၄ |
| ၂။ | ဘရာဇီး | ၇၁၁၆၉၆ | ၃၂၅၆၀၂ | ၃၇၃၅၉ |
| ၃။ | ရုရှား | ၄၈၅၂၅၃ | ၂၄၂၃၉၇ | ၆၁၄၂ |
| ၄။ | စပိန် | ၂၈၈၇၉၇ | စိစစ်ဆဲ | ၂၇၁၃၆ |
| ၅။ | ဗြိတိန် | ၂၈၇၃၉၉ | စိစစ်ဆဲ | ၄၀၅၉၇ |
| ၆။ | အိန္ဒိယ | ၂၆၉၈၉၇ | ၁၃၀၆၅၉ | ၇၅၀၈ |
| ၇။ | အီတလီ | ၂၃၅၂၇၈ | ၁၆၆၅၈၄ | ၃၃၉၆၄ |
| ၈။ | ပီရူး | ၁၉၉၆၉၆ | ၈၉၅၅၆ | ၅၅၇၁ |
| ၉။ | ဂျာမနီ | ၁၈၆၂၈၄ | ၁၇၀၂၀၀ | ၈၈၀၂ |
| ၁၀။ | အီရန် | ၁၇၅၉၂၇ | ၁၃၈၄၅၇ | ၈၄၂၅ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၉ - ၆ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၃၈၅၁၄ | ၂၅၈၇၇ | ၂၅ |
| အင်ဒိုနီးရှား | ၃၃၀၇၆ | ၁၁၄၁၄ | ၁၉၂၃ |
| ဖိလစ်ပိုင် | ၂၂၉၉၂ | ၄၇၃၆ | ၁၀၁၇ |
| မလေးရှား | ၈၃၃၆ | ၆၉၇၅ | ၁၁၇ |
| ထိုင်း | ၃၁၂၁ | ၂၉၇၃ | ၅၈ |
| ဗီယက်နမ် | ၃၃၂ | ၃၁၆ | ၀ |
| မြန်မာ | ၂၄၆ | ၁၅၉ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၆ | ၁၂၄ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## COVID–19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID – 19 ကာလတွင် စိတ်ဖိစီးမှုများကို ကြုံတွေ့လာရတတ်ပါသည်။

ကြုံတွေ့ရသော ကိစ္စအဝဝကို ဒေါသစိတ်ဖြင့်မဖြေရှင်းမိစေရန် အမြဲသတိထားခြင်း၊ စိတ်ထွက်ပေါက်ရရှိစေရေးအတွက် စိတ်လိုက်မာန်ပါမပြုခြင်း၊ အရက်/ မူးယစ်ဆေးဝါး သုံးစွဲမှုတို့ကို ရှောင်ရှားခြင်း၊ အခက်အခဲပြဿနာရပ်များကို မိသားစုဝင်များ (သို့မဟုတ်) အနီးကပ်နေထိုင်သူများနှင့်အတူ ဝိုင်းဝန်းအဖြေရှာခြင်း၊ ရာသီဥတု၊ မိမိ၏ကျန်းမာရေး အခြေအနေတို့နှင့် လျော်ညီစွာ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ မျှတသောအာဟာရ မှီဝဲခြင်း၊ ကောင်းစွာအိပ်စက်အနားယူခြင်းတို့သည် စိတ်ဖိစီးမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် နည်းလမ်းများ ဖြစ်ပါသည်။

ထိုနည်းလမ်းများကို တစ်ဦးချင်းက နားလည်သတိပြုဆင်ခြင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် စိတ်ဓာတ်ခွန်အားများကို တိုးတက်ရရှိစေကာ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

## COVID–19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည် ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်း ကျဆင်းသည့်အဆင့်သို့ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID–19 ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၉**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ COVID–19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဇွန် ၁ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၃၇ မြို့နယ်ရှိ နေရာ ၇၅ နေရာများတွင်မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၉၈ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၁၄ ကီလိုဂရမ်၊ ရေ ၆၇၂၀ ဂါလန်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများမှ လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ထို့အတူ ဇွန် ၂ ရက်က မြို့နယ် ၄၁ မြို့နယ်ရှိ နေရာ ၈၃ နေရာများတွင်မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၉၉ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၂၇ ကီလိုဂရမ်၊ ရေ ၇၅၆၀ ဂါလန်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများမှ လိုက်လံကြည့်ရှုအားပေးခဲ့သည်။ အလားတူ ဇွန် ၃ ရက်က မြို့နယ် ၄၂ မြို့နယ်ရှိ နေရာ ၈၁ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၈၀ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၁၆ ကီလိုဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများမှ လိုက်လံကြည့်ရှုအားပေးခဲ့သည်။




ဇွန် ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်း COVID–19 ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ဇွန် ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၉) ရပ်ကွက် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ စာစစ်ဆောင်များအတွင်း COVID–19 ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ဇွန် ၂ ရက်က ချင်းပြည်နယ် ဟားခါးမြို့နယ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်းအတွင်း COVID–19 ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ဇွန် ၂ ရက်က ရခိုင်ပြည်နယ် မောင်တောမြို့ အမှတ်(၁) နယ်စပ်အဝင်/အထွက်စခန်းတွင် COVID–19 ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ဇွန် ၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အတွင်း COVID–19 ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ဇွန် ၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ်အတွင်း COVID–19 ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

# ဆူရ်ဘုန်လေဆိပ် တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ပြီးစီး

**ရန်ကုန် ဇွန် ၉**

မြန်မာနိုင်ငံ၏ တောင်တန်းဒေသဖြစ်ပြီး သွားလာရခက်ခဲသော ချင်းပြည်နယ် ဖလမ်းမြို့အနီး တည်ဆောက်လျက်ရှိသော ဆူရ်ဘုန်လေဆိပ် တည်ဆောက်ရေးလုပ်ငန်းများမှာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ကြောင်း လေဆိပ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဇော်ထံက သိရသည်။

"အဓိက ဆောင်ရွက်နေတဲ့ လေယာဉ်ပြေးလမ်းနဲ့ လေယာဉ်ရပ်နားရာနေရာ လုပ်တာကတော့ အကုန်လုံး ရာနှုန်းပြည့် ပြီးသွားပြီ။ လေဆိပ်အဆောက်အအုံကလည်း ရာနှုန်းပြည့်ပြီးသွားပြီ။ ကျန်တာက ဆက်စပ်လုပ်ငန်းတွေဖြစ်တဲ့ ရေမြောင်းတို့၊ ဘာတို့ပဲ နည်းနည်းကျန်တယ်။ ဆက်သွယ်ရေးပိုင်းဆိုင်ရာက ရှေ့တစ်ပတ်ဆိုပြီးမယ်" ဟု လက်ထောက်ညွှန်ကြားရေးမှူးက ပြောကြားသည်။

ဆူရ်ဘုန်လေဆိပ် တည်ဆောက်ရန်အတွက် မြေပြင်ကွင်းဆင်း လေ့လာတိုင်းတာခြင်း၊ တောရှင်းခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း လုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စတင်ခဲ့ပြီး နှစ်အလိုက် ဘတ်ဂျက်ငွေရရှိမှုအပေါ် မူတည်၍ တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခဲ့သည်။

လေဆိပ်တည်ဆောက်မှုလုပ်ငန်းများကို မူလက ၂၀၂၁ ခုနှစ်တွင် အပြီးတည်ဆောက်ရန် လျာထားခဲ့သော်လည်း သတ်မှတ်ကာလထက်စော၍ လုပ်ငန်းများပြီးစီးမှုကြောင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း လုပ်ငန်းများ အပြီးသတ်မည်ဟု ခန့်မှန်းထားကြောင်း၊ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၉၇ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ခရီးသည် ၇၀ ကျော် လိုက်ပါ စီးနင်းနိုင်သော ATR – 72 လေယာဉ်များ အတက်အဆင်း ပြုလုပ်နိုင်ရန် ရည်ရွယ်တည်ဆောက်လျက်ရှိသော ဆူရ်ဘုန်လေဆိပ်မှာ လေယာဉ်ပြေးလမ်းအရှည် အလျားပေ ၆၀၀၀ ရှိပြီး အနံပေ ၁၀၀ ရှိကြောင်း သိရသည်။ Steel Structure များဖြင့် တည်ဆောက်ထားသော တစ်ထပ်ခွဲလေဆိပ်အဆောက်အအုံမှာ ခရီးသည် ၂၅၀ ခန့်ကို ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။ လေဆိပ်အဆောက်အအုံကို ဒေသရာသီဥတုနှင့် ကိုက်ညီကာ သာမန်လေဆိပ်များနှင့် မတူသော အခုံးပုံသဏ္ဌာန် ဒီဇိုင်းထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း၊ ဓာတ်ပုံ – လင်းညွန့်**






# ကိုဗစ်-၁၉ ကာလအတွင်း စက်ရုံနှင့် အထည်ချုပ် ဝန်ထမ်းများ အခွင့်အရေးနှင့် ဥပဒေရေးရာများ အကြံဉာဏ်တောင်းနိုင်မည့် Hotline ပေါ်ထွက်

**ရန်ကုန် ဇွန် ၉**

စက်ရုံနှင့် အထည်ချုပ် လုပ်ငန်းများမှ ဝန်ထမ်းများအား အလုပ်ခွင်ရေးရာနှင့် ကျန်းမာရေး အသိပညာပေးများကို Shwe Job Application တရားဝင် Facebook စာမျက်နှာပေါ်တွင် အခါအားလျော်စွာ တင်ဆက်ပေးလျက်ရှိသည်။

ထို့ပြင် အခြားသော လှုပ်ရှားမှုကမ်ပိန်းတစ်ခုအနေဖြင့် လတ်တလော စက်ရုံအလုပ်ရုံဝန်ထမ်းများ ကြုံတွေ့ရတတ်သော လုပ်ငန်းခွင် ကျန်းမာရေး စောင့်ရှောက်မှုများ၊ လူမှုဖူလုံရေး ထောက်ပံ့မှု အကျိုးခံစားခွင့်များ၊ အလုပ်ရှင်နှင့် ဝန်ထမ်းများအကြား လုပ်ခလစာညှိနှိုင်းမှုများနှင့် နေရပ်ပြန်အလုပ်သမားများအား ကူညီထောက်ပံ့မှုများ အစရှိသည့် ကိစ္စရပ်များနှင့် တိုက်ရိုက်ဆက်သွယ်ပြီး အကြံဉာဏ်ကောင်းများ ပေးနိုင်ရန် Hotline ဖုန်းနံပါတ်ကို Shwe Job Application က စီစဉ်မိတ်ဆက်ပေးလိုက်ပြီဖြစ်သည်။

Hotline နံပါတ်မှာ ၀၉-၇၅၀၂၁၈၉၀၀ ဖြစ်ပြီး အဆိုပါ Hotline နှင့် လိုင်းခွဲ နံပါတ်များကို အပတ်စဉ် တနင်္လာနေ့မှ စနေနေ့အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း အခမဲ့ မေးမြန်းတိုင်ပင် ဆက်သွယ်ဆွေးနွေးနိုင်ကြောင်း သိရသည်။

ကိုဗစ်-၁၉နှင့်ပတ်သက်၍ အစိုးရမှ တရားဝင်ထုတ်ပြန်ထားသော နောက်ဆုံး ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ သတင်းများနှင့် Shwe Job Application အကြောင်း ပိုမိုသိရှိလိုပါက တရားဝင် Facebook စာမျက်နှာဖြစ်သော www.facebook.com/ShweJobApp/ တွင် ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ – ၆ – ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၃၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၀၉၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၁၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၀/၅၄၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၀/၅၅၅ | ကျပ် | ၅၆၀/၅၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၄၀/၄၈၀ | ကျပ် | ၅၂၀/၅၃၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၇၀/၅၉၅ | ကျပ် | ၆၄၅/၆၆၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၁ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၇၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၆ . ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၂ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၈ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၉ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၇၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၄၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၆ . ၇၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၇ . ၇၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၆၄၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၃၆၃၈ | ၃၈၁၃၂၄၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၅၀ | ၁၀၁၇ | ၃၈၉၄၃၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁၀ | ၈၁၀၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၂၇၇၁ | ၆၃၇၃၄၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၂၀၀၀ | ၅၆၀၀၀၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၆၄၄ | ၁၇၃၈၈၀၀ |

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဓာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သရုပ်ဆောင်မြင့်မြတ်ပါဝင်သည့် နိုင်ငံတကာတွင်ပြသမည့် ဇာတ်ကားသစ် ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးမည်



**သဘာဝဇာတ်ရုပ်များအပြင် ပရိသတ်များ ရယ်မောပျော်ရွှင်စေသည့် ဇာတ်ရုပ်များကိုပါ ဖန်တီးနိုင်သည့် အနုပညာအရည်အသွေးပြည့်ဝသည့် သရုပ်ဆောင်မြင့်မြတ်နှင့်အတူ ဘိုဘို ဖလင် ရုပ်ရှင်ထုတ်လုပ်ရေးမှ နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ဇာတ်ကားတစ်ကား ဖန်တီးသွားရန်ရှိကြောင်း သိရှိရသည်။**

"အခုအချိန်က ရုပ်ရှင်ထုတ်လုပ်ရေးတွေ အတော်များများ ရပ်နားနေရပါတယ်။ ခဏနားတယ်လို့ပဲ ကျွန်တော်ကတော့ ယူဆပါတယ်။ ရုပ်ရှင်ရုံတွေကြောင့်သာ ကျွန်တော်တို့က နားနေရတာပါ။ ဒါပေမယ့် လုပ်ငန်းက ရပ်တန့်သွားမယ့်လုပ်ငန်းမျိုးတော့မဟုတ်ပါဘူး။ မနားရင်လည်း အဆင်တော့သိပ်မပြေဘူး။ ကျွန်တော်တို့ ရိုက်ကူးရေးတွေဟာ လူစုလူဝေးနဲ့ လုပ်ကိုင်ကြရတာဆိုတော့ လက်ရှိမှာတော့ နားထားရပါတယ်။ ဒါပေမယ့် အမြန်ဆုံးပြန်လည်ပြီး ရိုက်ကူးရေးစတင်နိုင်ဖို့တော့ မျှော်လင့်ထားတယ်"ဟု ပြောကြားသည်။

ရုပ်ရှင်ရုံများ ပိတ်ထားရသဖြင့် ရုံရှင်များ ဝင်ငွေကျဆင်းလာပြီး လခပေးငှားရမ်းမှုများလည်း အပြောင်းအလဲများရှိနိုင်ကြောင်း၊ ရိုက်ကူးရေးများဘက်တွင် ပြသခွင့်မရမချင်း အရှုံးကို မသိနိုင်သေးကြောင်း ရုပ်ရှင်အသိုင်းအဝိုင်းမှ သိရှိရသည်။ ထို့ပြင် ကိုဗစ်အလွန်ကာလများအတွင်း ရိုက်ကူးရေးများ၌ ကုန်ကျစရိတ်အကျဉ်းရုံးရိုက်ကူးလာနိုင်သဖြင့် အရည်အသွေးပိုင်းများလည်း အားနည်းလာနိုင်ကြောင်း ရုပ်ရှင်လောကသားများက ခန့်မှန်းကြသည်လည်း ရှိသည်။

"ကိုမြင့်မြတ်နဲ့ ဇာတ်ကားတစ်ကားရိုက်ကူးဖို့ရှိတာမှာ အရည်အသွေးပိုင်းအတွက် ပြည်ပကနေပညာရှင်တွေ ခေါ်ရတာမျိုးရှိပါတယ်။ လူအင်အားဆိုရင်လည်း ၂၀၀ ကျော်လောက် အသုံးပြုဖို့ လျာထားခဲ့တာပါ။ အခုအချိန်မှာတော့ သိပ်မလွယ်တော့ဘူး၊ လူအင်အား ၅၀ လောက်နဲ့ ပညာရှင်တွေကို အဓိက ခေါ်ယူရိုက်ကူးရမယ့်အနေအထား ရောက်သွားပါပြီ။ အရင်ကတော့ မိတ်ကပ်ဆရာက အစ ခေါ်ယူရတာမျိုးဆိုတော့ အဲဒီလိုလုပ်ဖို့တော့ အခက်အခဲရှိပါတယ်။ နိုင်ငံခြားကနေ ပညာရှင်ခေါ်ဖို့ကလည်း ဗီဇာကိစ္စ ခက်ခဲလာမှာ။ ခေါ်ဖို့မလွယ်တော့ပါဘူး။ လက်ရှိမှာ ဒါရိုက်တာ ကိုဝင်းထွန်းထွန်းနဲ့ ရိုက်ကူးဖို့ ပြောထားပါတယ်။ အာရှရုပ်ရှင်ဈေးကွက်အတွက် ရည်မှန်းထားပြီး ပေမယ့် ဘယ်လိုအကောင်းဆုံး လုပ်မလဲဆိုတာတော့ အားလုံးပြန်တိုင်ပင်နေကြပါတယ်"ဟု ဘိုဘိုဖလင် ရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုဘိုဆန်းက ပြောကြားသည်။

**ကိုလင်း**

## လူရွှင်တော်ကြီးဦးမန်းဝင်း ကျန်းမာရေးပြန်လည်ကောင်းမွန် ကိုဗစ်ကာလ သတ်မှတ်ချက်အတိုင်း နေထိုင်မည်

ပြည်သူ့အချစ်တော် ဟာသလူရွှင်တော် ဦးမန်းဝင်းမှာ အရေးပေါ်ခွဲစိတ်ကုသမှု ခံယူထားခဲ့ပြီး လက်ရှိအချိန်တွင် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာပြီဖြစ်သော်လည်း ကိုဗစ်-၁၉ စောင့်ကြပ် ကြည့်ရှုသည့် ကန့်သတ်ချက်များအတိုင်း ပင်လုံဆေးရုံကြီးတွင် ၂၁ရက်ခန့် စောင့်ကြပ်ကြည့်ရှုမှုကို ခံယူသွားမည်ဖြစ်သည်။

"ဦးနှောက်ကို ခွဲစိတ်တာဖြစ်ပါတယ်။ ဦးနှောက်ခွဲစိတ်မှုအပြီး နှစ်ရက်အကြာမှာ အိပ်ပျော်နေရင်းကနေ ပြန်နိုးမလာတော့တဲ့အတွက် ဦးနှောက်ကို ဓာတ်မှန် ပြန်ရိုက်ရပါတယ်။ အဖြေအရ ဆရာဝန်ကြီးက ဦးနှောက်ထဲလေဝင်နေတာမို့ ပြန်မနိုးလာတော့တာပါတဲ့။ လေက ဖြည်းဖြည်းချင်းထွက်သွားမှာဖြစ်လို့ အချိန်အားဖြင့်တော့ သုံးပတ်လောက် ကြာနိုင်တယ်ဆိုပြီးပြောခဲ့ပါတယ်။ အခုတော့ အခြေအနေက တဖြည်းဖြည်းတိုးတက်လာပြီ။ အိပ်ပျော်နေတဲ့အတွက် အစာနဲ့ဆေး တွေကို မမြိုချနိုင်လို့ နှာခေါင်းပိုက်ကနေတစ်ဆင့် ဆက်သွယ်ထည့်နေရတာပါ။ ကျန်းမာရေးအခြေအနေက တိုးတက်လာတယ်လို့ ဆရာဝန်ကြီးတွေက ပြောပါတယ်။ ဒီကြားထဲမှာ ကိုဗစ်-၁၉ ဖြစ်ပွားချိန်လည်းဖြစ်နေတာဆိုတော့ ဆေးရုံ ပေါ်မှာပဲ နေနေပါတယ်"ဟု ဦးမန်းဝင်း၏ သမီးဖြစ်သူက ပြောကြားသည်။

**ကိုလင်း**

## ဂီတလောကသားများအတွက် ထောက်ပံ့မှု ရပ်နားတော့မည်

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလများအတွင်း ဂီတလောကသားများအတွက် ထောက်ပံ့ပေးနေမှုများကို ဇွန် ၁၀ ရက်တွင် စတင်ရပ်နားတော့မည်ဖြစ်ကြောင်း သိရှိရသည်။

"ပထမအကြိမ် ထောက်ပံ့မှုကို ရပ်နားတာပါ။ နောက်ထပ် ထပ်လှူသွားမှာပါ ရောဂါဖြစ်ပွားမှု အခြေအနေကိုကြည့်ပြီး ထပ်မံလှူဒါန်းပေးဖို့လည်း ရှိပါတယ်။ ဒီလို လှူဒါန်းပေးတဲ့အတွက် အဆင်မပြေဖြစ်နေတဲ့ ကျွန်တော်တို့ လောကသားတွေအတွက် အဆင်ပြေစေပါတယ်၊ လှူဒါန်းမှုတွေကို ဆက်လုပ်တဲ့အခါမှာလည်း ကျွန်တော်တို့အစည်းအရုံး အနေနဲ့ ဖုန်းနံပါတ်တွေ လိပ်စာတွေ ပြန်ပြီး စိစစ်ကောက်ခံသွားရမှာတွေ ရှိပါတယ်။ ပံ့ပိုးမှုမရသေးတဲ့သူတွေကိုလည်း ကျွန်တော်တို့ ပေးအပ်ဖို့ ပြင်ဆင်ရဦးမှာပါ၊ အခုအချိန်က ကျွန်တော်တို့ အဖွဲ့အစည်းတွေမှ မဟုတ်ပါဘူး၊ လူတိုင်းအခက်တွေ့ရတဲ့အချိန်ဖြစ်ပါတယ်။ အခုတော့ အချင်းချင်းကူညီတာမျိုးတွေလည်းရှိကြတော့ တော်သေးတယ်လို့ ပြောရမယ်" ဟု အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးစိုးမိုး(မေ)က ပြောသည်။



မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ဂီတလောကသားများကို အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆားတို့ကို လှူဒါန်းပေးခြင်းဖြစ်ပြီး ပထမအကြိမ်နှင့် ဒုတိယအကြိမ် လှူဒါန်းရာ၌ အစည်းအရုံးဝင် ၃၆၀၀ တို့ကို လှူဒါန်းနိုင်ဖို့ ရည်ရွယ်ထားကြောင်းလည်း သိရသည်။ **ကိုလင်း**

## ဝေလ တေးသီချင်းများအား သီဆိုယှဉ်ပြိုင်ပွဲ ပြုလုပ်မည်

ကိုဗစ်-၁၉ မဖြစ်ပွားခင်ကတည်းက အဆိုတော် ဝေလ၏ တေးသီချင်းများ သီဆိုယှဉ်ပြိုင်ပွဲ ကျင်းပရန် ရည်ရွယ်ထားခဲ့ပြီး ကိုဗစ်-၁၉ ဖြစ်ပွားချိန်ဖြစ်သဖြင့် အွန်လိုင်းမှတစ်ဆင့် သီဆိုယှဉ်ပြိုင်သွားကြရန် ရည်ရွယ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အွန်လိုင်းမှတစ်ဆင့် လျှောက်လွှာများကို လက်ခံပေးမည်ဖြစ်ပြီး Wave Money နှင့် တေးသံရှင် ဝေလတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ဝေလ၏ တေးသီချင်းများအနက်မှ သီချင်းသုံးပုဒ်ဖြစ်သည့် ခင်လေးစိမ်းတယ်၊ လွယ်လွယ်လေး ရခဲ့တော့၊ အနီးဆုံးရန်သူ သုံးပုဒ်အနက်မှ နှစ်သက်ရာတေးသီချင်းတစ်ပုဒ်ကို သီဆိုယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။

''Wave ဂီတလှိုင်းအစီအစဉ်မှာ ကျွန်တော်ပြောခဲ့သလိုပဲ ကျွန်တော်နဲ့ Wave Money တို့ ပူးပေါင်းပြီးလုပ်တဲ့ Cover Song သီချင်းဆိုပြိုင်ပွဲ စတင်ပါပြီ။ ရွေးပေးထားတဲ့ သီချင်းသုံးပုဒ်ဖြစ်တဲ့ (၁) ခင်လေးစိမ်းတယ်၊ (၂) လွယ်လွယ်လေးရခဲ့တော့၊ (၃)အနီးဆုံးရန်သူ တို့ထဲက ကြိုက်တဲ့ တစ်ပုဒ်ကို သီဆိုပြီးတော့ Facebook မှာ #SingWithWave ဆိုတဲ့ စာသားနဲ့အတူ Facebook ပေါ် Public နဲ့တင်ပေးရမှာပဲဖြစ်ပါတယ်။ ပြီးရင်တော့ တင်ထားတဲ့ Video လေးကို Screen-shot ရိုက်ပြီး ဒီ Post https:// www.facebook.com /29777069 0393696/ posts/ 1258054001 032022/ အောက်မှာ မှတ်ချက်တွေ ဝင်ပေးရမှာပါ''ဟု အဆိုတော်ဝေလက ပြောကြားသည်။

ပြိုင်ပွဲကာလသည် ဇွန် ၁၃ ရက်အထိဖြစ်ပြီး အနိုင် ရရှိသူကို ဇွန် ၁၆ ရက်တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်းနှင့် Wave Money မှ ဆုငွေကျပ် ၁၀ သိန်း ပေးအပ်သွားမည်ဟု သိရသည်။

**ကိုလင်း**



## ကမ္ဘာ့အွန်လိုင်း EDM ပွဲတော်ကို ဇူလိုင်လအတွင်း ကျင်းပမည်

လာမည့် ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် အသက်အရွယ်နှင့် နေရာမရွေး အကန့်အသတ်မရှိ လူတိုင်းကြည့်ရှုနိုင်မည့် အွန်လိုင်း EDM ပွဲတော်ဖြစ်သည့် Tomorrowland Around The World ပွဲတော်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘာတစ်ဝန်းလုံးတွင် တစ်ပြိုင်နက်ကျင်းပမည့် အဆိုပါ ဒစ်ဂျစ်တယ်အွန်လိုင်းပွဲတော်ကို တစ်ကမ္ဘာလုံးမှ ပရိသတ်များ၏ တောင်းဆိုချက်အရ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ပွဲလာရောက်ကြည့်ရှုသူများသည် ဗွီအာ နည်းပညာမြင့် မျက်မှန်များ တပ်ဆင်ရန်မလိုအပ်ဘဲ ကွန်ပျူတာ၊ ဖုန်းနှင့် တက်ဘလက်များကို အသုံးပြုခြင်းဖြင့် နည်းပညာများနှင့် ပေါင်းစပ်ထားသည့် ဖန်တီးမှုများအားလုံး၊ တင်ဆက်မှုများအားလုံးကို ရရှိနိုင်စေမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများက ဆိုထားသည်။

ဂီတနှင့် ဖျော်ဖြေပွဲကို အဓိကထားခြင်းအပြင် Tomorrowland signature stage များဖြစ်သည့် Atmosphere၊ Core၊ Freedom Stage၊ Elixir အပါအဝင် စုစုပေါင်း ရှစ်ခုပါဝင်မှာ ဖြစ်သည်။ Tomorrow-land ၏ Creative Team နှင့် 3D Artist များမှ အထူးဖန်တီးပေးထားသည့် stage အသစ် ၃ ခုလည်းပါဝင်မည်ဖြစ်သည်။ Stage တိုင်းတွင် ကမ္ဘာ့အကောင်းဆုံး EDM အနုပညာရှင်များမှ အမျိုးအစားစုံလင်စွာ ဖျော်ဖြေသွားမည်ဖြစ်ပြီး မီးရှူးမီးပန်းများနှင့် လေဆာပြပွဲများလည်း ပါဝင်မည်။ ၂၀၂၀ အတွက် 'The Reflection of Love-Chapter 1' ဆိုတဲ့ theme ဖြင့် ဖန်တီးထားသည့် အထင်ကရ Mainstage ကိုလည်း Tomorrowland Around The World မှာ ထုတ်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

Webinar များ၊ ဂိမ်းများ၊ lifestyle၊ အစားအသောက်၊ ဖက်ရှင်နှင့်ပတ်သက်သည့် အလုပ်ရုံ ဆွေးနွေးပွဲများနှင့် Tomorrowland Founda-tion လည်း ပါဝင်မည်ဖြစ်သည်။ Tomorrowland Around The World သည် ၁၅:၀၀ - ၀၁:၀၀ CEST အချိန်အတွင်း အချိန်ပြည့် ၂-ရက်ကြာ ဖျော်ဖြေသွားမည်ဖြစ်သည်။ အာရှနှင့် မြောက်/တောင် အမေရိကမှ ပရိသတ်များအတွက်လည်း စံတော်ချိန်အရ သင့်လျော်မှုရှိရန် ရွေးချယ်မှုများ ပြုလုပ်ပေးထားသည်။

Tomorrowland တွင် ကမ္ဘာ့အကောင်းဆုံး 3D ဒီဇိုင်း၊ ဗီဒီယိုထုတ်လုပ်မှု၊ ဂိမ်းနှင့် Special Effect နည်းပညာများအား အသုံးပြု၍ EDM လောကမှ ထိပ်တန်းအနုပညာရှင်များ ပါဝင်သည့် Line-up မှ stage ရှစ်ခုတွင် သီချင်းအသစ်များ မျှဝေသွားမည်ဖြစ်သည်။ ပွဲကျင်းပမည့် ၂ ရက်အတွင်း tomorrowland.com တစ်နေရာထဲတွင်သာ နားထောင်လို့ရမည်ဖြစ်သည်။ မြန်မာကျပ်ငွေဖြင့် တစ်ရက်တာ ဖျော်ဖြေမှုကို ကျပ်နှစ်သောင်းဝန်းကျင် ကျသင့်ပြီး အထူးသီးသန့်ဝင်ရောက်ခွင့်များလည်း ပါရှိကြောင်း သတင်းထုတ်ပြန်ထားသည်။ **ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### Black Lives Matter လှုပ်ရှားမှုတွင် ဂျနီဖာလိုပက်ဇ်နှင့် အဲလက်စ် ရိုဒရီဂုစ်တို့ပါဝင်

Black Lives Matter လှုပ်ရှားမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် လော့စ်အိန်ဂျလိစ်မြို့တွင် ပြုလုပ်သော ချီတက်ဆန္ဒပြပွဲသို့ အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင် ဂျနီဖာလိုပက်ဇ်နှင့် ခင်ပွန်းလောင်း အဲလက်စ် ရိုဒရီဂုစ်တို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။ ၎င်းတို့သည် ဟောလိဝုဒ် ဘူလီဗာလမ်းအထိ ချီတက်ခဲ့ကြသည်။

ကမ္ဘာပေါ်တွင် တရားမျှတမှုမရှိသည့်အရာများကို တိုက်ဖျက်ပစ်ရမည်ဟု ဂျနီဖာလိုပက်ဇ်က အင်စတာဂရမ်အကောင့်တွင် ရေးသားခဲ့သည်။ ပြောင်းလဲမှုတစ်စုံတစ်ရာမရှိသရွေ့ ငြိမ်းချမ်းစွာ ဆက်လက်ဆန္ဒပြသွားမည်ဟု ဂျနီဖာလိုပက်ဇ်ကပြောသည်။

ရိုဒရီဂုစ်ကလည်း လော့စ်အိန်ဂျလိစ်မြို့တွင် ပြုလုပ်သည့် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲတွင် ပါဝင်ရသည့်အတွက် ဂုဏ်ယူမိကြောင်း အရေးကြီးသည့် သတင်းစကားကို မျှဝေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက် ၄၆ နှစ်အရွယ် ဂျော့ဂျ်ဖလွိုဒ်အား ရဲများဖမ်းဆီးထားစဉ်အတွင်း သေဆုံးပြီးနောက်တွင် အမေရိကန်တစ်လွှားမြို့ကြီးများ၌ ဆန္ဒပြပွဲများ ပေါ်ပေါက်လာခဲ့သည်။

ဖလွိုဒ်အတွက် တရားမျှတမှုရစေရေးနှင့် ရဲများ၏ ကြမ်းတမ်းစွာ ဆက်ဆံမှုများ အဆုံးသတ်စေရေး ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။

Black Lives Matter လှုပ်ရှားမှုတွင် အနုပညာရှင်များက အလှူငွေများ ထည့်ဝင်လှူဒါန်းလျက်ရှိရာ ကမ္ဘာကျော်ကေပေါ့ အမျိုးသားတေးသံရှင်အဖွဲ့ဖြစ်သည့် BTS အဖွဲ့နှင့် ၎င်းတို့၏ အေဂျင်စီကလည်း အမေရိကန်ဒေါ်လာတစ်သန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**အီးတီအွန်လိုင်း ဒေါ့ကွန်း**




ဂျနီဖာလိုပက်ဇ်တို့ စုံတွဲကို ဆန္ဒပြပွဲအတွင်း တွေ့ရစဉ်။

### လေဒီဂါဂါ၏ သီချင်းအယ်လ်ဘမ်အသစ် နံပါတ် ၁ နေရာတွင် ရောက်ရှိ

အဆိုတော် လေဒီဂါဂါ၏ အယ်လ်ဘမ်သစ်ဖြစ်သည့် Chromatica သည် ဘေလ်ဘုတ်ဇယားတွင် နံပါတ် ၁ နေရာ၌ ရောက်ရှိနေကြောင်း သိရသည်။ လေဒီဂါဂါ၏ ခြောက်ကြိမ်မြောက် ဘေလ်ဘုတ်ဇယားတွင် နံပါတ် ၁ နေရာ၌ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။ Chromatica အယ်လ်ဘမ်ထုတ်ဝေမှုမှာ ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် အကြိမ်ကြိမ် နှောင့်နှေးကြန့်ကြာခဲ့ရသည်။

ထို့နောက် မေလအတွင်းတွင်မှ ထုတ်ဝေနိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ်က လေဒီဂါဂါအတွက် Joanne ဟု အမည်ရသည့် အယ်လ်ဘမ်ထုတ်ဝေပြီးနောက် ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ် အယ်လ်ဘမ်သစ် ထုတ်ဝေခြင်းလည်း ဖြစ်သည်။

အာရီယာနာ ဂရန်ဒီနှင့်အတူ တွဲဆိုထားသည့် Rain on Me သီချင်းသည်လည်း ဘေလ်ဘုတ် နာမည်အကြီးဆုံးသီချင်း ၁၀၀ တွင် နံပါတ် ၅ နေရာ ရောက်ရှိနေကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် အချပ်ရေပေါင်း ၂၇၄၀၀၀ ရောင်းချထားရပြီး အမျိုးသမီးအဆိုရှင်အတွက် ယခုနှစ် အဖွင့်သီတင်းပတ်အတွင်း ရောင်းအားအကောင်းဆုံးလည်း ဖြစ်သည်။ ယင်းအယ်လ်ဘမ်ကို မေ ၂၉ ရက်တွင် ထုတ်ဝေခဲ့ကြောင်း သိရသည်။

**နယူးယောက်တိုင်းမ်**



အဆိုတော် လေဒီဂါဂါ

## ဥပဒေအတွေး ရေးပါရစေ အပိုင်း(၂၃)

# ရှေ့နေများ၏ ရှေ့နေများကောင်စီ

**ဦးဟန်ညွန့် (ဥပဒေ)**



#### ကောင်စီဝင် ဖြစ်ချင်သူ

"တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲကျင်းပတော့မယ်လို့ သတင်းစာတွေမှာ ဖတ်ရတယ်။ ကျွန်တော်လည်း အရွေးခံချင်တယ်။ ကောင်စီဝင် ဖြစ်ချင်တယ်။ ရှေ့နေထုကိုယ်စား ရွေးကောက်ခံချင်လို့ပါ" ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ကျွန်တော့်အား အရေးဆိုလာပါသည်။

မောင်ပျင်းရိတို့လို အလုပ်သင်ရှေ့နေတစ်ဦးအနေဖြင့် ယခုလောလောဆယ် ကောင်စီဝင်မဖြစ်နိုင်သေးပါ။ အလုပ်သင်ကာလမျှသာ ရှိသေး၍ များစွာနုနယ်သေးသည်ဟု ဆိုရမည်ပါ။ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကိုလည်း သေသေချာချာ လေ့လာဖတ်ရှုဖို့၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများပါ သိမှတ်ဖို့ လိုအပ်ပါသည်။ ထို့ကြောင့် ဤဆောင်းပါးဖြင့် ရှင်းလင်းတင်ပြပါရစေ။

#### တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေ

တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ၁၉၂၆ ခုနှစ် အိန္ဒိယအက်ဥပဒေအမှတ် ၃၈ အဖြစ် ၁၉၂၉ ခုနှစ် ဇန်နဝါရီလ ၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။ ထို့နောက် ခေတ်နှင့်အညီ အဆင့်ဆင့်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

#### တရားလွှတ်တော်ရှေ့နေများကောင်စီ ဖွဲ့စည်းပုံ

တရားလွှတ်တော်ရှေ့နေများ ကောင်စီကိုအောက်ပါအတိုင်းဖွဲ့စည်းသည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုရှေ့နေချုပ် | ဥက္ကဋ္ဌ |
| (ခ) | ပုဒ်မခွဲ (င) အရ ရွေးကောက်တင်မြှောက်ခံရသည့် တရားလွှတ်တော်ရှေ့နေများက ယင်းတို့ထဲမှ ရွေးကောက်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေတစ်ဦး | ဒုတိယ ဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမည်စာရင်းတင်သွင်းသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှစ်ဦး | အဖွဲ့ဝင်များ |
| (ဃ) | ဒုတိယရှေ့နေချုပ် | အဖွဲ့ဝင် |
| (င) | တရားလွှတ်တော်ရှေ့နေများက သတ်မှတ်ချက်နှင့်အညီ ရွေးကောက်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေလုပ်သက် ၁၅ နှစ်ရှိ တရားလွှတ်တော်ရှေ့နေ ၁၁ ဦး | အဖွဲ့ဝင်များ |
| (စ) | ပုဒ်မခွဲ (င) အရ ရွေးကောက်တင်မြှောက်ခံရသည့် တရားလွှတ်တော်ရှေ့နေများက ယင်းတို့ထဲမှ ရွေးကောက်တင်မြှောက်သည့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ပြီးသူမှအပ ဖြစ်သည့် တရားလွှတ်တော်ရှေ့နေတစ်ဦး | အတွင်းရေးမှူး |

#### အက်ဥပဒေကို ပြင်ဆင်ခြင်း

တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ၂၀၁၉ ခုနှစ် ဇွန်လ ၁၀ ရက် ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ စကားရပ်များပြင်ဆင်ခြင်း၊ တာဝန်များအစားထိုးခြင်း စသည့် အရေးကြီးသည့် မူဝါဒများကို ပြင်ဆင်ခဲ့ခြင်းမှာ သိသာထင်ရှားလှပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြည်သူ့ကိုယ်စား သမိုင်းသစ်တစ်ခေတ်ကို စတင်ဖွင့်လှစ်ဘိသကဲ့သို့ တရားလွှတ်တော်ရှေ့နေများ၏ ကဏ္ဍကို မီးမောင်းထိုးပြခဲ့ခြင်းဟုလည်း မှတ်ယူနိုင်ပါသည်။

#### မောင်ပျင်းရိ၏ စောဒက

အလုပ်သင်ရှေ့နေ မောင်ပျင်းရိက "ဆရာကြီးရယ်... ရှေ့နေများ ကောင်စီလို့ဆိုပြီး ရှေ့နေချုပ်၊ တရားသူကြီးချုပ်ရုံးက တာဝန်ရှိသူတွေနဲ့ ဦးဆောင်ပါဝင်ဖွဲ့စည်းထားတယ်။ ကျွန်တော်တို့ ရှေ့နေတွေချည်း ဖွဲ့စည်းလို့မရဘူးလား။ လွတ်လွတ်လပ်လပ်ပေါ့ဗျာ။ ဝန်ထမ်းတွေ မပါဘဲ ဖွဲ့လို့မရဘူးလား" ဟု ကျွန်တော့်အား စောဒကတက်ပါသည်။ သူ့စောဒကကို ကျွန်တော် နားလည်ပါသည်။

#### စီမံခန့်ခွဲမှု သဘော

ပြင်ဆင်သည့် ဥပဒေမှာ ပြည်သူ့ကိုယ်စားလှယ်များ ဆွေးနွေးဆုံးဖြတ်ခဲ့ပြီးမှ ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်အတည်ပြု ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ပါသည်။ ဥက္ကဋ္ဌမှာ ပြည်ထောင်စုရှေ့နေချုပ် ဖြစ်သော်ငြား ဒုတိယဥက္ကဋ္ဌမှာ တရားလွှတ်တော်ရှေ့နေများက ရွေးကောက်တင်မြှောက်သည့် တရားလွှတ်တော် ရှေ့နေတစ်ဦးသာ ဖြစ်ပါသည်။ အဖွဲ့ဝင်များ၏ အရေအတွက်ကိုကြည့်လျှင် လုပ်သက်အနည်းဆုံး ၁၅ နှစ်ရှိသော တရားလွှတ်တော် ရှေ့နေ ၁၁ ဦးမှာ အဖွဲ့ဝင်များ ဖြစ်ကြပါသည်။ ထို့ပြင် အတွင်းရေးမှူးမှာလည်း တရားလွှတ်တော်ရှေ့နေများက ရွေးကောက်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေတစ်ဦးသာ ဖြစ်ပါသည်။ ဤဖွဲ့စည်းပုံအရ တရားလွှတ်တော်ရှေ့နေအများစုဖြင့် ဖွဲ့စည်းထားကြောင်း မြင်သာပါသည်။ အချိန်ကာလနှင့် အတွေ့အကြုံများက မောင်ပျင်းရိ၏ဆန္ဒကို ဖြည့်ဆည်းပြည့်ဝလာနိုင်မည်ဟု မျှော်လင့်ပါသည်။ မောင်ပျင်းရိလည်း မပျင်းမရိဘဲ လေ့လာဆည်းပူးပြီး ရှေ့နေလောကတွင် အားကိုးအားထားပြုလောက်သည့် တရားလွှတ်တော်ရှေ့နေကြီး ဖြစ်လာသည့်အချိန်တွင် ဥပဒေပြင်ဆင်ရေး တာဝန်များကို တိုးတက်သည်ထက် တိုးတက်အောင် စွမ်းဆောင်နိုင်ပါစေဟု ဆရာကြီး၏ ရုံးခန်းထွက် (တပည့်ပီသစွာ) မျှော်လင့်ယုံကြည်လိုက်ပါသည်။ တစ်ဖက်ကလည်း ရုံးလုပ်ငန်းတာဝန်၊ စီမံဘဏ္ဍာတာဝန်၊ စီမံခန့်ခွဲမှုသဘောများကို ပေါင်းစပ်သုံးသပ်စဉ်းစားတတ်သော တရားလွှတ်တော်ရှေ့နေကြီး ဦးပျင်းရိအဖြစ် မြင်တွေ့ချင်ပါသေးသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်ကိုလည်း မမေ့ဖို့ သတိပေးချင်ပါသည်။




#### ဥပဒေပညာ

"ဥပဒေပညာသည် အကျင့်သိက္ခာနှင့် ပြည့်စုံသောပညာဖြစ်သည်" (THE LEGAL PROFESSION IS A NOBLE PROFESSION) ဟူသော ဆောင်ပုဒ်နှင့်အညီ အကျင့်သိက္ခာနှင့် ပြည့်စုံသော တရားလွှတ်တော်ရှေ့နေများ၏ ဆန္ဒဖြင့် ကိုယ်စားပြု အဖွဲ့အစည်းတစ်ရပ် (ဦးဆောင်အဖွဲ့အစည်းတစ်ရပ်) လိုအပ်သည်ကား အမှန်ပင်ဖြစ်ပေသည်။ ယင်းလိုအပ်ချက်နှင့်အညီ မြန်မာတစ်နိုင်ငံလုံး၏ ရှေ့နေအများစုကို ကိုယ်စားပြုသော၊ ရှေ့နေအကျိုးကိုလိုလားသော၊ စည်းကမ်းပြည့်ဝသော၊ ဥပဒေပညာအရည်အချင်းပြည့်ဝသော၊ တိုင်းကျိုးပြည်ပြု အစဉ်အလာ ဂုဏ်ဒြပ်များနှင့် ပြည့်စုံသော တရားလွှတ်တော်ရှေ့နေများကောင်စီကို အများက ကြိုဆိုလျက်ရှိပါသည်။ မိမိတို့၏ အရေးကိစ္စများကို မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲနိုင်ကြမည်ဖြစ်ပါသည်။ အခက်အခဲ၊ လိုအပ်ချက်၊ ရှေ့မျှော်မှန်းချက်များကိုလည်း လက်တွေ့ဘဝများက ထောက်ပြ၊ သင်ခန်းစာရနိုင်ကြမည်ဖြစ်ပါသည်။ အလုပ်လုပ်ကြည့်မှ တာဝန်ပိုသိလာပါမည်။

#### ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်

မောင်ပျင်းရိမေးသော နောက်မေးခွန်းတစ်ခုမှာ "ကျွန်တော်အရွေးခံချင်တယ်၊ ဘယ်လိုအရွေးခံရမည်လဲ" ဟူသော မေးခွန်း ဖြစ်ပါသည်။

အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူသည် တရားလွှတ်တော်ရှေ့နေများ ကောင်စီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်-

(က) နိုင်ငံသားဖြစ်သူ

(ခ) အက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) အရ တရားလွှတ်တော်ရှေ့နေလုပ်သက် အနည်းဆုံး ၁၅ နှစ်ရှိသူ

(ဂ) အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁) အရ အမှုလိုက်ပါဆောင်ရွက်ခြင်း ဆိုင်းငံ့ထားခြင်းခံနေရဆဲမဟုတ်သူ (သို့မဟုတ်) တရားလွှတ်တော် ရှေ့နေများစာရင်းမှ ပယ်ဖျက်ခံရခြင်း မဟုတ်သူ

(ဃ) အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁) အရ ပြင်းထန်စွာသတိပေးခြင်း ပြစ်ဒဏ်ကိုရွေးကောက်ပွဲကျင်းပမည့်ရက် မတိုင်မီ တစ်နှစ်အတွင်း ချမှတ်ခံရခြင်းမရှိသူ

**[ နည်းဥပဒေများအခန်း (၂) ၅ ]**

#### ရွေးချယ်တင်မြှောက်ခြင်း

တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးချယ်တင်မြှောက်ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃ ရက် ရက်စွဲဖြင့် နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လထဲတွင် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲကို နည်းဥပဒေများနှင့်အညီ ကျင်းပတော့မည် ဖြစ်ပါသည်။

#### ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၂၀၂၀ ပြည့်နှစ် မေလတွင် ထုတ်ဝေသော အောက်ပါအက်ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ဖတ်ရှုလေ့လာသင့်ပါသည်။

(၁) တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ

(၂) တရားလွှတ်တော်ရှေ့နေများကောင်စီ၊ ရွေးကောက်တင်မြှောက်ခြင်း ဆိုင်ရာ နည်းဥပဒေများ

(၃) လုပ်ထုံးလုပ်နည်းများ

#### ဆက်သွယ်

နောက်ဆုံးပြင်ဆင်ချက်များပါရှိသော ဥပဒေရေးရာစာအုပ်စာစောင်များဖတ်ရှုခြင်း၊ မရှင်းမလင်းမေးမြန်းစရာများရှိပါက နီးစပ်ရာခရိုင်ဥပဒေရုံးများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး စသည့်တာဝန်ရှိဌာန၊ အဖွဲ့အစည်းများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါမည်။ သတင်းစာများတွင် အသိပေးကြေညာချက်များကိုလည်း တရားလွှတ်တော်ရှေ့နေများကောင်စီက အသိပေးကြေညာလျက်ရှိပါသည်။ Website တွင်လည်း လေ့လာဖတ်ရှုနိုင်ပါသည်။

*စာမျက်နှာ ၂၂ သို့*

# ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသရှိ စေတီပုထိုးများ ဖောက်ထွင်းခံထားရမှု ထပ်မံတွေ့ရှိ

**ညောင်ဦး ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းစေတီပုထိုးများ ထပ်မံဖောက်ထွင်းခံထားရသည့် ဘုရားများ ဇွန် ၉ ရက် နံနက် ၈ နာရီက ထပ်မံတွေ့ရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) မှ သိရှိရသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရွာဟောင်းကြီးဘုရားရှိဘုရားငါးဆူဖောက်ထွင်းခံရကြောင်း သတင်းအရ ဇွန် ၉ ရက် နံနက် ၈ နာရီက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) မှ တာဝန်ခံ ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ ဒေသခံ ဧည့်လမ်းညွှန် ဦးသန်းဌေး ဦးဆောင်သည့် ပုဂံဧည့်လမ်းညွှန်အသင်း၊ နယ်မြေခံရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ ထိုသို့ကွင်းဆင်းစစ်ဆေးချက်အရ အောက်ဖော်ပြပါ ဘုရား ၁၄ ဆူအနက် ဘုရား ၁၁ ဆူ၏ ဖောက်ထွင်းနေရာတွင် မည်သည့် ပစ္စည်းမျှ မတွေ့ရှိရဘဲ ဘုရားသုံးဆူတွင် ပစ္စည်းများတွေ့ရှိရကြောင်း၊ ဘုရားအမှတ်-၂၃၅၀၊ ဘုရားအမှတ်-၇၅၃၊ ဘုရားအမှတ်-၁၇၉၀-က၊ ဘုရားအမှတ်-၁၇၉၁-က၊ ဘုရားအမှတ်-၁၇၉၁-ခ၊ ဘုရားအမှတ် -၃၉၈၊ ဘုရားအမှတ်- ၃၉၉၊ ဘုရားအမှတ်-၉၉၉၊ ဘုရား အမှတ်-၇၅၁-က၊ ဘုရားအမှတ်- ၁၀၀၁၊ ဘုရားအမှတ်-၂၀၆၉-က၊ ဘုရားအမှတ်-၂၀၇၀-က၊ ဘုရားအမှတ်-၂၀၇၀-ဂ၊ ဘုရားအမှတ်- ၂၀၇၀-ခ တို့ ဖောက်ထွင်းထားရာများ တွေ့ရှိရကြောင်း သိရသည်။



မောင်မောင်ထိန်
(ကျောက်ပန်းတောင်း)



# ပုဂံရှိ လောကထိပ်ပန်ဘုရား၌ သံပန်း ကာရံထားသည့် ယင်းလိပ် မီးရှို့မှုဖြစ်ပွား

**ပုဂံ ဇွန် ၉**

ပုဂံမြို့ဟောင်း တောင်ဖီကျေးရွာအုပ်စု ရွှေစံတော်ဘုရားမြောက်ဘက် လောကထိပ်ပန်ဘုရား (ဘုရားအမှတ် ၁၅၈၀) အတွင်းရှိ သံပန်းအား ကာထားသည့် ယင်းလိပ်ကို ယနေ့နံနက် ၈ နာရီခန့်က မီးရှို့ခံရကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) မှ သိရသည်။ **(အပေါ်ပုံ)**

လောကထိပ်ပန်ဘုရားတွင် ပုဂံခေတ်ဦးပိုင်းလက်ရာ နံရံဆေးရေးပန်းချီများ ထိခိုက်ပျက်စီးမှု မရှိအောင် သံတံခါးတပ်၍ ယင်းလိပ်ကာထားခြင်းဖြစ်ကြောင်း၊ ယခုမီးရှို့မှုကြောင့် ယင်းလိပ်အမြင့် နှစ်ပေ၊ အလျား လေးလက်မခန့် ပျက်စီးခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ပြောကြားသည်။

မီးရှို့ခံရသော လောကထိပ်ပန်ဘုရား (ဘုရားအမှတ် ၁၅၈၀) သည် အေဒီ (၁၂) ရာစုက တည်ထားခဲ့ပြီး ဗုဒ္ဓဝင်ခန်းများနှင့် ဇာတ်ကြီးဆယ်ဘွဲ့ပန်းချီပါ အကြောင်းအရာများကို မွန်၊ မြန်မာ နှစ်ဘာသာဖြင့် ကမ္ပည်းစာရေးထိုးထားသည့် ကွမ်းတောင်ပေါက်လိုဏ်ဂူ တစ်ဆင့်ဂူဘုရားတစ်ဆူဖြစ်ကြောင်း သိရသည်။

ဖေလိန်း (ပုဂံ)

# မြန်မာလုပ်သားများ မြဝတီချစ်ကြည်ရေးအမှတ် (၂) တံတားမှ ဇွန် ၉ ရက်တွင် ၁၀၉၄ ဦး ဝင်ရောက်

**မြဝတီ ဇွန် ၉**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြန်မာနိုင်ငံမှ မေ ၁ ရက်မှစပြီး လက်ခံခဲ့ရာ ဇွန် ၉ ရက်တွင် မြဝတီအမှတ် (၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ၁၀၉၄ ဦးပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများသည် ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံး၏ ခွင့်ပြုချက်ရယူကာ ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀၊ ၂ ရက်က ၅၄ ဦး၊ ၃ ရက်က တစ်ဦး၊ ၄ ရက်က ၄၄ ဦး၊ ၅ ရက်က ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တွင် ဝင်ရောက်ခြင်း မရှိဘဲ ၈ ရက်က ၁၀၀၊ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၀ ရက်တွင် ၄၄ ဦး၊ ၁၁ ရက်တွင် ၁၃ ဦး၊ ၁၂ ရက်တွင် ၄၁ ဦး၊ ၁၃ ရက်တွင် ၁၆ ဦး၊ ၁၄ ရက်တွင် ၃၈ ဦး၊ ၁၅ ရက်တွင် ၁၂၀ ၊ ၁၆ ရက်တွင် ၇၆ ဦး၊ ၁၇ ရက်တွင် ၉၀၊ ၁၈ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၉ ရက်တွင် ၆၄ ဦး၊ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၂၂ ရက်တွင် ၃၆ ဦး၊ ၂၃ ရက်တွင် ၆၀၄ ဦး၊ ၂၄ ရက်တွင် ၁၁၁၈ဦး၊ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ ၃၁ ရက်တွင် ၁၅၁၁ ဦး၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ၂ ရက်တွင် ၁၅၁၇ ဦး၊ ၃ ရက်တွင် ၁၅၄၇ ဦး၊ ၄ ရက်တွင် ၁၂၀၄ ဦး၊ ၅ ရက်တွင် ၁၁၉၀ ဦး၊ ၆ ရက်တွင် ၁၇၈၄ဦး၊ ၇ ရက်တွင် ၁၆၃၅ ဦး၊ ဇွန် ၈ ရက်တွင် ၉၄၆ ဦး၊ ဇွန် ၉ ရက်တွင် ၁၀၉၄ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၂၃၆၄၀ အထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

အဆိုပါ နေ့အလိုက် ပြန်လည်ဝင်ရောက်သူများအနက် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ပြန်လည်ဝင်ရောက်သူများနှင့် မေ ၁၇ ရက်ဝင်ရောက်သူ ၉၀ အနက် ၄၅ ဦး၊ မေ ၂၇ ရက် ဝင်ရောက်သူ ၁၄၃၄ ဦးအနက် ၅၂ ဦး၊ ဇွန် ၄ ရက်တွင် ဝင်ရောက်သူ ၁၂၀၄ ဦးအနက် ၁၂၃ ဦး၊ ဇွန် ၈ ရက်တွင် ဝင်ရောက်သူ ၉၄၆ ဦးအနက် ၃၅ ဦးတို့ အနေဖြင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီးသောသူများနှင့် အချုပ်မှ ပြန်လည်လွှတ်မြောက်လာသူများဖြစ်သဖြင့် ထိုင်းနိုင်ငံ တာဝန်ရှိသူများက လာရောက်လွှဲပြောင်း ပို့ဆောင်ပေးခြင်းဖြစ်သည်။ ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၆၂၉ ဦး၊ အမျိုးသမီး ၄၆၅ ဦး စုစုပေါင်း ၁၀၉၄ ဦး ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင် (ပြန်/ဆက်)

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

*စာမျက်နှာ ၂၁ မှ*

**ရက်တိုးမြှင့်**

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တရားလွှတ်တော်ရှေ့နေသည် မိမိဆန္ဒမဲပေးလိုသည့် မဲဆန္ဒနယ်တွင် မဲစာရင်း၌ အမည်ထည့်သွင်းပေးရန် သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ ပုံစံ(၁)ဖြင့် ၁၃-၆-၂၀၂၀ နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း ကြေညာခဲ့ပါသည်။

ယခုအခါ ၁၃-၆-၂၀၂၀ အစား ၂၈-၆-၂၀၂၀ ဟု ပြင်ဆင်ထားကြောင်း သိရပါသည်။ ၁၅ ရက်ခန့် ရက်တိုးမြှင့်ပေးသည့် အခွင့်အရေးဖြစ်ပါသည်။ ကြီးကြပ်ရေးအဖွဲ့များအနေဖြင့်လည်း အလုပ်လုပ်ချိန်ပိုမိုရရှိသွားပြီဖြစ်ပါသည်။ လိုအပ်ချက်တွေရှိပါက ဝိုင်းကူညီလုပ်ကြစေချင်ပါသည်။

**အဆိုပြုလွှာတင်သွင်းခြင်း**

နည်းဥပဒေများ နည်းဥပဒေ(၅)ပါ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းနှင့်ပြည့်စုံသူသည် ကောင်စီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံလိုပါက ကောင်စီဝင်လောင်းအဆိုပြုလွှာကို ပုံစံ(၄)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်ရက်မတိုင်မီ ၄၅ ရက်ထက်မစော ၃၀ ရက်ထက် နောက်မကျစေဘဲ အတွင်းရေးမှူးထံ အရောက်ပေးပို့ရမည် ဖြစ်ပါသည်။

**ဆန္ဒမဲပေးခြင်း**

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူသည် ၎င်းအမည်ပါရှိသည့် မဲဆန္ဒနယ်၌ တစ်ကြိမ်သာမဲပေးရမည်။ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူသည် မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးရမည်။ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်းမပြုရပါ။ ဆန္ဒမဲ ပေးနိုင်ရန် တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှတ်ပြုလက်မှတ်(သို့မဟုတ်)အသိအမှတ်ပြုကတ်ပြားကို ယူဆောင်လာရမည်ဖြစ်သည်။ သိစရာတွေ၊ ပြင်ဆင်စရာတွေ များလှသည်။ (တရားလွှတ်တော်ရှေ့နေများကောင်စီ၏ ၁၈-၅-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၀ ကို ရည်ညွှန်းလေ့လာစေချင်ပါသည်)

**ပုံစံများ**

ရွေးကောက်ပွဲဝင်လိုသူတိုင်း တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ဖော်ပြထားသည့်သတ်မှတ်ထားသော ပုံစံများကို သိရှိလေ့လာထားရန် လိုအပ်ပါမည်။

ပုံစံ(၁)မှာ မဲဆန္ဒနယ်မဲစာရင်းတွင် အမည်စာရင်းထည့်သွင်းပေးရန် လျှောက်လွှာပုံစံဖြစ်ပါသည်။

ပုံစံ(၂)မှာ မဲစာရင်းပြုစုခြင်း ပုံစံဖြစ်ပါသည်။

ပုံစံ(၃)မှာ မဲစာရင်းကြေညာခြင်း ဖြစ်ပါသည်။

ပုံစံ(၄)မှာ ကောင်စီဝင်လောင်းအဆိုပြုလွှာဖြစ်ပါသည်။ ပုံစံ(၁)မှ ပုံစံ(၁၇) အထိ ရှိပါသည်။

အရွေးခံမည့်သူရော၊ မဲပေးမည့်သူများပါ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ကျေညက်စွာဖတ်ရှုလေ့လာကြရန် လေးစားခင်မင်စွာ တိုက်တွန်းအပ်ပါသည်။

**အသင်းအဖွဲ့များစုံညီစွာ**

ယခုအခါအသင်းအဖွဲ့များစုံညီစွာ အမည်နာမအသီးသီးဖြင့် ရှေ့နေရှေ့ရပ်အသင်းများ၊ အဖွဲ့အစည်းများ ဖွဲ့စည်းရပ်တည်လျက်ရှိကြပါသည်။ ရည်ရွယ်ချက်အမျိုးမျိုး၊ အမြင်အမျိုးမျိုး ကွဲပြားနိုင်သော်ငြား ရှေ့နေရှေ့ရပ်အများစု၏ အကျိုး၊ ရှေ့နေထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို မည်သည့်အသင်း၊ အဖွဲ့အစည်းကမျှ ထိခိုက်နစ်နာအောင် လုပ်ဆောင်မည် မဟုတ်ကြပါ။ "အရေးကြီးလျှင် သွေးစည်းကြသည်" ဆိုသည့်အတိုင်း ရှေ့နေထုတစ်ရပ်လုံးရှေ့နေလောက၏ဂုဏ်ရည်ကို မြင့်မားစေမည်သာဖြစ်ပါသည်။ မွန်မြတ်သောဥပဒေပညာ၊ မွန်မြတ်သော ရှေ့နေရှေ့ရပ်အသက်မွေးဝမ်းကျောင်းမှု၏ ကောင်းမြတ်သော ကိုယ်ကျင့်သိက္ခာ အကျင့်စာရိတ္တများ ကောင်းမွန်တိုးတက်စေမည်သာ ဖြစ်ပါသည်။ ရှေ့နေဟူသည့်အတိုင်း ရှေ့တန်းက နေကြစေချင်ပါသည်။ နောက်တန်းသို့ မရောက်စေချင်ပါ။

**အကျင့်သိက္ခာ**

အကျင့်သိက္ခာ မြင့်မားမှုအတွက် ကျွန်တော်တို့ရှေ့နေထုတစ်ရပ်လုံးက အစဉ်တစိုက် ညီညီညွတ်ညွတ်ထမ်းရွက်ကြမည်ဖြစ်ပါသည်။ အကျင့်သိက္ခာ ပျက်ပြားခြင်းအတွက် ရှေ့နေရှေ့ရပ်အချင်းချင်း ဝိုင်းဝန်းထိန်းသိမ်းကြပါမည်။ **"ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်"** ရသည့်အဖြစ်မျိုး မဖြစ်ရအောင်လည်း ကိုယ့်အချင်းချင်း ရိုင်းပင်းထိန်းသိမ်းကြပါမည်။ မိမိတတ်သိသည့် မွန်မြတ်သောဥပဒေပညာဖြင့် တိုင်းကျိုးပြည်ကျိုး အစဉ်သယ်ပိုးကြရပါမည်။ တိုင်းပြည်၏အရေးပါအရာရောက်သော ကဏ္ဍအသီးသီးတွင် ရှေ့နေရှေ့ရပ်အသီးသီးက ဥပဒေပညာဖြင့် အထောက်အကူပြုကြပါမည်။ ပြုလျက်လည်းရှိကြပါသည်။ ရှေ့နေများ၏ ရှေ့နေများကောင်စီကို ကြိုဆိုပါသည်။ မင်္ဂလာရှိသော အခါသမယ ဖြစ်ပါပေသည်။

**စေတနာ**

ကောင်စီဝင်ဖြစ်ချင်သူ အလုပ်သင်ရှေ့နေ မောင်ပျင်းရိ၏မေးခွန်းကို ဖြေဆိုပေးရာမှ ရင်တွင်းကပေါက်ဖွားလာသော ကျွန်တော်၏စေတနာ ဥပဒေအတွေး မျှသာပါ...။

# ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများတွေ့ဆုံ

**ဘားအံ ဇွန် ၉**

ရပ်ကွက်၊ ကျေးရွာများတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယမန်နေ့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ကရင်ပြည်နယ် အစိုးရအဖွဲ့သည် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ တွေ့ဆုံသည်။

ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်က ကိုဗစ်-၁၉ ကာလအတွင်း ရပ်ကွက်၊ ကျေးရွာအချို့၏ သတ်မှတ်နေရာတွင် အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုနေရာ ဆောင်ရွက်ထားမှုအပေါ် အားရကျေနပ်မိကြောင်း၊ မိမိတို့ရပ်ရွာ၊ ဒေသအတွက် ဒေသခံများက ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်ကြသည့်အတွက်လည်း ကျေးဇူးတင်ကြောင်း၊ အစိုးရ အဖွဲ့အနေဖြင့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အလားတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက မိမိတို့ဒေသ၏ လိုအပ်ချက်များ၊ လိုလားချက်များကို တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူးများက မိမိတို့ဒေသရှိ စိုက်ပျိုး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် လိုအပ်ချက်များအား တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စောမျိုးမင်းသိန်း**
(ပြန်/ဆက်)

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မိုးကုတ်မြို့နယ်တရားမရုံး၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၇**

ဒေါ်စိန်မြိုင် **နှင့်** မစိုးနွယ်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်၊ ထင်းရှူးခြံရပ်၊ အိမ်အမှတ် (ဆ/၁၁၉) နေ မစိုးနွယ် (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စိန်မြိုင်က စုကြေးငွေထည့်ဝင်ရန် ကျန်ငွေ သိန်း(၁၀၀) ကျပ် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၂၂ ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင်အထက်အမည်ပါသူ တရားလို၏ အဆို လွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလို သည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာ ရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇွန် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပွင့်ဖြိုးလင်း)
မြို့နယ်တရားသူကြီး
မိုးကုတ်မြို့နယ်တရားရုံး

အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း

## အကြောင်းကြားစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၃၅**
**ကွယ်လွန်သူ ဦးသိန်းတန် ၏ ကျန်ရစ်သောပစ္စည်းအကြောင်း**

အကွက်အမှတ် (၁၁၂)၊ မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့နေ ဒေါ်သန်းသန်းနွဲ့ **လျှောက်သူ**

အကွက်အမှတ် (၁၁၂)၊ မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့နေ ဒေါ်သန်းသန်းနွဲ့က ကွယ်လွန်သူ ဦးသိန်းတန်၏ တရားဝင်တစ်ဦးတည်းသောဇနီးဖြစ်သည်ဟူ၍ အကွက်အမှတ် (၁၁၂)၊ မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့နေ ၎င်းကွယ်လွန်သူ ဦးသိန်းတန်မှာ ကျန်ရစ်သောပစ္စည်းများထဲမှ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတောကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၄၃-အောင်ပင်လယ်မြောက်ကန်ကွင်း) တွင်တည်ရှိသော ဦးပိုင်အမှတ် (၄၅)၊ ဧရိယာဧက (၅)ဧကရှိ လယ်မြေကွက်နှင့် ဦးပိုင်အမှတ် (၄၆)၊ ဧရိယာဧက (၄) ဧကရှိ လယ်မြေကွက်များကို အမွေဆက်ခံခြင်းအက် ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူဦးသိန်းတန်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၀ ပြည့်နှစ် ဇွန် ၂၆ ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလဆန်း ၇ရက်) တွင် လာရောက်ကြရမည်။ ၎င်းရက်တွင်လျှောက်သူ ဒေါ်သန်းသန်းနွဲ့၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်-မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ပြည့်နှစ် မေ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စောမျိုးမျိုး)
တွဲဖက်ခရိုင်တရားသူကြီး (၄)
မန္တလေးခရိုင်တရားရုံး

## ဦးအောင်မြင့် ၁၂/လကန(နိုင်)၂၃၀၂၄၄ နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော်အရှေ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်-ကွင်းအမည်-မကျီးကန်၊ ဦးပိုင်အမှတ် (၂)၊ မြေကွက်အမှတ်-၉၈A၊ အကျယ်အဝန်း ဧရိယာ ၂ ဒသမ ၀၀ ဧကခန့် ဦးအောင်မြင့် မြေငှားဂရန်အမည်ပေါက် လယ်မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးအောင်မြင့် ၁၂/လကန(နိုင်)၂၃၀၂၄၄ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

ယင်းသို့ စရန်ငွေ ဦးအောင်မြင့် ၁၂/လကန(နိုင်)၂၃၀၂၄၄ မှ လက်ခံထားပြီးဖြစ်၍ Covid-19 ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေးကျပ်တည်း၍ ငွေအကျေမချေနိုင်သေးခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ ထပ်မံလွှဲပြောင်းရောင်းချခြင်းမပြုလုပ်ပါရန် ဦးအောင်မြင့်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်မာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၀၈)**
**အမှတ် (၅၀)၊ ပထမထပ်၊ အခန်းအမှတ် (A-1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၈၁၆၅၈၃၇**

## ဇီဝ မျိုးစုံ မျိုးကွဲတွေ ကွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ မြို့သစ်မြို့၊ မန်တော်ကျေးရွာနေ မောင်ငမ်ဂိုလွန်၏ ဖခင်အမည်မှန်မှာ ဦးရန်းခိုကမ်း ၅/တမန(နိုင်)၀၄၀၉၇၆ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ မင်းကုန်းရပ်ကွက်၊ အကွက်အမှတ် (၂၇)၊ ဦးပိုင် (၇၆)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧက အမည်ပေါက်သူ ဒေါ်ခင်နုဝေ (ခ) ဒေါ်အခွင်အမည်မှ ဒေါ်ကြူခွင် (ခ) ဒေါ်ကျူခွင် ၁/ဗမန(နိုင်)၀၀၃၀၃၃၏ အမည်ဖြင့် စက်မှုစီးပွား အမည်ပြောင်းမြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်ကြူခွင် (ခ) ဒေါ်ကျူခွင်

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဦးထွန်းငြိမ်းလမ်း၊ အမှတ်(၂) တွင် ဆောက်လုပ်ထားသော Diamond Inya Palace အဆင့်မြင့်ကွန်ဒိုအဆောက်အအုံရှိ အထပ်(၂၇)၊ Room Type (B3)၊ အခန်းအမှတ်(၂၇၀၇)၊ ဧရိယာ(၁၈၇၈)စတုရန်းပေ အကျယ်အဝန်းရှိသော တိုက်ခန်း၊ မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ တရားဝင်ပိုင်ဆိုင်သူ ဦးကိုကိုအောင်ဌေး ၁၂/မဂဒ(နိုင်)၀၀၁၃၄၃ ထံမှ တရားဝင်ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ဝယ်ယူရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်ခြင်းမရှိပါက ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

ဦးလှဝင်း
၇/ပခန(ပြု)၀၀၀၀၁၈
ဖုန်း-၀၉-၅၁၀၂၉၃၀

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ သလဲဘာကျေးရွာနေ ဦးမြင့်-ဒေါ်အေးငွေ၏သား မောင်လင်းလင်းအောင်သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်-ဒေါ်အေးငွေ

## တံဆိပ်အမည်အမှတ်အသားကိုမိမိတစ်ဦးတည်းပိုင်ဖြစ်ကြောင်းအသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ ကုက္ကိုရိပ်သာလမ်း၊ အမှတ်(၁) ရုံးများရိပ်သာဝင်း၊ သည်ကမ်းပက်စ် လိပ်စာတွင်တည်ရှိသော **Pun Plus Projects Limited** ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၈၇၈၃၈၃၄ မှ အောက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

RAU RĂM
(၁) မှတ်ပုံတင်အမှတ်-၄/၁၆၈၀/၂၀၂၀

PUN + PROJECTS
(၂) မှတ်ပုံတင်အမှတ်-၄/၁၆၈၁/၂၀၂၀

TS.1
(၃) မှတ်ပုံတင်အမှတ်-၄/၁၆၈၂/၂၀၂၀

အထက်ဖော်ပြပါ နံပါတ်(၁) နှင့် (၂) အမှတ်တံဆိပ်များကို စားသောက်ဆိုင်လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။ နိုင်ငံတကာ သတ်မှတ်ချက်အမျိုးအစားမှာ-

**သတ်မှတ်ချက်အမျိုးအစား(၄၃)-**အစားအသောက်နှင့် ယာယီတည်းခိုရန်နေရာများအတွက် ဝန်ဆောင်မှုပေးခြင်း။

အထက်ဖော်ပြပါ နံပါတ်(၃) အမှတ်တံဆိပ်အား ပန်းချီနှင့်လက်မှုပညာလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။ နိုင်ငံတကာ သတ်မှတ်ချက်အမျိုးအစားများမှာ-

**သတ်မှတ်ချက်အမျိုးအစား(၁၆)-** စက္ကူ၊ ကတ်ထူပြားနှင့်ကုန်ပစ္စည်းများ၊ စာရေးကိရိယာ သို့မဟုတ် အိမ်သုံးကိရိယာများအတွက် အသုံးပြုသည့်ကော်၊ ပုံနှိပ်ခြင်း၊ စာအုပ်ချုပ်သည့် ကိရိယာများ၊ ဓါတ်ပုံ၊ ပန်းချီဆွဲသည့်သုတ်ဆေးစုတ်တံများ၊ ပရိဘောဂမှတစ်ပါး ရုံးအတွင်းအသုံးပြုသည့် ကိရိယာများနှင့် စာစီစာရိုက်များ၊ စက်ယန္တရားများမှတစ်ပါး သင်ယူပို့ချခြင်းနှင့် သင်ကြားခြင်းပစ္စည်းများ၊ ထုတ်ပိုးမှုအတွက် ပလပ်စတစ်များ၊ printer တံဆိပ်နှိပ်သည့်တုံးများ။

**သတ်မှတ်ချက်အမျိုးအစား(၄၁)-** ပညာရေးဆိုင်ရာလုပ်ငန်းများ၊ လေ့ကျင့်ရေးသင်တန်းများပေးခြင်း၊ ဖျော်ဖြေရေးလုပ်ငန်းများ၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ဆောင်မှုများ။

ကုမ္ပဏီသည် အထက်ပါကိစ္စရပ်များအတွက် ဖော်ပြပါကုန်အမှတ်တံဆိပ်များအား လိုအပ်သလိုအသုံးပြုကြော်ငြာလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဝန်ဆောင်မှု လုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ တံဆိပ်အမှတ်အသားများကို မိမိတို့ ကုမ္ပဏီ၏တစ်ဦးတည်းပိုင်အဖြစ် တင်သွင်းသည့် (၃၁-၁-၂၀၂၀) ရက်နေ့မှစ၍ နောက်နောင်တွင် မိမိတို့ကုမ္ပဏီမှတစ်ပါး အခြားမည်သူတစ်စုံ တစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ ကုမ္ပဏီအဖွဲ့အစည်းတစ်ရပ်ရပ်မှ ဖြစ်စေ ယင်းတံဆိပ်အမှတ်အသားကို မှီငြမ်း၍ အတုအပပြုလုပ်ခြင်း၊ ဆင်တူရိုးမှားသော်လည်းကောင်း၊ ပုံတူသော်လည်းကောင်း၊ ထင်ယောင်ထင်မှားသော်လည်းကောင်း အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အတုအပပြုလုပ်ပြီး သုံးစွဲအသုံးပြုနေသည်ကိုတွေ့ရှိရပါက မိမိတို့ကုမ္ပဏီ၏အကျိုး ထိခိုက်နစ်နာ ဆုံးရှုံးမှုအတွက် လျော်ကြေးငွေများ တောင်းဆိုနိုင်ရန်နှင့် ယင်းသို့ အတုအပဆင်တူယိုးမှားပြုလုပ်ထားသည့် တံဆိပ်အမည် အမှတ်အသားကို ပယ်ဖျက်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်းရှိမည်သည့် တရားရုံးတွင်မဆို တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**PUN PLUS PROJECTS LIMITED**

The Campus, 1 Office Park, Rain Tree Drive, Pun Hlaing Estate, Hlaing Thayar Township, Yangon, Myanmar. Tel: +95-1-3687766, Mobile: +95-1-952248908

## တံဆိပ်အမည်အမှတ်အသားကိုမိမိတစ်ဦးတည်းပိုင်ဖြစ်ကြောင်းအသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ ကုက္ကိုရိပ်သာလမ်း၊ အမှတ်(၁) ရုံးများရိပ်သာဝင်း၊ သည်ကမ်းပက်စ် လိပ်စာတွင်တည်ရှိသော **Paribawga Company Limited** ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၁၅၂၂၂၀၀၇ မှ အောက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

PARIBAWGA
မှတ်ပုံတင်အမှတ်-၄/၁၆၇၉/၂၀၂၀

အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို ပရိဘောဂလုပ်ငန်းနှင့်၎င်းနှင့် ဆက်စပ်သော လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ပြီး နိုင်ငံတကာ သတ်မှတ်ချက်အမျိုးအစားမှာ အောက်ပါအတိုင်းဖြစ်သည်။

**သတ်မှတ်ချက်အမျိုးအစား(၂၀)-** ပရိဘောဂ၊ မှန်၊ ဓါတ်ပုံဘောင်၊ သစ်သား၊ ဖော့ဆို့၊ ကျူပင်၊ ကြံ၊ ဦးချိုအရိုး၊ ဆင်စွယ်၊ ကျောက်မျက်ရတနာ၊ ပုလဲ၊ ပယင်း၊ အခွံမာ၊ သစ်သားဖြင့်ပြုလုပ်သော ဆေးတံတို့အား အစားထိုးသည့် ပစ္စည်းများ သို့မဟုတ် ပလပ်စတစ်များ။

ကုမ္ပဏီသည် အထက်ပါကိစ္စရပ်များအတွက် ဖော်ပြပါကုန်အမှတ်တံဆိပ်အား လိုအပ်သလိုအသုံးပြုကြော်ငြာလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ တံဆိပ်အမှတ်အသားများကို မိမိတို့ ကုမ္ပဏီ၏တစ်ဦးတည်းပိုင်အဖြစ် တင်သွင်းသည့်(၃၁-၁-၂၀၂၀) ရက်နေ့မှစ၍ နောက်နောင်တွင် မိမိတို့ကုမ္ပဏီမှတစ်ပါး အခြားမည်သူတစ်စုံတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ ကုမ္ပဏီအဖွဲ့အစည်းတစ်ရပ်ရပ်မှ ဖြစ်စေ ယင်းတံဆိပ်အမှတ်အသားကို မှီငြမ်း၍ အတုအပ ပြုလုပ်ခြင်း၊ ဆင်တူရိုးမှားသော်လည်းကောင်း၊ ပုံတူသော်လည်းကောင်း၊ ထင်ယောင်ထင်မှားသော်လည်းကောင်း အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အတုအပပြုလုပ်ပြီး သုံးစွဲအသုံးပြုနေသည်ကို တွေ့ရှိရပါက မိမိတို့ကုမ္ပဏီ၏အကျိုး ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးငွေများ တောင်းဆိုနိုင်ရန်နှင့် ယင်းသို့ အတုအပဆင်တူယိုးမှားပြုလုပ်ထားသည့် တံဆိပ်အမည်အမှတ်အသားကို ပယ်ဖျက်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်းရှိ မည်သည့် တရားရုံးတွင်မဆို တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**PARIBAWGA COMPANY LIMITED**

The Campus, 1 Office Park, Rain Tree Drive,
Pun Hlaing Estate, Hlaing Thayar Township, Yangon, Myanmar.
Tel: +95-1-3687766 Mobile: +95-1-952248908

## ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းကို အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ပြုပြင်မွမ်းမံခြင်းများကို ဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အဆောက်အအုံ(အမွေအနှစ် အဆောက်အအုံ) ပြုပြင်မွမ်းမံခြင်း လုပ်ငန်း။

၂။ တင်ဒါနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၆-၆-၂၀၂၀ရက်

(ခ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - ၁-၇-၂၀၂၀ရက်၊ ညနေ ၄:၃၀နာရီ

(ဂ) **တင်ဒါလျှောက်လွှာနှင့် ပုံစံရောင်းချမည့်နေရာ - တင်ဒါတင်သွင်းရမည့်နေရာ** ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အမှတ် (၁၀၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်

(ဃ) **တင်ဒါပုံစံ(၁)စောင်၏ တန်ဖိုး** - ၁၀၀၀၀ိ/-

(င) **တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၁၅-၇-၂၀၂၀ရက် နံနက် ၁၁ နာရီ

၃။ တင်ဒါစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက ဖုန်း - ၀၁-၂၄၆၂၀၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါ ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**မှတ်ချက်။** လုပ်ငန်းနှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များအနေဖြင့် အမွေအနှစ် အဆောက်အအုံများကို ပြုပြင်မွမ်းမံသည့် လုပ်ငန်းများကို ယခင်ကဆောင်ရွက်ဖူးသူ ဖြစ်ရမည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး**

## ပညာရေးဝန်ကြီးဌာန
## သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
## သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်း ပညာသုတေသနဌာနမှ အောက်ဖော်ပြပါ သင်တန်းတစ်မျိုးဖွင့်လှစ်ရန် သင်ထောက်ကူပစ္စည်း တစ်မျိုးဝယ်ယူရန် အိတ်ဖွင့် တင်ဒါခေါ် ယူအပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | Microsoft Azure Security Technologies Course (Az-500) သင်တန်း | (၁)မျိုး |
| ၂။ | Laptop Computer (Hp Pavilion 15-da 2023 TX CPU i7 10th 10510U HDD-1 TB GF-2GB Screen 15.6 HD DVD Drive Window 10 Home | (၂၀)လုံး |

အမှတ်စဉ် (၁)ပါ သင်တန်းကို သင်ကြားပို့ချမည့်သူသည် Microsoft Certificate လက်မှတ်ရရှိသူ ဖြစ်ရမည်ဖြစ်ပြီး သင်တန်းဆိုင်ရာသတ်မှတ်ချက်များနှင့် ကိုက်ညီသူဖြစ်ရပါမည်။ သင်ကြားမည့် Course Content အသေးစိတ်ကိုပါ တစ်ပါတည်း တင်ပြ နိုင်ရမည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၆-၂၀၂၀ရက်
**တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်** - ၂၅-၆-၂၀၂၀ရက်
**တင်ဒါပုံစံရောင်းချမည့်နေရာ** - သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာန၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၂၅၄၂၊ ၀၁-၆၅၂၅၂၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်း နိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးအဖွဲ့**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## ဘီလပ်မြေစက်ရုံ(နေပြည်တော်)အား နှစ်ရှည်ငှားရမ်းခြင်းဆောင်ရွက်နိုင်ရန်အတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း (Expression of Interest)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ လယ်ဝေးမြို့နယ်၊ တောင်စဉ်အေး ကျေးရွာမှ (၈/၆)မိုင်အကွာ အောင်စည် လာကျေးရွာအနီးရှိ ဘီလပ်မြေစက်ရုံ(နေပြည်တော်)အား ပြည်တွင်း၊ ပြည်ပပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများသို့ နှစ်ရှည်ငှားရမ်းခြင်း (Leasing) ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

ပထမအဆင့်အနေဖြင့် စိတ်ဝင်စားသည့်လုပ်ငန်းရှင်ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ(Expression of Interest-EOI)အား ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ နေပြည်တော်သို့လိပ်မူ၍ ၂၀၂၀ပြည့်နှစ်၊ ဇူလိုင် ၃ရက် ညနေ ၄နာရီ(မြန်မာစံတော်ချိန်)အရောက်နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of Interest-EOI) ပုံစံနှင့်လမ်းညွှန်ချက်များအား ဘီလပ်မြေနှင့်အုတ်အရောင်းဌာနခွဲ (နေပြည်တော်)၊ မြို့တော်ခန်းမ၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၃၂၃၁၂တွင် ဆက်သွယ်ရယူနိုင်ပြီးလာရောက်ထုတ်ယူစဉ် မိမိတို့၏ကုမ္ပဏီဆိုင်ရာအထောက်အထား မိတ္တူများပြလျက် အထက်ပါလိပ်စာတွင် ၁၀-၆-၂၀၂၀ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

**ကုမ္ပဏီဆိုင်ရာအထောက်အထားများ**

၁။ သက်တမ်းရှိပြီးဖြစ်သည့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
၂။ ကုမ္ပဏီအသင်းအဖွဲ့မှတ်တမ်း၊ စည်းမျဉ်း
၃။ နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ(ရှိပါက)

(အသေးစိတ်သိရှိလိုပါက-ဖုန်း-၀၆၇-၃၄၃၂၃၁၂၊ ၀၉-၄၃၀၁၆၃၆၀)

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အမည်မှန်

ဦးမြမောင်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ ကိုင်းကျေးရွာအုပ်စု ဇီးဒေါင့်ရွာနေ ဦးသန်းဝင်း၏အမည်မှန်မှာ ဦးမြင့်အောင် ၅/ကလဝ(နိုင်)၀၁၅၃၄၈ ဖြစ်ပါကြောင်း။။

**ဦးမြင့်အောင်**

### မွေးသက္ကရာဇ်အမှန်

ဦးကျော်မိုး၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ မြေသာအုပ်စု၊ မြေသာကျေးရွာနေ မောင်ဝေဖြိုးကျော် ၅/ကလဝ(နိုင်)၀၅၅၉၁၄၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၂-၁၉၉၆ ဖြစ်ပါကြောင်း။။

**မောင်ဝေဖြိုးကျော်**

## ဓမ္မာစရိယစာသင်သား သီလရှင်များကို ဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း ရပ်ကွက်၊ မြကန်သာကျောင်းလမ်း " **လင်းမနောဟရ စာသင်တိုက်** " တွင် ၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်(၁၆-၇-၂၀၂၀)ရက်မှစ၍ စာပေကျွမ်းကျင် ဆရာတော်များက ဓမ္မာစရိယ ကျမ်းရင်းသုံးကျမ်းကို ပို့ချပါမည်။

သို့ဖြစ်ပါ၍ စာသင်ကြားလိုသော သီလရှင် (ဆရာလေးသိက္ခာရှင်)များကို ၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၅ ရက် (၉-၇-၂၀၂၀)ရက်မှစ၍ လက်ခံပါမည်။

စာပေသင်ကြားစဉ် ဆွမ်းဆန် မရပ်ရဘဲ စားစရာ နေစရာ ပြည့်စုံစွာ စီစဉ်ပေးပါမည်။

ဦးရေကန့်သတ်ချက်ကြောင့် ဆောလျင်စွာ လျှောက်ထားနိုင်ပါပြီ။

**ဆက်သွယ်ရန်ဖုန်း-**

ဆရာကြီး ဒေါ်အညေသီ ဖုန်း - ၀၉-၅၁၉၃၈၈၆
ဆရာကြီး ဒေါ်ပညာစာရီ ဖုန်း- ၀၉-၄၂၁၁၈၆၉၈

## တနိုင်းမြို့၊ အဝေးပြေး ယာဉ်ရပ်နားစခန်း ဆောက်လုပ်ရန် တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ တနိုင်းမြို့၊ ကင်ဆားရာအုပ်စု၊ ကွင်းအမှတ်(၄)၊ အကွက်အမှတ်(ဒိန်လိုကွင်း)ပေါ်ရှိ မြေဧရိယာ (၂၀)ဧက ပေါ်တွင် အဝေးပြေး ယာဉ်ရပ်နားစခန်းဆောက်လုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံလိုသော တိုင်းရင်းသား လုပ်ငန်းရှင်များအား အဆိုပြုတင်ပြရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အဝေးပြေး ယာဉ်ရပ်နားစခန်းအား ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပြီး ဆောင်ရွက်လိုသူများအနေဖြင့် တင်ဒါလျှောက်လွှာများကို ၁၅-၆-၂၀၂၀ရက်မှစ၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အဆိုပြုတင်ဒါပုံစံများကို ၃၁- ၈-၂၀၂၀ရက် ညနေ ၃နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။ ဖုန်း- ၀၇၄-၂၅၂၆၀၆၂၊ ၀၇၄-၂၅၂၆၀၆၄

**ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈)၊ မြေကွက်အမှတ် (၁၈၄၄/ခ)၊ အကျယ်အဝန်း ပေ (၂၀x၆၀) ဦးတင်ဆန်းအမည်ပေါက် ပါမစ်မြေနှင့် အကျိုးခံစားခွင့်တို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဦးငြိမ်းချမ်းအောင် ၁၂/ဒဂတ(နိုင်)၁၁၆၁၀၃က ဝန်ခံကတိပြုချက်အရ ကျွန်ုပ်၏မိတ်ဆွေက အဆိုပါမြေကို ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပစန္ဒာ**
**LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၀၄)**
**တိုက်အမှတ် (၁၅/၉၁)၊ (တတိယထပ်-ညာ)၊**
**ပတ္တမြားလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၂၄၈၀၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ အေးရိပ်မြိုင် လမ်း၊ အမှတ်(၁၄၀၇/က)၊ မြေအကျယ် ပေ(၂၀ x ၆၀) ဒေါ်သန်းရင်အမည်ပေါက် ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အား ၎င်း၏တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဒေါ်အုန်းကြည် ၁၂/လမန(နိုင်)၀၃၂၈၇၆ ပါ(၈)ဦးတို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းနွယ်ခိုင် ၁၄/ဘကလ(နိုင်)၂၃၅၆၂၀က အဆိုပါ မြေနှင့်အိမ်ကို ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းပပစန္ဒာ**
**LL.B,D.B.L,D.M.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)**
**တိုက်အမှတ်(၁၅/၉၁)၊ (တတိယထပ်-ညာ) ပတ္တမြားလမ်း၊**
**(င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၂၄၈၀၇**

## ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

မြစ်ကြီးနားမြို့၊ ရှမ်းစုတောင်ရပ်ကွက်(ယခုနေရပ်လိပ်စာမသိ)နေ ဒေါ်မရန်ရွှယ်အောင် ၁/မကန(နိုင်)၀၉၄၅၇၈ သိရှိစေရန် ကျွန်ုပ်၏မိတ်ဆွေ မြစ်ကြီးနားမြို့၊ ယုဇန ရပ်ကွက်၊ အမှတ် ၄၄၅နေ ဒေါ်သန်းသန်းဌေး ၁၃/ တကန(နိုင်)၁၅၃၂၇၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

လူကြီးမင်း ဒေါ်မရန်ရွှယ်အောင်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဌေးမှ မြစ်ကြီးနားခရိုင် တရားရုံး တရားမကြီးမှုအမှတ် ၂၀/၂၀၁၈နှင့် တရားမဇာရီမှုအမှတ် ၃၅/၂၀၁၈ တို့တွင် ကျွန်ုပ်၏ မိတ်ဆွေကိုယ်စား တရားရုံးတော်၌ ရုံးကိစ္စအဝဝတို့ကို ဆောင်ရွက်နိုင်ရန်အတွက် နိုတြီပဗ္ဗလစ် တရားလွှတ်တော်ရှေ့နေထံတွင် အထူးကိုယ်စားလှယ်လွှဲစာ (SPECIAL POWER ATTORNEY) ကို ၂၀-၃-၂၀၁၈ ရက်တွင် ကိုယ်စားလှယ်လွှဲစာအမှတ် ၈၃/၂၀၁၈ ဖြင့် လွှဲအပ်ခဲ့ပါသည်။ သို့သော် လူကြီးမင်းသည် တရားမဇာရီမှုအမှတ် ၃၅/ ၂၀၁၈ တွင် ရုံးရှေ့ လာရောက်ခြင်းမရှိဘဲ ပျက်ကွက်လျက်ရှိနေသည့်အပြင် အဆက်အသွယ်မရဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဌေး၏ အမှုကိစ္စများတွင် ဆက်လက်ဆောင်ရွက်ရန် မလိုအပ်တော့ကြောင်းနှင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ လူကြီးမင်းထံ လွှဲအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းပြီး ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဝဏ္ဏဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၉၃/၂၀၁၈)**
**အမှတ်(၆)၊ရန်ကြီးအောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့**
**ဖုန်း-၀၉-၄၀၀၀၂၃၅၇၇၊ ၀၉-၈၇၆၅၇၄၅၃၃**

## ကနဦးပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (IEE) အစီရင်ခံစာအား အကြံပြုနိုင်ရန် ဖိတ်ခေါ်ခြင်း

အရှေ့တောင်အာရှဒေသသဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်းစီမံကိန်း (SEADRM Project)၊ အပိုင်း (၂)ဖြစ်သော မြို့ပြရေကြီးရေလျှံမှုအန္တရာယ်များအား စီမံခန့်ခွဲခြင်းစီမံကိန်း၏ IEE အစီရင်ခံစာအား အများပြည်သူအနေဖြင့် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗိုလ်တထောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ ကြော်ငြာသင်ပုန်းနှင့် ycdc-gov.mm ဝက်ဘ်ဆိုက်တို့တွင် လေ့လာဖတ်ရှုနိုင်ပြီး ယခုကြေညာပြီး တစ်လအတွင်း အစီရင်ခံစာအပေါ် သုံးသပ်အကြံပြု ချက်များကို အီးမေးလ်လိပ်စာ dwmaproject@gmail.com မှ တစ်ဆင့်ဆက်သွယ်ရေးသားပေးပို့နိုင်ပါသည်။

**ရေစီးရေလာနှင့် ရေဆိုးစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းကျေးရွာအုပ်စု၊ ပျဉ်းမနား-တောင်ညိုလမ်း၊ အမှတ် (၁၈၈၉)ရှိ MORE ESSENTIAL LTD., ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေး ကြေညာလိုက်ပါသည်။

**စာချုပ်အမှတ်-၁၃၃၉/၂၀၂၀**

ကျွန်ုပ်၏မိတ်ဆွေ MORE ESSENTIAL LTD., သည်အထက်ဖော်ပြပါ "ESSENTIAL 72" ကုန်အမှတ်တံဆိပ်ကို တစ်ဦး တည်းမူပိုင်အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-၁၃၃၉/၂၀၂၀ အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမည် အမှတ်တံဆိပ်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း၌ ထုတ်လုပ်၍ (အလှကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ Hand Gel အပါအဝင် Alcohol ဆက်စပ်ပစ္စည်းများ၊ ကျန်းမာရေးအထောက်အကူပြုကုန်ပစ္စည်းအမျိုးမျိုး)တို့ပေါ်တွင်ကပ်နှိပ်၍ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ MORE ESSENTIAL LTD., ပိုင် ကုန်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲ၍ (အလှကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန် ပစ္စည်းအမျိုးမျိုး၊ Hand Gel အပါအဝင် Alcohol ဆက်စပ်ပစ္စည်းများ၊ ကျန်းမာရေးအထောက်အကူပြုကုန်ပစ္စည်းအမျိုးမျိုး)တို့ပေါ်တွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းများမပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေ MORE ESSENTIAL LTD., ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ် ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးပြည့်ဖြိုးမောင်မောင်**
**[ LL.B,LL.M(Commercial Law)]**
**တရားလွှတ်တော်ရှေ့နေ(၁၁၈၄၉/၁၇-၁-၁၇)**
**Myanmar Garrison Law Firm Limited.,**
**Office-အမှတ်(၁၈၉)၊ လမ်း ၈၀၊ ၁၉ x ၂၀ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၃၅၃၀၁၊ ၀၉-၇၉၇၁၇၂၇၁၁**
**Myanmar Garrison @ gmail.com**

### မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ လယ်ဝေးမြို့၊ အလက သာယာကုန်းမှ သတ္တမတန်း ဖြေဆိုထားသည့် မောင်နေထက်အောင်(ဘ) ဦးညီညီ၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၉-၂၀၀၉ ဖြစ်ပါကြောင်း။။

### အမည်မှန်

ရသေ့တောင်မြို့နယ်၊ ကုလားချောင်းကျေးရွာမှ ဦးဘိုကျော်သန်း၏သား မောင်နေမင်းစိုး ၁၁/ရသတ(နိုင်)၀၇၉၀၆၅၏ အမည်မှန်မှာ မောင်နေမင်းစော ဖြစ်ပါကြောင်း။။

**မောင်နေမင်းစော**

### ဖခင်အမည်မှန်

ဦးသန့်ဇင်၏သား မြောင်းမြမြို့၊ မရမ်းကုန်းရွာသစ် အလက(ခွဲ) Grade (5)မှ မောင်သန့်ဇင်မောင်မောင်အား မောင်သီဟန်ဝင်းဟုပြောင်းလဲ ခေါ်ပါရန်။

**မောင်သီဟန်ဝင်း**

### အမည်မှန်

ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ အောင်မင်္ဂလာ ၂လမ်း၊ အမှတ် (ယ ၆/ ၁၂၇ ခ)နေ ဦးစည်သူမင်းကို၏သား မောင်ထူးမြတ်ကို၏ အမည်မှန်မှာ မောင်ဝေယံ ဖြစ်ပါကြောင်း။။

**မောင်ဝေယံ**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် အထက(ကန်ကုန်း) အဋ္ဌမတန်းမှ မောင်သန့်ဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် ၈/စလန(နိုင်)၀၄၂၃၆၀ ဖြစ်ပါကြောင်း။။

**ဦးမြင့်အောင်**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၂၅၈၀၁ လော့ဂျာ - 110 ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်း ၈/ရနခ(နိုင်)၀၀၈၅၉၀ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(မကွေး)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## သရက်ခရိုင်တရားရုံး
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၆

ထွန်းကော်မာရှယ်ဘဏ်လီမိတက် (၎င်းဘဏ်၏ ကိုယ်စား ဒေါ်သူဇာမော် မန်နေဂျာ၊ အောင်လံဘဏ်ခွဲ) **တရားလို**

နှင့်

၁။ ဦးမင်းဇော်ဝင်း
၂။ ဒေါ်ခင်စန်း **တရားပြိုင်များ**

အောင်လံမြို့၊ ရွာထောင်ရပ်ကွက်နေ ဦးမင်းဇော်ဝင်း(ဘ)ဦးစိန်မောင်ဝင်း ၈/မထန(နိုင်)၀၉၇၉၈၆ (ယခုနေလိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ထွန်းကော်မာရှယ်ဘဏ်လီမိတက်(၎င်းဘဏ်၏ ကိုယ်စား ဒေါ်သူဇာမော် မန်နေဂျာ အောင်လံဘဏ်ခွဲမှ ဘဏ်ချေးငွေအတိုးအရင်းပေါင်းငွေ **(၅၄၅၅၆၄၅၈/၄၅ပြား)**(ကျပ်သိန်းငါးရာ့လေးဆယ်ငါးသိန်းငါးသောင်းခြောက်ထောင့်လေးရာငါးဆယ့်ရှစ်ကျပ် လေးဆယ့်ငါးပြားတိတိ)အတွက် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇေယျာတင့်ညို)**
**ခရိုင်တရားသူကြီး**
**သရက်မြို့**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၉ယ/၆၆၆၇၉ Dayang - 125 ယာဉ်လက်ဝယ်ရှိသူ Autumm Flower Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(မကွေး)**

### ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့၊ အမှတ်(၂)ညီနောင်ရပ်အတွင်းရှိ ကွင်းအမှတ်(G-41)၊ မြေဧရိယာ ပေ(၅၀ x ၄၀) ဧကအကျယ်ရှိ မြေကွက်ပေါ်တွင် ဒေါ်ညိုညိုသန်း ၈/မလန(နိုင်)၀၇၀၂၆၄မှ အဆောက်အအုံဆောက်လုပ်မည် ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (တစ်လ)အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့် အတူလာရောက်ကန့် ကွက်နိုင်ပါသည်။

**ဒေါ်ညိုညိုသန်း**
**၈/မလန(နိုင်) ၀၇၀၂၆၄**
**အမှတ်(၂)၊ ညီနောင်ရပ်၊ ဝမ်းတွင်းမြို့**

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာခင်မောင်ဆွေ
ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံနည်းပညာရှင်အဖွဲ့
အမျိုးသားစာပေဆုရှင်

အသက်(၈၄)နှစ်

မြန်မာနိုင်ငံ နည်းပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်ဆွေသည် ၇-၆-၂၀၂၀ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမျိုးသိမ်းကြီးနှင့်ဇနီးဒေါ်စန်းစန်းယု**
**ပညာရေးဝန်ကြီးဌာနမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သိန်းတင်
အသက် (၈၈) နှစ်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ ဦးတင်ယု၏ဇနီး၊ ကမ္ဘောဇဘဏ်လီမိတက် နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း (KBZ BANK/ KBZ Group)- အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်ပထမဆင့်) တို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့် နှင့် ဒေါ်နန်းမိုဟွမ်တို့၏ အဘွားဖြစ်သူ ဒေါ်သိန်းတင် အသက် (၈၈) နှစ်သည် ၇-၆-၂၀၂၀ ရက် (တနင်္ဂနွေနေ့) ညနေတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးစိုးဝင်း-ဒေါ်မာမာဆွေ**
**ဦးအောင်ခိုင်၊ ဦးစိုးထွန်း၊ ဒေါက်တာမင်းထင်၊ ဦးအေးချို မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကကြီး ဦးအောင်ကိုဝင်း (နာယက၊ KBZ Bank Ltd. )၏ မိခင်ကြီး ဒေါ်သိန်းတင် (၈၈)နှစ်သည် ၇-၆-၂၀၂၀ ရက် ညနေပိုင်းတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**CEO, COO နှင့်ဝန်ထမ်းများ**
**မြန်မာနေရှင်နယ်လိဂ်**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာခင်မောင်ဆွေ
မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ
အငြိမ်းစားသင်္ချာပါမောက္ခ၊ အမျိုးသားစာပေဆုရှင်
အသက် (၈၄)နှစ်

မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အငြိမ်းစား သင်္ချာပါမောက္ခ၊ အမျိုးသားစာပေဆုရှင် ဒေါက်တာခင်မောင်ဆွေသည် ၇-၆-၂၀၂၀ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးတက္ကသိုလ်**
**သင်္ချာမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/၃၊ လူနေရပ်ကွက်အမှတ်-မြင်သာစုပေါင်းအိမ် ရာမြေကွက်အမှတ်-၇၅/၂၊ တံတိုင်းမွေးလမ်းနှင့်ခွာညိုလမ်းထောင့်၊ အကျယ်အဝန်း ပေ(၃၁ x ၅၆)၊ ဧရိယာ(၀.၀၃၉၀ဧက)ကေရှိ နှစ် (၆၀)ဂရန်မြေကွက်သည် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်ခင်ထွေးရီ ၁၂/ ဒဂန(နိုင်) ၀၀၅၂၁၀အမည်ဖြင့် မှတ်သား၊ တည်ရှိပြီး ၎င်းမှမြေနှင့်အိမ်အပါအဝင် မြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား မိမိတစ်ဦးတည်းတရားဝင်ပိုင်ဆိုင်သူဖြစ်ကြောင်း၊ ရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း၊ ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ်ကိစ္စပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်တင်တင်ဌေး(LL.B) | ဒေါ်မေဇွန်သူ(LL.B)(D.B.L) |
| အထက်တန်းရှေ့နေ(စဉ်-၄၁၈၂၂) | အထက်တန်းရှေ့နေ(စဉ်-၄၆၄၇၈) |
| အမှတ်(၈၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊ | အမှတ်(၄)၊ အခန်း(၀၀၁)၊ (၄)ရပ်ကွက်၊ |
| ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ဖုန်း-၀၉-၂၅၆၁၈၀၅၄၆ | |

## မနင်းအိဖြူ မစုလှိုင်ရွှေ နှင့် မသန္တာရွှေတို့အား သမီးများအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ရန်ပြေ(၁၈)လမ်း၊ (အရှေ့)၊ အမှတ်(၅၅)နေ အဖ (ဦးစိန်ရွှေ)၊ အမိ ဒေါ်မိမိဖော် (MTNT- 001693) တို့၏ သမီး(၃)ဦးဖြစ်ကြသော မနင်းအိဖြူ (လျှောက်ထားဆဲ)၊ မစုလှိုင်ရွှေ (လျှောက်ထားဆဲ) နှင့် မသန္တာရွှေ (လျှောက်ထားဆဲ)တို့သည် ကျန်းမာရေးမကောင်းသည့် မိခင်အား ရိုင်းပြစွာ ပြုမူပြောဆို ဆက်ဆံခြင်း၊ မိခင် နှင့် ကျန်မောင်နမများ၏ ဂုဏ်သိက္ခာကိုပါ ကျဆင်းအောင် အကြိမ်ကြိမ်ပြုမူ ဆောင်ရွက်ခြင်း၊ မိခင်၏ ဆိုဆုံးမမှုကိုလည်း မနာခံဘဲ၊ မိမိတို့၏ သဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက် နေကြခြင်းတို့အတွက် ၎င်းတို့သုံးဦးအား ကြော်ငြာပါသည့် နေ့မှစ၍ အမွေစားအမွေခံ သမီးများအဖြစ်မှ အပြီးအပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းတို့နှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ မိခင်ဖြစ်သူမှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ် ကြောင်း၊ မိခင်နှင့် ကျန်မောင်နမများကို သိက္ခာကျအောင် ပြုမူလာပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။ ၎င်းသမီးသုံးဦးနှင့် အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်အေးအေးစိန် (L.L.B, D.B.L, D.M.L, DA,PSY)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၈၀) (၁၅-၈-၂၀၁၉)
ဖုန်း- ၀၉၉၅၉၇၂၇၆၅၇၊ ၀၉ ၇၃၁၈၄၆၇၆

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
# ဒေါ်သိန်းတင်
### အသက် (၈၈)နှစ်

KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏ မိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**B.Ed (1975-1980) Batch သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကကြီး ဦးအောင်ကိုဝင်း (နာယက၊ KBZ Bank Ltd. )၏မိခင်ကြီး ဒေါ်သိန်းတင် (၈၈)နှစ်သည် ၇-၆-၂၀၂၀ ရက် ညနေပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့ဝင်များ**
**မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်း**

# ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်သိန်းတင်
## အသက် (၈၈) နှစ်

ချစ်ခင်လေးစားရပါသော ဆရာဦးအောင်ကိုဝင်း၏ မိခင်ကြီး ဒေါ်သိန်းတင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဆရာ့မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**R ဇာနည်-ဝမ်း မိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း
ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိ ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (A-352)၊ မြေဧရိယာ ၀.၀၁၁၀မ၂၆၈ဧကရှိ ဗိုလ်မှူးကြီးစိုးသန်း (ဘ)ဦးမောင်စိုး ၁၃/မရတ(နိုင်)၀၁၀၂၀၅ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဗိုလ်မှူးကြီးစိုးသန်းထံမှ ကိုယ်စားလှယ်လွှဲစာ(Special Power of Attorney) ရရှိသူ ဦးအောင်မျိုးဝင်း(ဘ)ဦးညဏ်တင် ၉/ပဘန(နိုင်)၁၁၈၆၅၄ မှ မြေငှားစာချုပ်မူရင်း၊ ကိုယ်စားလှယ်လွှဲစာ (Special Power of Attorney) အမှတ် (၄၂၂/၂၀၁၈)၊ တရားရုံးကျမ်းကျိန်လွှာ မူရင်းများတင်ပြ၍ ဒေါ်ငုဝါရွှေ ၁၄/ကထန(နိုင်)၁၀၈၁၅၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

**စာအုပ်စာပေ**
**လူ့မိတ်ဆွေ**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သိန်းတင် (မန္တလေး)
အသက် (၈၈)နှစ်

KBZ Bank/KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း- ဒေါ်နန်းသန်းထွေးတို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း (ဒုတိယအမှုဆောင် အရာရှိချုပ်-KBZ Bank )၊ ဒေါ်နန်းခမ်းနောင့် (ဒုတိယအမှုဆောင် အရာရှိချုပ်- KBZ Bank)နှင့် ဒေါ်နန်းမိုဟွမ် (အမှုဆောင်ဒါရိုက်တာ -KBZ Bank)တို့၏ အဘွား ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၂၀ ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**KBZ Stirling Coleman Securities Co.,Ltd.**

### မန္တလေးခရိုင်တရားရုံး
၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၄၈
(မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၀(ဆ)
မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်ဝန်းကျင်ရပ်ကွက် အိမ်အမှတ် (၇၃၄)၊၇၁ လမ်း၊၂၈x၂၉ လမ်းကြားရှိ မြန်မာရွှေမန္တလေးကုမ္ပဏီလီမိတက် (MYANMAR SHWE MANDALAY COMPANY)(၎င်းကုမ္ပဏီ၏ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးနေလင်းအောင်)မှ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အွန်လိုင်းမှတ်ပုံတင်စနစ်ဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၀(ဆ)အရမှတ်ပုံတင်ရမည့်ကာလမှာသဘောရိုးဖြင့်ပျက်ကွက်သည့်အတွက် ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားချက်ရှိသဖြင့် အဆိုပါအမှုတွင် ၎င်းတို့အပြင် (လာရောက်လျှောက်ထား ဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)၂၀၂၀ ပြည့်နှစ် ဇွန် ၂၃ ရက်(၁၃၈၂ ခုနှစ် ပထမဝါဆိုလဆန်း ၄ ရက်)နံနက် ၁၀ နာရီတွင် မိမိတို့ကိုယ်တိုင် သော်လည်းကောင်း၊ မိမိတို့နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော မြန်မာရွှေမန္တလေးကုမ္ပဏီလီမိတက်(MYANMAR SHWE MANDALAY COMPANY)၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်း၏အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြေညာစာ ထုတ်ဆင့်လိုက်သည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မာလာထွန်း)
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**မန္တလေးခရိုင်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)
### (စာရေးဆရာ မိုးမိုးတာရောစန်)
### နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
### အသက် (၉၄)နှစ်

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးသောင်းထိုက်၏ ဖခင်ကြီးဖြစ်သူ ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)သည် ၉-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေတိဂုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့်**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သိန်းတင်
မန္တလေး
အသက်(၈၈)နှစ်

KBZ Bank နာယကကြီး ဦးလေး ဦးအောင်ကိုဝင်းနှင့်ဇနီး - ဒေါ်လေး ဒေါ်နန်းသန်းထွေးတို့၏မိခင်ကြီး ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်စိုးသာ-ဒေါ်ခိုင်ပြည့်စုံကြိုင် မိသားစု**
**မြန်မာစီးပွားဆက်လုပ်ငန်းစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာ ခင်မောင်ဆွေ
**M.Sc.(Rgn), M.Sc (Liverpool), Ph.D (London)**
အသက် (၈၄)နှစ်

မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အငြိမ်းစားသင်္ချာပါမောက္ခ၊ အမျိုးသားစာပေဆုရှင် ဆရာကြီး ဒေါက်တာခင်မောင်ဆွေသည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်တပည့်များ**
**ဒေါ်ဝင်းမြင့်နှင့် တူမ ကေဇင်ဝင်း**
**ဒေါက်တာဇင်ဇင်ဝင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဟာဂျီအဗ္ဗဒွလ်ရဇတ်(ခ)ဟာဂျီ ဦးတင်အေး
အသက်(၈၃)နှစ်

အင်းစိန် ဂျီတီအိုင်မှ ကိုမင်းလွင် ၉၃-MP ၏ဖခင် ဟာဂျီ ဦးမြသန်း(ခ)စာရေးဆရာ မောင်သဲနီ ၇၅-CIVIL ၏အစ်ကို ဟာဂျီ အဗ္ဗဒွလ်ရဇတ်(ခ)ဟာဂျီ ဦးတင်အေးသည် ၆-၆-၂၀၂၀ရက် ညနေ ၆နာရီတွင် အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**AGTI MUSLIM FAMILY**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးတင်ထွန်း (တပ်မတော်လေ-ငြိမ်း)
အသက် (၈၀)

သူငယ်ချင်း ဦးဆန်းထွန်း-ဒေါ်ခင်ဇာခြည်ဝင်းထွဋ်တို့၏ ဖခင်ကြီး ဦးတင်ထွန်း(တပ်မတော်လေ-ငြိမ်း)သည် ၈-၆-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၂၂) မှ သူငယ်ချင်းများ**

## တစ်လပြည့် လွမ်းဆွတ်သတိရ တမ်းတဝမ်းနည်းခြင်း
### ဒေါ်လွင်လွင်ဌေး (ရွှေဦး)
**DIRECTOR (STAR & MOON Pte Ltd, MYANMAR)**
အသက် (၆၁)နှစ်

ဦးမျိုးမြင့်-ဒေါ်အေးအေး (STAR & MOON Pte Ltd, Singapore) တို့၏အစ်မကြီး၊ ဦးမြင့်ဦး၏ဇနီး ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး ဒေါ်လွင်လွင်ဌေးသည် ၉-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အောက်မေ့လွမ်းဆွတ်သတိရ တမ်းတမိပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ကုန်းတလပေါင်းရပ်ကျေး၊ မင်္ဂလာဒုံမြို့နယ်**

**သုဝဏ္ဏဘူမိ-
သထုံအသင်း(ရန်ကုန်)
ဘုရား၊ ရဟန်း၊ သိမ်၊
ကျောင်းဒါယိကာမကြီး**

## ဒေါ်ကျင်ဥ

**[သုဝဏ္ဏဘူမိ-သထုံအသင်း(ရန်ကုန်)၏
နာယကကြီး]**

**အသက် (၉၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာ (၃)လမ်းနေ (ဦးယုကြည်)၏ဇနီး ဒေါ်ကျင်ဥ (သုဝဏ္ဏဘူမိ-သထုံသတင်း (ရန်ကုန်) နာယကကြီး)သည် ၈-၆-၂၀၂၀ ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း သထုံအသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့
သုဝဏ္ဏဘူမိ-သထုံအသင်း(ရန်ကုန်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/6078 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(နေပြည်တော်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၇၀၇၂၉ Honda Wave 100 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဦး ၁၀/ကထန(နိုင်)၁၇၀၇၈၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊
ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၉၉၃၃၄ Honda Dream ND 125 ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးမျိုးမြင့် ၁၀/ခဆန(နိုင်)၀၇၈၉၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊
ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇမ္ဗူဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/ဥတ္တရသီရိတောင်၊ မြေရေိယာ ၀ ဒသမ ၉၁၈ ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်၊ မြေကွက်အမှတ် (ပ-၁၀၈၂)ကို အမည်ပေါက် ဦးအေးမောင် ၁၂/ကတတ(နိုင်)၀၀၃၀၀၁ (ဘ)ဦးမောင်မောင်ကြီးမှ ဒေါ်နိုင်နိုင်ဦး ၁၂/ကတတ(နိုင်)၀၁၇၀၃၇၊ ဦးပြည့်ဖြိုးသက်ပိုင် ၁၂/ကမရ(နိုင်)၀၆၁၉၁၃၊ ဒေါ်အမရာ ၁၂/ကမရ(နိုင်)၀၇၃၀၇၉ နှင့် မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ**

## အလိမ္မာ စာမှာရှိ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကြည်း-၃၅၅၂၊ ဗေယျကျော်ထင်**

# ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)

**(စာရေးဆရာကြီး မိုးမိုးတာရောစန်)
နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်)**

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၆၁)နေ ဦးသောင်းထိုက်-ဒေါ်အယ်(လ်)ခွန်းရီတို့၏ဖခင် ကြည်း-၃၅၅၂ ၊ဗေယျကျော်ထင် ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း) (စာရေးဆရာကြီး မိုးမိုးတာရောစန်)နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်) အသက်(၉၄)နှစ်သည် ၉-၆-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်
Max Myanmar Group of Companies**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်သိန်းတင်

**အသက် (၈၈)နှစ်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် မ-၁/၁၂နေ ဦးတင်ယု၏ဇနီး၊ KBZ Bank/KBZ Group ၏ နာယကဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏ချစ်လှစွာသော မိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေ နေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဒေါက်တာဝင်းမြတ်အေးနှင့်ဇနီး ပါမောက္ခ ဒေါက်တာ မြသီတာ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်သိန်းတင်

**မန္တလေး**

**အသက် (၈၈)နှစ်**

KBZ Bank/KBZ Group ၏နာယက ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန်ပထမဆင့်)တို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ်တို့၏အဘွား ဒေါ်သိန်းတင် အသက် (၈၈)နှစ်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးလှိုင်@ဦးကွေ့-ဒေါ်သန်းသန်းမေ
Taunggyi Gems Holding and Elegant Gems**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်သိန်းတင်

**အသက် (၈၈)နှစ်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် မ-၁/၁၂နေ ဦးတင်ယု၏ဇနီး၊ ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏ချစ်လှစွာသော မိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေ နေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့်ဇနီး ဒေါ်စန်းစန်းထွန်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်သိန်းတင်

**အသက်(၈၈)နှစ်**

ကမ္ဘောဇအုပ်စု နာယကကြီး ဦးအောင်ကိုဝင်း၏ မိခင်ကြီး ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ
အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
Yoma Group**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်သိန်းတင်

**မန္တလေး**

**အသက် (၈၈)နှစ်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် မ-၁/၁၂နေ ဦးတင်ယု၏ဇနီး၊ KBZ Bank/KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း (ဒုတိယအမှုဆောင်အရာရှိချုပ် KBZ Bank)၊ ဒေါ်နန်းခမ်းနောင့် (ဒုတိယအမှုဆောင်အရာရှိချုပ် KBZ Bank)နှင့် ဒေါ်နန်းမိုဟွမ်(အမှုဆောင်ဒါရိုက်တာ KBZ Bank) တို့၏အဘွား ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာနှင့် အရာထမ်း၊ ဝန်ထမ်းများ
Myanmar Billion Group (MBG)
Yamonnar Oo Resort Hotel (Ngwe Saung Beach)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်သိန်းတင်

**(မန္တလေး)**

**အသက်(၈၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ ဦးတင်ယု၏ဇနီး၊ ကမ္ဘောဇဘဏ်လီမိတက် နာယက ကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း (KBZ BANK/KBZ GROUP)- အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်ပထမဆင့်)တို့၏မိခင်ကြီး ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ်တို့၏အဘွား ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ သည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့
သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်သိန်းတင်

**မန္တလေး**

**အသက် (၈၈)နှစ်**

KBZ Bank/KBZ Group၏နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန်ပထမဆင့်)တို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း (ဒုတိယအမှုဆောင်အရာရှိချုပ် KBZ Bank)၊ ဒေါ်နန်းခမ်းနောင့် (ဒုတိယအမှုဆောင်အရာရှိချုပ် KBZ Bank)နှင့် ဒေါ်နန်းမိုဟွမ်(အမှုဆောင်ဒါရိုက်တာ KBZ Bank) တို့၏အဘွား ဒေါ်သိန်းတင် အသက် (၈၈)နှစ်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့
Ever Winner Co.,Ltd.**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/2077 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/4997 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သိန်းတင်

**အသက်(၈၈)နှစ်**

KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏မိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန
ညွှန်ကြားရေးမှူးနှင့်အရာထမ်း၊ အမှုထမ်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်သောင်း(ခ)မိုးမိုးတာရောစန်

**အသက် (၉၄)နှစ်**

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးသောင်းထိုက်-ဒေါ်အယ်လ်ခွန်းရီတို့၏ဖခင် ဦးခင်မောင်သောင်း (ခ)မိုးမိုးတာရောစန် အသက် (၉၄)နှစ်သည် ၉-၆-၂၀၂၀ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန
ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သိန်းတင်**

**အသက် (၈၈)နှစ်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် မ-၁/၁၂နေ ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏ ချစ်လှစွာသော မိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့်ဇနီး ဒေါ်ကြူကြူစိုး**

---

ကျောက်ဆည်အသင်း(ရန်ကုန်)

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သိန်းတင်**

**အသက်(၈၈)နှစ်**

ကျောက်ဆည်အသင်း(ရန်ကုန်)၏ နာယကကြီး KBZ Bank/ KBZ Group နာယကကြီး ဦးအောင်ကိုဝင်း- ဒေါ်နန်းသန်းထွေးတို့၏ ချစ်လှစွာသောမိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အမှုဆောင် အဖွဲ့ဝင်များ**

**ဓမ္မာရုံ ဂေါပက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ**

**ကျောက်ဆည်အသင်း(ရန်ကုန်)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သိန်းတင်**

**မန္တလေး**

**အသက်(၈၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ ဦးတင်ယု၏ဇနီး၊ ကမ္ဘောဇ ဘဏ်လီမိတက် နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(KBZ Bank/ KBZ Group) – အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန် ပထမဆင့်) တို့၏မိခင်ကြီး၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ်တို့၏အဘွား ဒေါ်သိန်းတင် အသက်(၈၈)နှစ် သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဇော်နိုင်**

**ဥက္ကဋ္ဌ(MIIBF– GROUP)**

**Myanmar India International Business Federation**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သိန်းတင်**

**အသက်(၈၈)နှစ်**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယကကြီး ဦးအောင်ကိုဝင်း( နာယက၊ KBZ Bank Ltd., ) ၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်သိန်းတင် အသက်(၈၈)နှစ် သည် ၇-၆-၂၀၂၀ရက် ညနေတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

**ရောဝတီ ယူနိုက်တက်ဘောလုံးအသင်း နာယက၊ ဥက္ကဋ္ဌ၊ ဒု ဥက္ကဋ္ဌနှင့် BOD အဖွဲ့ဝင်များ**

**အသင်းအုပ်ချုပ်/နည်းပြများ၊ ကစားသမားများနှင့် ဝန်ထမ်းများ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် 7G/7735 MAZDA DEMIO DE3Fs HATCH BACK (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာလာ ၁၂/ဥကမ(နိုင်)၁၆၆၇၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာ ခင်မောင်ဆွေ**

**M.Sc.(Rgn), M.Sc.(Liverpool), Ph.D.(London)**

**အသက်(၈၄)နှစ်**

မြန်မာနိုင်ငံ နည်းပညာပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အငြိမ်းစား သင်္ချာပါမောက္ခ၊ အမျိုးသားစာပေဆုရှင် ဆရာကြီး ဒေါက်တာ ခင်မောင်ဆွေသည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဌာနမှူးနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ**

**အင်ဂျင်နီယာသင်္ချာဌာန**

**ရန်ကုန်နည်းပညာတက္ကသိုလ်**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သိန်းတင်**

**မန္တလေးမြို့**

**အသက်(၈၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ ဦးတင်ယု၏ဇနီး၊ ကမ္ဘောဇ ဘဏ်လီမိတက် နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(နာယက-KBZ Bank/KBZ Group)-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်ပထမဆင့်)တို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ်တို့၏ အဘွား ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုင်းစွဲဆိုင်း-ဒေါ်နန်းဟွမ်**

**စည်ပင်သာယာရေးဝန်ကြီး၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့**

**ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန မိသားစု**

---

# ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သိန်းတင်

**မန္တလေး**

**အသက်(၈၈)နှစ်**

COVID-19 Pandemic အတွက် ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ၏ နာယကကြီး ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(နာယက-KBZ Bank/KBZ Group)-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်း ထွေး(လူမှုထူးချွန်ပထမဆင့်)တို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် ဒေါ်နန်းမိုဟွမ်တို့၏အဘွား ဒေါ်သိန်းတင် အသက် (၈၈)နှစ်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုကိုထွေး-ဒေါ်အေးအေးသန်း**

**တော်ဝင်မိသားစုကုမ္ပဏီလီမိတက်**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သိန်းတင် (မန္တလေး)**

**အသက် (၈၈)နှစ်**

KBZ Bank/KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏မိခင် ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများအားလုံး**

**မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၆၄၂၅၆ Zong Shen 110 MC ယာဉ်လက်ဝယ်ရှိသူ ဦးတက်တိုး ၉/နထက(နိုင်)၁၈၁၃၅၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

## အမည်ပြောင်း

ရန်ကုန်မြို့၊သဃ်္ဃန်းကျွန်းမြို့နယ်နေ ဦးယဉ်ထွေး၏သမီး မလင်းထက်ထက်ထွေး ၁၄/မအန(နိုင်)၂၁၇၂၇၉ အား မလင်းထက်ထက်အောင်ဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

**မလင်းထက်ထက်အောင်**

---

## အမည်ပြောင်း

ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ နမ့်မန်းကျေးရွာနေ (ဘ)ဦးထွန်းသက်အေး ၂/မစန(နိုင်)၀၀၀၄၆၄ ၏သမီး မအိသန္တာအောင်အား မနန်းအေးမြတ်မွန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မနန်းအေးမြတ်မွန်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သိန်းတင်

**မန္တလေး**

**အသက်(၈၈)နှစ်**

KBZ Bank/KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏မိခင် ဒေါ်သိန်းတင် အသက်(၈၈)နှစ် သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူအထူး ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သန့်စင်
မိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သိန်းတင်

**အသက်(၈၈)နှစ်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် မ-၁/၁၂ နေ ဘဘ ဦးတင်ယု၏ဇနီး၊ သားသမီး (၇)ဦး၏ ချစ်လှစွာသော မိခင် မေမေကြီး ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန်းညွန့်၊ ဒေါ်တင်တင်
ဦးထွန်းထွန်းလင်း(ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့လွှတ်တော်ရုံး)၊
ဒေါ်နှင်းရူပါ (ကျောင်းအုပ်ကြီး၊ အလက ကောင်းမှု) မိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သိန်းတင်

**မြစ်သား**

**အသက်(၈၈)နှစ်**

ကမ္ဘောဇဘဏ် နာယကကြီး ဝဏ္ဏကျော်ထင်စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း -ဇနီး အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန် ပထမဆင့်)တို့၏ မိခင်၊ မန္တလေးမြို့နေ ဦးတင်ယု၏ ချစ်လှစွာသောဇနီး ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက်တွင် ရွှေဂုံတိုင် အထူးကု ဆေးရုံကြီး(SSC)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

"မြလှမြင့်"ကျန်းမာရေးဖောင်ဒေးရှင်းဆေးရုံ
ကော်မတီဝင်များနှင့်ဝန်ထမ်းများ
မြစ်သားမြို့

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သိန်းတင်

**အသက်(၈၈)နှစ်**

Golden Brothers Golfer Group(ရွှေညီအစ်ကိုများ ဂေါက်သီးရိုက်အသင်း)၏ ဂုဏ်ထူးဆောင်နာယကကြီးနှင့် ကမ္ဘောဇအုပ်စုနာယကကြီး ဦးအောင်ကိုဝင်း၏မိခင်ကြီး ဒေါ်သိန်းတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၂၀ရက် ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါ၍ ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် အသင်းသားများ
Golden Brothers Golfer Group
(ရွှေညီအစ်ကိုများ ဂေါက်သီးရိုက်အသင်း)

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သိန်းတင်

**မန္တလေး**

**အသက်(၈၈)နှစ်**

KBZ Bank/ KBZ Group နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေး တို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း(ဒုတိယ အမှုဆောင်အရာရှိချုပ်၊ KBZ Bank)၊ ဒေါ်နန်း ခမ်းနောင့်(ဒုတိယအမှုဆောင်အရာရှိချုပ်၊ KBZ Bank)နှင့် ဒေါ်နန်းမိုဟွမ် (အမှုဆောင် ဒါရိုက်တာ၊ KBZBank)တို့၏အဘွား ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေ နေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဂေါပကအဖွဲ့
ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၊ တောင်ကြီးမြို့

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သိန်းတင်

**အသက်(၈၈)နှစ်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ သိပ္ပံလမ်းနေ ဦးတင်ယု၏ဇနီး၊ ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း(နာယက-KBZ Bank/KBZ Group)-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန် ပထမဆင့်)တို့၏ ချစ်လှစွာသောမိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်မောင်-ဒေါ်အေးတင်
ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးကုမ္ပဏီ မိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်သိန်းတင်

**(မန္တလေး)**

**အသက်(၈၈)နှစ်**

ကျေးဇူးရှင်ဆရာ ဦးအောင်ကိုဝင်း(KBZ Bank နှင့် KBZ Group of Companies ၏နာယကကြီး)- ဆရာမ ဒေါ်နန်းသန်းထွေးတို့၏မိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စိုင်းရွက်၊ နန်းကွယ်ဖောင်း မောင်နှမနှင့်လှိုင်ခမ်းအိမ်ရာစီမံကိန်း
(တောင်ကြီးမြို့)မှ ဝန်ထမ်းများ

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်သိန်းတင်

**မန္တလေး**

**အသက်(၈၈)နှစ်**

KBZ Bank/ KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏မိခင်၊ ဒေါ်နန်းလိုင်းခမ်း(ဒုတိယ အမှုဆောင်အရာရှိချုပ်၊ KBZ Bank)၊ ဒေါ်နန်းခမ်းနောင့်(ဒုတိယအမှုဆောင်အရာရှိချုပ်၊ KBZ Bank)နှင့် ဒေါ်နန်းမိုဟွမ် (အမှုဆောင်ဒါ ရိုက်တာ၊ KBZ Bank)တို့၏အဘွား ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Mr.Andrew Kou(Chairman)
Mr.Joseph Tsai (Vice Chairman)
Mr.Alan Lee(CEO)
Cathay United Bank

## ကြည်း ၃၅၅၂ ဖေယျကျော်ထင်
# ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)
**(စာရေးဆရာကြီး မိုးမိုးတာရောစန်)**
**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**
**အသက်(၉၄)နှစ်**

(ဦးစိန်-ဒေါ်သိန်းတင်)တို့၏သား၊ (ဦးဘိုးလှ-ဒေါ်အေးမယ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ် ၆၁၊ ဗိုလ် ရာညွန့်လမ်းနေ (ဒေါ်ခင်အုန်းရီ)၏ခင်ပွန်း၊ (ဦးသောင်းဦး)-ဒေါ်ယဉ်ယဉ်ဦး၊ ဦးသောင်းထိုက်-ဒေါ်အယ်(လ်)ခွန်းရီ၊ ဦးသောင်းတန်-ဒေါ်သျှင်သန်း၊ ဒေါ်ခင်စိုးစိုးရီ- ဦးအုန်းကျော်၊(ဦးသောင်းထွန်း)၊ (ဦးသောင်းနိုင်)-ဒေါ်ခင်ခင်ထွေးတို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ် ၁၁ ယောက်တို့၏ ဘိုးဘိုးကြီးသည် ၉-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ကြည်း-၃၅၅၂၊ ဖေယျကျော်ထင်**
## ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)
**(စာရေးဆရာကြီး မိုးမိုးတာရောစန်)**
**နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်)**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၆၁)နေ ဦးဘိုချန်ထွန်း(MD, Max Hotels Group)-ဒေါ်ပိုးအိဖြူတို့၏အဘိုး ကြည်း-၃၅၅၂ ၊ ဖေယျကျော်ထင် ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း) (စာရေးဆရာကြီး မိုးမိုးတာရောစန်)နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်)အသက်(၉၄)နှစ်သည် ၉-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Max Myanmar Group of Companies**

---

# ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်း
**တပ်မတော်ရေ(ငြိမ်း)**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁၀)ရပ်ကွက်၊ ကန်လမ်း၊ ကန်ရိပ်မွန်ကွန်ဒို၊ အမှတ် ၄၀၅-၄၀၆နေ (ဦးရွှေဝင်း-ဒေါ်စိန်ကျော့) တို့၏သား၊ (ဒေါ်ခင်ထူး)၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ခင်စန္ဒာဝင်း(MPT)၊ (ဦးကျော်စွာလင်း)-ဒေါ်သီတာအောင်သိန်း၊ Mr. Parambir Ahuja -ဒေါ်ခင်နန္ဒာဝင်း(Sydney)၊ ဦးမောင်မောင်လှ-ဒေါ်အေးသန်းဦးတို့၏ ချစ်လှစွာသော ဖခင်၊ မြေးခြောက်ယောက် တို့၏ အဘိုးသည် ၉-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၃:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၉:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဦးစောဝင်းထွန်း(ခ)ကိုဖိုးထောင်
**ဦးစီးအရာရှိ(ဆမ)ငြိမ်း (BE-Civil 1983 Batch)**
**အထွေထွေအတွင်းရေးမှူး(ရှမ်းနီ/တိုင်းလျှန်)**
**သွေးစည်းညီညွတ်ရေးပါတီ**
**အသက်(၆၃)နှစ်**

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်၊ အမှတ် ၂၄၀နေ [ ဦးထွန်းရင်)(လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်) -ဒေါ်နန်းမွေးရှိန်] တို့၏သားကြီး၊ ဒေါ်နန်းခင်ဖုန်းထွန်း၊(ဒေါက်တာနန်းခင်ပြုံးထွန်း)၊ ဒေါ်နန်းခင်အုန်းထွန်းတို့၏မောင်၊ ဒေါ်တိုးတိုးထွန်း၊ ဦးစိုင်းစောလင်းထွန်း၊ ဒေါ်နန်းသီတာထွန်းတို့၏ အစ်ကိုကြီး၊ မန္တလေးမြို့နေ (ဦးကြည်ငွေ-ဒေါ်စိန်)တို့၏ သားသမက်၊ ကိုဇော်ဝင်း-မလှဝင်းရီတို့၏အစ်ကို၊ တူ၊ တူမ ၁၅ ယောက်တို့၏ဘကြီး၊ မန္တလေးမြို့နေ အမှတ် ခ-၁/၇၀(ခ)၊လမ်း (၄၀ X ၄၁)ကြား၊ ၆၇ X ၆၈ ကြား၊ ကံ့ကော်လမ်း၊ မဟာမြိုင် (၁) ရပ်ကွက်နေ ဒေါ်ခင်သီ၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာ ဒေါ်သဥ္ဇာစော(လက်ထောက်ဆရာဝန်-မန္တလေး ပြည်သူ့ဆေးရုံကြီး)၊ မဥ္ဇူစောတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၉-၆-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၄:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် သင်္ဂြိုဟ်မည် ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက်၁၀နာရီတွင်ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးညွန့်တင်
**အသက် (၈၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ သရဖီလမ်း၊ အိမ်အမှတ် (၁၈)နေ ဒေါ်တင်ရီ၏ ခင်ပွန်း၊ ဦးသန်းဆွေ-ဒေါ်အေးအေးမြင့်(ဂျပန်)၊ ဦးပြည့်ဖြိုးပိုင်-ဒေါ်ဝင်းမင်းအေး၊ ဦးစိန်ဝင်း-ဒေါ်သီတာနိုင်(အမေရိကန်)တို့၏ဖခင်၊ မြေး သုံးယောက်တို့၏အဘိုးသည် ၉-၆-၂၀၂၀ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကြည်း-၃၅၅၂ ဖေယျကျော်ထင်
## ဒုတိယဗိုလ်မှူးကြီး ခင်မောင်သောင်း(ငြိမ်း)
**(စာရေးဆရာကြီး မိုးမိုးတာရောစန်)**
**နိုင်ငံဂုဏ်ရည်(ပထမအဆင့်)**
**အသက်(၉၄)နှစ်**

(ဦးစိန်-ဒေါ်သိန်းတင်)တို့၏သား၊ (ဦးဘိုးလှ-ဒေါ်အေးမယ်)တို့၏ သား သမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၆၁) (ဒေါ်ခင်အုန်းရီ)၏ခင်ပွန်း၊ (ဦးသောင်းဦး)-ဒေါ်ယဉ်ယဉ်ဦး၊ ဦးသောင်းထိုက်-ဒေါ်အယ်(လ်)ခွန်းရီ၊ ဦးသောင်းတန်-ဒေါ်သျှင်သန်း၊ ဒေါ်ခင်စိုးစိုးရီ-ဦးအုန်းကျော်၊ (ဦးသောင်းထွန်း)၊ (ဦးသောင်းနိုင်)-ဒေါ်ခင်ခင်ထွေးတို့၏ ဖခင်၊ မြေး ကိုးယောက်၊ မြစ် ၁၁ ယောက်တို့၏ ဘိုးဘိုးကြီးသည် ၉-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
# ဒေါ်သိန်းတင်
**မန္တလေး**
**အသက် (၈၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ ဦးတင်ယု၏ဇနီး၊ကမ္ဘောဇဘဏ်လီမိတက် နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေး၊ ဦးထွန်းမြင့်-ဒေါ်ခင်စန်းနွဲ့တို့၏ မိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှဝင်း၊ ဦးမြင့်ဦး (MK)**
**ဦးဇော်မျိုးနိုင်၊ ဦးကျော်ရင်၊ ဦးတင်မောင်ငွေး၊**
**(ဦးညီညီ)၊ ဦးမြင့်ဦး၊ ဦးစန်းဝင်း၊**
**ဦးစိုးမိုးမင်း (ASPIDIN Co.,Ltd.)**

---

## ဦးခင်မောင်ညို
**အသက်(၆၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (တ/၁၅)ရပ်ကွက်၊ ပန်းခြံ (၅) စံပါယ် (၃)လမ်း၊ အမှတ် ၁၅၀၀ နေ ဒေါ်မြင့် မြင့်ငွေး၏ခင်ပွန်း၊ ဦးကျော်ကျော်မိုး-ဒေါ်ကြည်ကြည်မာ၊ မောင်မျိုးသန့်ဇင်၊ မောင်ငြိမ်းချမ်းကျော်တို့၏ ဖခင်သည် ၉-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၂:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၂၀ရက် မွန်းလွဲ ၁၂:၃၀နာရီတွင် ရွှေပြည်သာ ကျူးချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း**
## ဦးကျော်ကျော်သန်း
**ဦး/ရှိ(ငြိမ်း)**
**(ဆည်/ရေ)**
**အသင်းဝင်အမှတ်(၃၆၆၁)**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဗဟို(ဖေယျဝတီ)လမ်း၊ အမှတ်(၆၀၊ ငါးလွှာ)နေ ဒေါ်ကြူကြူသင်း၏ ခင်ပွန်း ဦးကျော်ကျော်သန်းသည် ၇-၆-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုန်သာန် ၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

လူသားတန်ဖိုး ချစ်မြတ်နိုးသူများအဖွဲ့ နာယက ဟာဂျီ ဒေါက်တာ သန်းဝင်း (ပါမောက္ခ ဌာနမှူး၊ မြန်မာစာဌာန၊ ရေနံချောင်းဒီကရီကောလိပ်)၏ဖခင်၊ တွဲဖက်အတွင်းရေးမှူး ဟာဂျီ ဦးမြသန်း(မောင်သဲနီ) ၏ အစ်ကို ဟာဂျီအဗ္ဗဒွလ်ရဇတ်(ခ)ဦးတင်အေး သည် ၆-၆-၂၀၂၀ရက်တွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ကွယ်လွန်သူ၏ အပြစ်များကို ခွင့်လွှတ်ပြီး ဂျန်နသ်တွင် စံမြန်းနိုင်စေရန် မြတ်အလ္လာဟ်ထံ ဆုပန်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**လူသားတန်ဖိုးချစ်မြတ်နိုးသူများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
# ဒေါ်သိန်းတင်
**အသက် (၈၈)နှစ်**

KBZ Group ၏ နာယကကြီး ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏ မိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ခင်မောင်ဆွေ
**M.Sc.(Rgn), M.Sc (Liverpool), Ph.D (London)**
**အသက် (၈၄)နှစ်**

မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အငြိမ်းစားသင်္ချာပါမောက္ခ၊ အမျိုးသားစာပေဆုရှင် ဆရာကြီး ဒေါက်တာခင်မောင်ဆွေသည် ၇-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သင်္ချာမိသားစု၏ တန်ဖိုးမဖြတ်နိုင်သော၊ အစားထိုးမရနိုင်သောဆုံးရှုံးမှုအတွက် များစွာနှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာကြီး၏ များစွာသောအနန္တကျေးဇူးများကို အောက်မေ့သတိရလျက် ဆရာကြီး ကောင်းမွန်မြင့်မြတ်သောဘုံဘဝတွင် ငြိမ်းအေးနိုင်ပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**ချစ်တပည့်များ**
**သင်္ချာမိသားစု**
**နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ**

---

## ဟာဂျီအဗ္ဗဒွလ်ရဇတ်(ခ)ဦးတင်အေး
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၅လမ်း၊ အမှတ်(၂၀၊ သုံးလွှာ၊ ဝဲ)နေ (ဦးမောင်စိန်-ဒေါ်စော) တို့၏သား၊ (ဒေါ်လှလှ)၏ခင်ပွန်း၊ ဟာဂျီဦးမြသန်း(မောင်သဲနီ)(ဦးစီးမှူး၊ ဆည်မြောင်း၊ ငြိမ်း)၏ အစ်ကို၊ ဟာဂျီဦးသန်းဦး(တပ်ကြပ်၊ လေ၊ ငြိမ်း) ဟာဂျီမ ဒေါက်တာအမာ (တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်) ဟာဂျီ ဒေါက်တာသန်းဝင်း(ပါမောက္ခဌာနမှူး၊ မြန်မာစာဌာန၊ ရေနံချောင်းဒီဂရီကောလိပ်) ဟာဂျီမဒေါက်တာရီရီနိုင်(တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ ပုသိမ်ကွန်ပျူတာတက္ကသိုလ်)၊ ဦးမင်းလွင်၊ ဦးသန်းလွင်(ဒါရိုက်တာ၊ မေတ္တာရှင်းမြစ်ဖောင်ဒေးရှင်း) ဒေါ်လှလှဆွေ၊ ဒေါ်သီတာလွင်(အလယ်တန်းကျောင်းအုပ်၊ အလက တောင်မြင့်၊ ရွှာမ၊ ပျဉ်းမနား)၊ ဦးဇော်လွင်မိုး ဒေါ်ဇင်မာအုံး၊ ဦးမင်းထွေးတို့၏ဖခင်၊ မြေးခြောက်ယောက်၏အဘိုး သည် ၆-၆-၂၀၂၀ရက် ညနေ ၆နာရီတွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်မြင့်မြင့်ဇော်
**ဦးစီးမှူး(ငြိမ်း)၊ ကုန်သွယ်/လယ်ယာ**
**အသက် (၆၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး ဘုရားလမ်း၊ အမှတ် ၉၁နေ ဦးမျိုးလွင်-(ဒေါ်သောင်းသောင်း)တို့၏သမီး၊ (ကိုအောင်ကျော်လွင်)၊ ဒေါက်တာထွန်းငွေ-ဒေါ်ချိုချိုလွင်၊ ကိုခိုင်စိုး-မမီမီလွင်၊ ကိုမင်းဟိန်း-မမာမာလွင်တို့၏အစ်မ၊ တူ၊ တူမငါးယောက်တို့၏ကြီးကြီး၊ မောင်ပြည့် ဖြိုးဟိန်း၊ မောင်အောင်ကောင်းမြတ်(ခ)ဝါဆိုတို့၏ ချစ်လှစွာသောမိခင်၊ ဦးကျော်သိန်း (လျှပ်စစ်အင်ဂျင်နီယာ-ငြိမ်း) မြန်မာ့ရေနံ၏ချစ်လှစွာသောဇနီးသည် ၈-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁:၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစည်သူကိုကိုလွင် အသက်(၅၁)နှစ်
**MD-SILVER BRIGHT WAY SVC CO.,LTD**
**Ex-MYANMA FIVE STAR LINE-JARDINE CONTAINER SVC**
**Ex-PHEE Jnt't & Ex-STAR LINE SHIPPNG CO.,LTD.**
**Ex-REGIONAL CONTAINER LINE**
**BA(His)**
**အထက(၁)ဒဂုံ (မကဒ)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၁၃)နေ ဦးကိုကိုလွင်-ဒေါ်သန်းသန်းဝင်းတို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ၊ ဇင်ယော်လမ်း၊ အမှတ်(၁၀၇)နေ (ဗိုလ်ကြီး ခင်သိန်း)-ဒေါ်ချိုချိုငြိမ်းတို့၏သားသမက်၊ ဒေါ်မွေးမွေးခင်(New Born Baby Product CO.,LTD)၏ ချစ်လှစွာသောခင်ပွန်း၊ မသန့်သူသူထက်(အထက-၂၊ စမ်းချောင်း)၊ မဝင့်ထည်ဝါထက် (ခ)Toy Toy တို့၏ချစ်လှစွာသောဖခင်၊ ဦးကျော်သူကိုကိုလွင်-ဒေါ်နေခြည်လင်းတို့၏အစ်ကို၊ ဦးအောင်မျိုးထွန်း-ဒေါ်မြတ်မြတ်ခင်၊ ဒေါက်တာကြီးမြင့်သိန်း-ဒေါ်ဝင်းပပသန်း၊ ဦးကျော်မျိုးသိန်း-ဒေါ်ငွေးငွေးနွယ်၊ ဦးသူရလင်း-ဒေါ်မင်းမင်းခင်သိန်းတို့၏ညီ/မောင်၊ ဒေါ်စမ်းစမ်းတင်၊ (ဦးမောင်မောင်ကြည်)၊ ဒေါ်ခင်ခင်ဆွေ၊ ဒေါ်စုစုကြည်တို့၏တူသည် ၉-၆-၂၀၂၀ရက် နံနက် ၈နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်( ၁၃၊ လေးလွှာ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ပြည်သူသို့ အသိပေးတင်ပြချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ပြည်သူသို့ အသိပေးတင်ပြချက်
၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန် လ ၉ ရက်)

၁။ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ (COVID–19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် (၃၁-၅-၂၀၂၀) ရက်နေ့အထိ ထုတ်ပြန်ထားသော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ပြည်သူသို့ ပန်ကြားချက်၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးရန် လမ်းညွှန်ထားသော ကိစ္စရပ်များမပါ) အား (၁၅-၆-၂၀၂၀) ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်သွားရန် ၂၀၂၀ ပြည့်နှစ်၊ မေလ (၂၈) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

၂။ COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေး တိုးမြှင့်ခဲ့သည့် ဇွန်လ(၁)ရက်မှ (၁၅)ရက်အထိ ကာလအတွင်း ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ **(သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ(မပါ))**အတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၇၅) ယူနစ်အထိ ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့် (အခမဲ့) ကို ထပ်မံပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ပါ၍ သုံးစွဲခဲ့သော လျှပ်စစ်ဓာတ်အားသုံးစွဲမှုယူနစ်များအနက်မှ လျှပ်စစ်ဓာတ်အား သုံးစွဲမှု (၁) ယူနစ်မှ (၇၅) ယူနစ်အထိ သုံးစွဲသူများကို သုံးစွဲယူနစ်အလိုက် ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည်ဖြစ်ပါသည်။

၄။ အိမ်သုံးအမျိုးအစား၌ လျှပ်စစ်မီးသုံးစွဲသူများမှ (၇၆) ယူနစ်နှင့်အထက် သုံးစွဲမှုများအား အလွှာလိုက် သတ်မှတ်ချက်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ အထူးကိစ္စတစ်ရပ်အနေဖြင့် ကင်းလွတ်ခွင့်ပြုခဲ့သော အိမ်သုံးမဟုတ်သည့် အမျိုးအစားတွင် ပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများမှအပ ကျန်သုံးစွဲသူများအားလုံးသည် ယခင်သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရမည် ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှု ဥရောပတွင် အခြေအနေကောင်းမွန်လာသော်လည်း ကမ္ဘာတစ်ဝန်းတွင် အခြေအနေဆိုးရွားလာ** စာ ၁၃

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း** (၉-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ စာ ၁၅



နေရပ်ပြန်ရွှေ့ပြောင်းအလုပ်သမားများအား တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်နေစဉ်။

## ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား နေရပ်ဒေသအသီးသီး ပြန်လည်ပို့ဆောင်ပေး

**ကော့သောင်း ဇွန် ၉**

နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၈၁ ဦး၊ အမျိုးသမီး ၆၁ ဦး စုစုပေါင်း အလုပ်သမား ၁၄၂ ဦး ယမန်နေ့ ညနေပိုင်းက ထိုင်းနိုင်ငံတောင်ပိုင်း ရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့သို့ ရေလမ်းခရီးဖြင့် ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။

အဆိုပါအလုပ်သမားများမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုကာလအတွင်း နှစ်နိုင်ငံ ကူးသန်းသွားလာမှုများ ပိတ်သိမ်းခဲ့၍ ထိုင်းနိုင်ငံတွင် ကြန့်ကြာနေခဲ့ရခြင်းဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး၊

*စာမျက်နှာ ၇ ကော်လံ ၄* ✻

## ရိုးမားသို့ အမြဲတမ်းပြောင်းရွှေ့လိုနေသည့် အမ်ခီတာရန်း

အာဆင်နယ်အသင်းမှ အာမေးနီးယားကစားသမား အမ်ခီတာရန်းသည် ယခုနှစ်နွေရာသီတွင် ရိုးမားအသင်း၌ အငှားစာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ အမ်းမရိတ်သို့ ပြန်လာရတော့မည်ဖြစ်သည်။ သို့သော်လည်း ၎င်းအနေဖြင့် အမ်းမရိတ်သို့ ပြန်သွားခြင်းထက် ရိုးမားအသင်း၌သာ ဆက်လက်နေလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

အမ်ခီတာရန်းသည် ရိုးမားအသင်းတွင် နောက်ထပ်နှစ်အနည်းငယ် ဆက်လက်နေလိုကြောင်း ယမန်နေ့က ဝန်ခံပြောကြားခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ သို့သော်လည်း အာဆင်နယ်နည်းပြ မိုက်ကယ် အာတီတာ အနေဖြင့် ၎င်းကို အမ်းမရိတ်သို့ပြန်လည်ခေါ်ယူမည်ဆိုပါကလည်း အသင်းအတွက် ကစားပေးရန် အဆင်သင့်ဖြစ်နေကြောင်း ဆက်လက်ပြောကြားခဲ့သည်။

အမ်ခီတာရန်းသည် စက်တင်ဘာလတွင် အာဆင်နယ်အသင်းမှ ရိုးမားအသင်းသို့ တစ်ရာသီ အငှားပြောင်းရွှေ့ခဲ့သူ ဖြစ်သည်။ အသက် ၃၁ နှစ်အရွယ် အမ်ခီတာရန်းသည် Stadio Olimpico တွင် ဒဏ်ရာပြဿနာများဖြင့်

*စာမျက်နှာ ၁၀ ကော်လံ ၅* ●








မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

၂၀၂၀ ပြည့်နှစ်၊ ဇွန် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့



# ဟိုတယ်သစ်

## စီမံကိန်းတွေနဲ့အတူ

ဇင်လင်းမြင့်

**ဒီလို ဟိုတယ်သစ်သုံးလုံး တည်ဆောက်ပြီးစီးရင် ဟိုတယ်အခန်းပေါင်း ၁၇၉ ခန်း ထွက်ပေါ်လာမှာဖြစ်သလို အလုပ်အကိုင်အခွင့်အလမ်းလည်း ၁၀၀ ကျော် ရရှိစေမှာဖြစ်။**

**အခုတလော ရန်ကုန်မြို့အတွင်း နေရာအတော်များများကို ဖြတ်သန်းသွားလာရတိုင်း သတိထားကြည့်မိတာက ဟိုတယ်တွေဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ဟိုတယ်တိုင်းလိုလိုမှာ ဧည့်သည် အဝင်၊ အထွက် ရပ်စဲသွားသလို အစည်းအဝေးတွေ၊ ပွဲလမ်းသဘင် ကျင်းပတာတွေလည်း မရှိတော့ပါဘူး။ ခရီးသွားလုပ်ငန်းတွေ၊ ဟိုတယ်လုပ်ငန်းတွေ ထိခိုက်မှု ဖြစ်ခဲ့ပေမယ့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာတော့ ဟိုတယ်အသစ်သုံးလုံး တည်ဆောက်ခွင့်ပြုခဲ့တယ်လို့ ရန်ကုန်တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီထံမှ သိရပါတယ်။**

ရန်ကုန်မြို့မှာ တည်ဆောက်ဆဲဟိုတယ်တွေရှိသလို ထပ်မံအသစ်တည်ဆောက်မယ့် ဟိုတယ်လုပ်ငန်းတွေလည်း ရှိနေတာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာတစ်လွှားမှာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတွေ ထိခိုက်မှုရှိခဲ့သလို မြန်မာနိုင်ငံမှာလည်း ထိခိုက်မှုတွေရှိခဲ့ပါတယ်။ အထူးသဖြင့် ရန်ကုန်မြို့မှာ နိုင်ငံတကာဧည့်သည် အဝင်အထွက်များတဲ့ ဟိုတယ်တွေဟာ သိသိသာသာ လုပ်ငန်းတွေ ရပ်ဆိုင်းထားရသလို ကြုံတွေ့ခဲ့ရပါတယ်။

### ဟိုတယ်နဲ့ခရီးသွားလုပ်ငန်း နိုးထနိုင်ရေး

ဒါပေမယ့် ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်လို့ အများက လက်ခံထားသလို နိုင်ငံတကာက ခရီးသွားတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ လာရောက်မှုအများဆုံး ရှိနေတာမို့ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ရှိနေဆဲ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိခဲ့ပေမယ့် အခုဆိုရင် ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေ ပြန်လည်နိုးထနိုင်ရေး အရှိန်ယူနေပြီ ဖြစ်ပါတယ်။

အခုဆိုရင် ၂၀၂၀ ပြည့်နှစ် မေ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီရဲ့ ၃/၂၀၂၀ အစည်းအဝေးကနေပြီး ဟိုတယ်သစ် သုံးလုံး တည်ဆောက်ခွင့်ပြုပေးလိုက်ပါတယ်။ ဒီဟိုတယ်သစ် သုံးလုံးဟာ ပြည်တွင်းလုပ်ငန်းရှင်တွေက ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခြင်း ဖြစ်ပါတယ်။

ဒီလို ဟိုတယ်သစ် သုံးလုံး တည်ဆောက်ပြီးစီးရင် ဟိုတယ်အခန်းပေါင်း ၁၇၉ ခန်း ထွက်ပေါ်လာမှာဖြစ်သလို အလုပ်အကိုင်အခွင့်အလမ်းလည်း ၁၀၀ ကျော် ရရှိစေမှာ ဖြစ်ပါတယ်။ ငွေကျပ် သန်း ၁၈၁၆၀ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မယ့် ဒီဟိုတယ်သစ်သုံးလုံးဟာ လိုအပ်ဆဲဖြစ်နေတဲ့ ရန်ကုန်မြို့ရဲ့ ဟိုတယ်အခန်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ အထောက်အကူပြုပါလိမ့်မယ်။

ရန်ကုန်မြို့မှာ ၂၀၂၀ ပြည့်နှစ် မေလအထိ ဟိုတယ်နဲ့ တည်းခိုရိပ်သာပေါင်း ၄၇၀ ကျော် ရှိနေပေမယ့် ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အကြောင်းအမျိုးမျိုးနဲ့ လာရောက်ကြတဲ့ ဧည့်သည်တွေအတွက် ဟိုတယ်နဲ့ အခန်း ပြည့်စုံလုံလောက်မှု မရှိသေးပါဘူး။ ဒီလို အခြေအနေတွေကြောင့် ရန်ကုန်မြို့ရဲ့ ဟိုတယ်နဲ့ အခန်းလိုအပ်ချက် ရှိနေဆဲဖြစ်တာမို့ နောက်ထပ် ဟိုတယ်သစ် စီမံကိန်းတွေ ထပ်မံထွက်ပေါ်လာဖို့ ရှိနေဆဲ ဖြစ်ပါတယ်။

ဒီလိုအခြေအနေမျိုးမှာ ကိုဗစ်-၁၉ ကြောင့် ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေ ထိခိုက်ခဲ့ရတာမို့ ၂၀၂၀ ပြည့်နှစ် ဇွန် ၃ ရက်အထိ ကိုဗစ်-၁၉ ရန်ပုံငွေမှနေပြီး ဟိုတယ်လုပ်ငန်း ၁၆၈ ခုကို ငွေကျပ် ၇ ဘီလီယံကျော် ထုတ်ချေးပေးခဲ့ပါတယ်။ အတိုးသက်သာတဲ့ နှုန်းထားနဲ့ မြန်မာနိုင်ငံရဲ့ ဟိုတယ်လုပ်ငန်းအပေါ် ထောက်ပံ့ပေးတာ ဖြစ်ပါတယ်။

### ငွေကျပ် ၁၀ ဘီလီယံကျော် ထုတ်ချေးပေး

ဒါ့အပြင် ရန်ကုန်မြို့က ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်လုပ်ငန်း ကုမ္ပဏီတွေအပြင် တစ်နိုင်ငံလုံးက ခရီးသွားလုပ်ငန်းတွေအတွက် ငွေကျပ် ၂ ဘီလီယံခန့် အပါအဝင် စားသောက်ဆိုင်လုပ်ငန်းတွေအတွက်လည်း ငွေကျပ် ၁ ဒသမ ၄၆၆ ဘီလီယံကျော် ထုတ်ချေးပေးထားတာမို့ လုပ်ငန်းပေါင်း ၃၃၃ ခုအတွက် ငွေကျပ် ၁၀ ဘီလီယံကျော် ထုတ်ချေးပေးထားတယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက ပြောပါတယ်။

နိုင်ငံတော်အနေနဲ့ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိသွားတဲ့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို တတ်နိုင်သမျှ ထောက်ပံ့ပေးနေသလို ဆက်ပြီးတော့လည်း ကျန်ရှိနေတဲ့ လုပ်ငန်းတွေကို ဆက်လက်ထောက်ပံ့ပေးသွားဦးမှာ ဖြစ်ပါတယ်။ တကယ်တော့ ရန်ကုန်မြို့မှာ နိုင်ငံတကာအဆင့်မီ ဟိုတယ်တွေ တဖြည်းဖြည်းနဲ့ တိုးတက်များပြားလာသလို လက်ရှိဖွင့်လှစ်ပြီးသား ဟိုတယ်တွေကိုလည်း အောင်မြင်မှုရရှိစေဖို့ဆိုတာ ပြည်တွင်း ပြည်ပ အခြေအနေတွေနဲ့ ဆက်စပ်နေပါတယ်။

ရန်ကုန်မြို့ရဲ့ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေနဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ကိုဗစ်-၁၉ ကြောင့် နိုင်ငံတကာခရီးသည်တင်လေကြောင်းလိုင်းတွေ ဆိုက်ရောက်ထွက်ခွာ ပျံသန်းခွင့် ရပ်ဆိုင်းထားခဲ့တာဟာ ၂၀၂၀ ပြည့်နှစ် မတ် ၃၀ ရက်မှ စတင်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံအများအပြားမှာလည်း နိုင်ငံတကာလေကြောင်းလိုင်းတွေ ပျံသန်းဆိုက်ရောက်ခွင့် ရပ်ဆိုင်းခဲ့တာကြောင့် ခရီးသွားလုပ်ငန်းတွေ ထိခိုက်မှုရှိသလို ရန်ကုန် မြို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်း ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေ၊ ဆက်စပ်လုပ်ငန်းတွေ ထိခိုက်စေခဲ့တာ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ ၂၀၁၉ ခုနှစ် ကုန်ချိန်မှာ အဆင့်မြင့်ဟိုတယ်အခန်းပေါင်း ၅၇၀၀ ခန့် ရှိလာပြီး ၂၀၂၁ ခုနှစ် ကုန်ချိန်မှာတော့ အဆင့်မြင့်ဟိုတယ်ခန်း ၇၀၀၀ ခန့်အထိ ရောက်ရှိလာမယ်လို့ ကနေဒါအခြေစိုက် အိမ်ခြံမြေဝန်ဆောင်မှုနှင့် အကြံပေးလုပ်ငန်း Colliers International (Myanmar) ရဲ့ စျေးကွက်သုံးသပ်ချက်မှာ ဖော်ပြထားပါတယ်။ အခုလို ကိုဗစ်-၁၉ ကာလမှာ ခရီးသွား ဝင်ရောက်မှု မရှိပေမယ့် မကြာခင်မှာ တဖြည်းဖြည်း ပုံမှန်အတိုင်း ရှိလာမှာ ဖြစ်ပါတယ်။

အချပ်ပို (ဂ) သို့

# ကိုဗစ်ကာလ ရန်ကုန်ဆောက်လုပ်ရေးကဏ္ဍ

ရှင်နော်

**ကိုဗစ် – ၁၉ တည်းဟူသော ကပ်ရောဂါဆိုးကို စနစ်တကျထိန်းချုပ်နိုင်မှုကြောင့် ရန်ကုန်မြို့တော်က ပြန်လည်စည်ကားစပြုနေပြီဖြစ်သည်။ လွန်ခဲ့သော နှစ်လခန့်က တိတ်ဆိတ်ခြောက်သွေ့ခဲ့သော မြို့တော်ရန်ကုန်၏ လမ်းမများသည် သက်ဝင်လှုပ်ရှားစ ပြုလျက်ရှိသည်။ ဌာနဆိုင်ရာရုံးများ၊ စီးပွားရေးလုပ်ငန်းများမှာ ပုံမှန်နီးပါး ပြန်လည်လည်ပတ်လျက်ရှိသည်။ နဂိုမူလရှိရင်းစွဲ ရန်ကုန်မြို့၏ အခြေအနေကို ပြန်လည်ရောက်ရှိခြင်း မရှိသေးသော်လည်း လူမှုရေး၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များက တဖြည်းဖြည်း ပြန်လည်အစပျိုးနေပြီ ဖြစ်သည်။**

ရန်ကုန်မြို့တော်တွင် ရှိရင်းစွဲလူဦးရေ သာမက မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ လာရောက်အလုပ်လုပ်ကိုင် နေထိုင်စားသောက်လျက်ရှိသော အခြေခံလူတန်းစားပေါင်း မြောက်မြားစွာရှိသည်။ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှု အကောင်းဆုံး မြို့ကြီးတစ်မြို့ဖြစ်သည့်အလျောက် လူထုလူတန်းစားပေါင်းစုံ လာရောက်အမှီသဟဲပြုနေကြသည်။ ကြုံရာကျပန်းလုပ်ကိုင်စားသောက်ရင်း ဘဝရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသည်။ ယင်းအခြေခံလူတန်းစားများထဲတွင် ဆောက်လုပ်ရေးဆိုင်ရာလုပ်သားများလည်း ပါဝင်သည်။

ရန်ကုန်မြို့တွင် တိုင်းဒေသကြီးအတွင်း တည်ဆောက်လျက်ရှိသော ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းများစွာရှိသည်။ ပုဂ္ဂလိကပိုင် တည်ဆောက်နေသော အဆောက်အအုံများ၊ အစိုးရတင်ဒါဖြင့် တည်ဆောက်နေသော ဆောက်လုပ်ရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အဆောက်အအုံများအစရှိသည်တို့က ရန်ကုန်မြို့အနှံ့ တည်ဆောက်နေကြသည်။ ယင်းဆောက်လုပ်ရေးလုပ်ငန်းများသည် ဆောက်လုပ်ရေးလုပ်သား များစွာတို့၏ လုပ်အားဖြင့် တည်ဆောက်နေခြင်းဖြစ်သည်။

ရန်ကုန်မြို့အပါအဝင် နိုင်ငံအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လကုန်ပိုင်းနှင့် ဧပြီလမှစ၍ လုပ်ငန်းများအားလုံးနီးပါး ရပ်ဆိုင်းခဲ့ရသည်။ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ် အလုပ်သမား၊ ဝန်ထမ်းရရှိမှုခက်ခဲခြင်း၊ ပြည်ပမှ တင်သွင်းရသော ဆောက်လုပ်ရေးပစ္စည်းများ ပြတ်လပ်ခြင်း၊ ပြည်တွင်းသွားလာမှု

အချပ်ပို (ဂ) သို့



# ရေမြောင်းတွေက အမှိုက်ပစ်ဖို့လား

■ တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရုတ်တရက် မှောင်လာတဲ့အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်း(အမည်လွှဲ)က ရုံးထဲမှပင် ကောင်းကင်ကိုမော့ကြည့်လိုက်တယ်။

"ဩော်…မိုးတွေမှောင်လာပြီကိုး …" မကြာမီမိုးရွာတော့မယ့် အရိပ်အယောင်---၊ ကောင်းကင်တစ်ပြင်လုံး ချက်ချင်းမည်းမှောင်လာတော့ "ဒီတစ်ခါတော့ သဲသဲမဲမဲ မည်းမည်းရွာတော့မယ်"လို့ စိတ်ထဲက ထင်နေတုန်းမှာပင် ရွာချလိုက်ပါပြီ..၊ ထင်တဲ့အတိုင်း ရွာတာမှ ရေအတော်ပါတာပါ။

"ဟဲလို…၊ ဥက္ကဋ္ဌလား…..၊"

"ဟုတ်ပါတယ်"

"ကျွန်မတို့အိမ်နောက်ဖေး မြောင်းက ရေတွေလျှံပြီး အိမ်ထဲရေတွေဝင်လာလို့ လာလုပ်ပေးပါဦး….၊"

ဘုရား ဘုရား … လာကြည့်ပေးပါဦး မဟုတ်၊ လာလုပ်ပေးပါဦးတဲ့---၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဘာပြောရမှန်းမသိ ကြောင်သွားတယ်။ နောက်တော့မှ "ဩော် ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ မိုးလေးနည်းနည်းစဲသွားရင် လာကြည့်ပေးပါ့မယ်နော်"လို့ ပြန်ဖြေလိုက်ရပါတယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို စည်ပင်(သန့်ရှင်းရေး)များ မှတ်နေရော့သလား မသိတော့ပါ။

ဒါက ကျွန်တော်တို့ ကြည့်မြင်တိုင်မြို့နယ် ရပ်ကွက်ထဲက တကယ့်ဖြစ်ရပ်ပါ။

### နောက်ဖေးရေမြောင်း ပြန်လည်ပြုပြင်

နောက်ဖေးရေမြောင်းတွေကို လွှတ်တော်ရန်ပုံငွေနဲ့ ပြန်လည်အဆင့်မြှင့်ပြုပြင်ထားတာပါ၊ ရေမြောင်းအကျယ်နဲ့ အနက်ကို အရင်ကထက် ပိုပြီးကျယ်ကျယ်နက်နက် ဆောင်ရွက်ပေးထားတာပါ။

ဒါ့အပြင် ရေမြောင်းထဲကို အမှိုက်တွေ မပစ်နိုင်အောင် အပေါ်က ကွန်ကရစ်မြောင်းဖုံးတွေနဲ့ အုပ်ထားပေးတာပါ၊ စနစ်တကျပါပဲ၊ ဒီလောက်မိုးရေနဲ့ ဘာကြောင့်ရေမြောင်းရေလျှံရတာလဲ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးကြီး မစဉ်းစားတတ်အောင် ဖြစ်သွားရပါတယ်။

မိုးလေးနည်းနည်းစဲသွားတော့ သွားကြည့်လိုက်ပါတယ်၊ ဖုန်းဆက်တဲ့အတိုင်းပါပဲ မြောင်းရေလျှံပြီး အမှိုက်တွေ ပြန့်ကျဲနေတဲ့အနေအထားပါ။ ဆယ်အိမ်မှူး ရာအိမ်မှူးနဲ့ စေတနာရှင်တွေစုပြီး မြောင်းဖုံးတွေကို လိုက်လှန်ကြည့်လိုက်တော့…၊

မြောင်းထဲမှာ ပလတ်စတစ်အအေးဘူးခွံတွေ၊ ရေသန့်ဘူးခွံတွေ၊ ဘီယာဘူးခွံတွေ၊ ဖော့ဘူးတွေ၊ ကြွပ်ကြွပ်အိပ်ရောင်စုံတွေ မြောင်းတစ်လျှောက် ပြည့်ပြီးပိတ်နေတာကို တွေ့လိုက်ရပါတယ်။

အဲဒီလောက် အမှိုက်တွေအများကြီး ဒီမြောင်းထဲကို ဘယ်လိုရောက်လာပါလိမ့်၊ စဉ်းစားလို့မရ၊ မလှန်ရသေးတဲ့ မြောင်းဖုံးတွေကိုကြည့်လိုက်တော့ အဖြေကို တွေ့လိုက်ရပါပြီ။

ကွန်ကရစ် ရေမြောင်းဖုံးတစ်ပြားနဲ့ တစ်ပြားဆက်ထားတဲ့ နေရာတိုင်းမှာ နှစ်လက်မခန့် အပေါက်တွေ ရှိနေတာကို တွေ့လိုက်ရပါတယ်၊ အကြောင်းရှိရင် လက်နှိုက်မထုတ်လို့ရအောင် ထားထားတဲ့အပေါက်တွေပါ၊ အခုတော့အဖြေကို တွေ့လိုက်ရပါပြီ၊ အဲဒီအဝိုင်းပေါက်တွေထဲကနေ အမှိုက်တွေကို ထိုးထိုးထည့်နေကြတာကိုး----။

အဲဒီအကျိုးဆက်က အခုလက်တွေ့ခံလိုက်ရပါပြီ၊ အမှိုက်တွေကြောင့် ရေမြောင်းက ရေမစီးနိုင်၊ ရေမစီးနိုင်တော့ လျှံတက်ပြီပေါ့၊ အိမ်တွေထဲ မြောင်းရေတွေဝင်ပြီပေါ့၊ "တရားခံဘယ်သူလဲဟေ့"လို့ မေးစရာမလိုတော့ပါ၊ ဒါပေမယ့် လက်သည်မပေါ်ပါ၊ အမေးခံရသူက ပြန်ပြောပါလိမ့်မယ်"ဒီနေရာမှာ သူတို့လောက် စည်းကမ်းရှိတာ ဘယ်သူမှမရှိဘူး"လို့ ဆိုပါလိမ့်မယ်။

### အမှိုက်တွေ အိမ်ရှေ့အရောက်လာသိမ်း

ရပ်ကွက်ထဲကို အမှိုက်သိမ်းသူတွေ မနက်တစ်ခါ၊ ညတစ်ခါလာကြပါတယ်။ စာနာသဒ္ဒါကြေးလေး ငွေကျပ် ၅၀ ၊ ၁၀၀ လောက်ပေးရပါတယ်၊ ဒါကလည်း သူတို့က ဘယ်လောက်ပေးပါရယ်လို့ တောင်းတာမဟုတ်ပါဘူး၊ ကိုယ်တောင် မကိုင်ချင်တဲ့ အရာကို ကြည်ကြည်ဖြူဖြူနဲ့ အိမ်ရှေ့အရောက်လာသိမ်းပေးတဲ့အတွက် ကိုယ်ချင်းစာနာစိတ်နဲ့ ပေးကြတာပါ၊ ဒီလိုမှ မပေးချင်ရင်လည်း ရပ်ကွက်ထိပ်မှာ အမှိုက်ပုံးကြီးတွေ ရှိပါတယ်၊ အချိန်မရွေး သွားပစ်လို့ရပါတယ်၊ ရေမြောင်းတွေက အမှိုက်ပစ်ဖို့မှမဟုတ်တာ။

ပြောမယ့်သာပြောရတာပါ၊ လွန်ခဲ့တဲ့ လေးငါးနှစ်ကျော်ကအထိ ရေမြောင်းတွေက ရေလျှံပြီးကားလမ်းတွေပေါ်၊ ရပ်ကွက်လမ်းတွေ၊ အိမ်တွေထဲဝင်တာ နှစ်စဉ်လိုပါပဲ၊ ရန်ကုန်မြို့လယ်ကောင် အနော်ရထာလမ်းနဲ့ ရွှေဘုံသာလမ်းထောင့်ဝန်းကျင်ဆို မိုးလေးနည်းနည်းများ ရွာလိုက်တာနဲ့ ကားလမ်းပေါ် ရေတွေက ရောက်စမြဲပါ၊ မော်တော်ယာဉ်တွေ၊ ခရီးသွားတွေ အတော်ဒုက္ခရောက်ခဲ့ရဖူးပါတယ်။ မိုးရွာတဲ့ အချိန်နဲ့ မြစ်ရေတိုးတဲ့အချိန်ဆို ကမ်းနားလမ်းတစ်လျှောက်က ချောင်းရေစီးသလိုပါပဲ။

စမ်းချောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီဝင်(၁)ဖြစ်တဲ့ ဦးညီညီမြတ်က ဆိုပါတယ်၊ "ဟုတ်ပါတယ် ရှေ့နှစ်မိုးမတိုင်ခင်ကဆို ကျွန်တော်တို့စမ်းချောင်းထဲက အချို့လမ်းတွေက ရေလျှံနေကြပါ။ အဆိုးဆုံးက ဗားကရာလမ်းနဲ့ ဗဟိုလမ်းဆုံမီးပွိုင့် ဧရိယာပါ၊ နောက် -အောင်ချမ်းသာရပ်ကွက်ပဲ၊ အောင်ချမ်းသာ ရေမြောင်းကြီးရေလျှံလို့ အိမ်တွေထဲ ရေတွေဝင်တာ ခါးတစ်ဝက်အထိ ရှိခဲ့ဖူးတယ်။ အချို့ လမ်းတွေဆို ဒူးလောက်အထိဖြစ်တယ်၊ မနှစ်က မိုးမတိုင်မီ ၂၀၁၉ ခုနှစ် မေလကတည်းက အောင်ချမ်းသာမြောင်းကြီးကို အကြီးစားပြင်တယ်၊ အရှည်က ပေ ၄၀၀၀ ရှိတယ်။ တစ်ဆက်တည်းပဲ အရင်ရှမ်းလမ်းလို့ ခေါ်တဲ့ဗဟိုလမ်းမကြီးအောက်က ရှေးဟောင်းမြောင်းကြီး၊ ဗားကရာလမ်းဆုံကနေ အောင်ချမ်းသာမြောင်းကြီးအထိပေ ၁၆၀၀ ရှိတယ်။ အဲဒါကိုလည်း အင်နဲ့အားနဲ့ ဆယ်ယူခဲ့တယ်။ သန့်ရှင်းရေးဝန်ထမ်းအင်အား ၃၀ ကျော်နဲ့ ဆောင်ရွက်ခဲ့တာပါ။ အမှိုက်ထုက လေးပေလောက်ရှိတယ်။ အမှိုက်တန်ချိန်က ၁၂၀၀ လောက်ထွက်တယ်။ အဲဒီနှစ် နောက်ပိုင်းက စလို့ လမ်းတွေပေါ် ရေတက်တာတို့ ရပ်ကွက်တွေထဲ ရေဝင်တာတို့ လုံးဝမရှိတော့ဘူး။ အရင်ကဖြစ်ခဲ့တာကို ပြည်သူအများက သိသွားကြပြီ။ စည်းကမ်းမဲ့ အမှိုက်တွေ စွန့်ပစ်မှုကြောင့် ရေလျှံ ရေဝင်ဖြစ်ခဲ့ရတာကိုပါ၊ အချို့ စည်းကမ်းလိုက်နာမှု အားနည်းနေတာတွေ လေးတော့ ရှိပါသေးတယ်။ ဘာလို့လဲဆိုတော့ ဒီနှစ်မြောင်းတွေကို မိုးမလာခင် ကြိုတင်ဆယ်တော့ မြောင်းတွေထဲမှာ စွန့်ပစ်အမှိုက်တွေ တွေ့နေရသေးလို့ပါ။ အမှန်တော့ ရေမြောင်းတွေက အမှိုက်ပစ်ဖို့မဟုတ်ပါလို့ ပြောချင်ပါတယ်"လို့ ဆိုခဲ့ပါတယ်။

### လူတွေ စည်းကမ်းရှိဖို့က အရေးကြီး

တာမွေမြို့နယ်ဆိုရင်လည်း ပြီးခဲ့တဲ့ တစ်နှစ်ကျော်အထိ တာမွေဗလီနားလမ်းဆုံ တစ်ဝိုက်က ရေလျှံမြဲပါ၊ စည်ပင်ကရေမြောင်းကြီးတွေကို တိုးချဲ့လုပ်လိုက်တဲ့အတွက်ရယ်၊ နောက် အခုလို မိုးမကျခင် မြောင်းတွေကို ကြိုတင်ဆယ်ယူလိုက်တာကြောင့် လမ်းတွေအပေါ် ရေမလျှံတော့ဘူးလို့ သမိန်ဗရမ်းလမ်းမှာ နေတဲ့ ဦးတင်ဝင်းအောင်က ပြောလာပါပြီ။ သူ့အမြင်ကိုမေးကြည့်တော့ "စည်ပင်က ဘယ်လိုပဲ မြောင်းတွေကောင်းအောင် လုပ်လုပ် အဓိကကတော့ လူတွေပဲ၊ စည်းကမ်းရှိဖို့ အရေးကြီးတယ်။ အမှိုက်ကို စနစ်တကျ ပစ်ဖို့လိုတယ်။ မြောင်းတွေထဲချနေမယ်ဆိုရင်တော့ မြောင်းတွေဘယ်လောက်ကြီးကြီး ရေပြန်လျှံမှာပဲ၊ ရေမြောင်းတွေက အမှိုက်ပစ်ဖို့ မဟုတ်ပါဘူးဗျာ"။ ။

**တာမွေမြို့နယ်ဆိုရင်လည်း ပြီးခဲ့တဲ့ တစ်နှစ်ကျော်အထိ တာမွေဗလီနား လမ်းဆုံတစ်ဝိုက်က ရေလျှံမြဲပါ၊ စည်ပင်ကရေမြောင်းကြီးတွေကို တိုးချဲ့လုပ်လိုက်တဲ့အတွက်ရယ်၊ နောက် --အခုလို မိုးမကျခင် မြောင်းတွေကို ကြိုတင်ဆယ်ယူလိုက်တာကြောင့် လမ်းတွေအပေါ် ရေမလျှံတော့ဘူး**



ရန်ကုန်မြို့တွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် စည်ပင်ဝန်ထမ်းများက အမှိုက်များ ဆယ်ယူနေမှုကို တွေ့ရစဉ်။




ရန်ကုန်မြို့တွင်းရှိ အဆင့်မြင့် ဟိုတယ်အဆောက်အအုံများကို တွေ့ရစဉ်။

*ဟိုတယ်သစ် စီမံကိန်းတွေနဲ့အတူ . . . မှ*

ရန်ကုန်မြို့မှာ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ် မေလမှ ဩဂုတ်လအထိ လေးလတာကာလအတွင်း ဟိုတယ်နဲ့ တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် ပေါင်း ၃၃ ခု၊ ဟိုတယ်ယာယီလုပ်ငန်းလိုင်စင် တစ်ခု၊ တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင် ရှစ်ခု၊ ဟိုတယ်နဲ့ တည်းခိုရိပ်သာ အခန်းပေါင်း ၂၁၃၆ ခန်းနဲ့ ဟိုတယ်တည်ဆောက်ခွင့် ၁၈ လုံး၊ တည်းခိုရိပ်သာတည်ဆောက်ခွင့် သုံးလုံးတို့ကို ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။ အခု ၂၀၂၀ မေလမှာတော့ ဟိုတယ်သုံးလုံး တည်ဆောက်ခွင့်ပြုခဲ့နိုင်တာမို့ အရင်နှစ်ထက်စာရင် လျော့နည်းခဲ့ပေမယ့် အခုလို ကိုဗစ်-၁၉ ကာလမှာ ဟိုတယ်လုပ်ငန်းတွေ ရင်းနှီးမြှုပ်နှံမှု အဆက်မပြတ် ရှိနေတယ်ဆိုတာ ဖော်ပြနေပါတယ်။

ဒီလိုအခြေအနေတွေကြောင့် ရန်ကုန်မြို့မှာ ဟိုတယ်အသစ်တွေ ဆက်လက်ပေါ်ထွက်လာဖို့ရှိနေပြီး ကိုဗစ်-၁၉ အလွန် နိုင်ငံတကာလေကြောင်းလိုင်းတွေ ပြန်လည်ဖွင့်လှစ်ခြင်းနဲ့အတူ ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းတွေ ပြန်လည်ကောင်းမွန်လာဖို့ ရှိနေပါတယ်။ ကိုဗစ်-၁၉ ထိန်းချုပ်မှုနဲ့ပတ်သက်ပြီး ကမ္ဘာမှာ နာမည်ကောင်းရရှိနေတဲ့ မြန်မာနိုင်ငံကို စိတ်ဝင်စားနေကြတဲ့အပြင် အနာဂတ်ခရီးသွားလုပ်ငန်း ခရီးစဉ်တွေမှာ မြန်မာနိုင်ငံက နေရာရရှိနိုင်တာကြောင့် ရန်ကုန်မြို့ရဲ့ ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းဟာလည်း တိုးတက်လာမယ့် ရောင်ခြည်တွေသန်းနေတာ အမှန်ပဲ။ ။

*ကိုဗစ်ကာလ ရန်ကုန်ဆောက်လုပ်ရေး ကဏ္ဍ . . . မှ*

အကန့်အသတ်များကြောင့် ကားနှင့် ယာဉ်မောင်းများသွားလာရန် အခက်အခဲရှိခြင်းများ ကြုံတွေ့ခဲ့ရသည်။ ငွေကြေးပိုင်းနှင့် ပတ်သက်၍ပစ္စည်းဝယ်ယူရာတွင်လည်း အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။

**မဖြစ်မနေ လုပ်ငန်းကို ဆောင်ရွက်နေရ**

လက်ရှိအချိန်တွင် ဆောက်လုပ်ရေးဝန်ထမ်းများနှင့် အလုပ်သမားများ၏ စားဝတ်နေရေးအခက်အခဲ ဖြေရှင်းပေးနိုင်ရန်နှင့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်မှုအတွက် အလျှော်မမီမှုများ ရှိလာနိုင်သည့်အတွက် မဖြစ်မနေ လုပ်ငန်းကို ဆောင်ရွက်နေရကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ပြောသည်။

၂၀၂၀ ပြည့်နှစ်၏ မေလ နောက်ဆုံးသီတင်းပတ် ဆက်သွယ်မေးမြန်းမှုများအရ နိုင်ငံအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည် လည်ပတ်မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးမျိုးမြင့်က ပြောကြားရာတွင် "မေလလောက်မှာတော့ အလုပ်လေးတွေ နည်းနည်းပြန်ပြီး စလုပ်လာပါတယ်။ အခုရက်ပိုင်းက လော့ဒေါင်းကာလလည်း လွန်မြောက်တော့မယ်ဆိုတော့ ၆၀ ရာခိုင်နှုန်း၊ ၇၀ ရာခိုင်နှုန်းလောက်တော့ ပြန်ပြီးလုပ်နေကြပါပြီ" ဟု ပြောသည်။

**အခက်အခဲများကို ရင်ဆိုင်ခဲ့**

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ရောဂါ ထိန်းချုပ်ဆဲကာလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံနှင့်ပတ်သက်သော တင်ဒါဆိုင်ရာကိစ္စရပ်များတွင် ရုံးဖွင့်သော်လည်း ရုံးအတွင်းဝင်ခွင့်မရခြင်း၊ နေပြည်တော်၌ သွားလာမှုစောင့်ကြည့်ကန့်သတ်ခံရမည့် ကိစ္စရပ်များကြောင့် ငွေထုတ်ယူရန် ခက်ခဲခြင်း၊ ကိုဗစ်-၁၉ ရန်ပုံငွေအတွက် လုပ်ငန်းများ ပြန်လည်သိမ်းယူခံရခြင်း စသောအခက်အခဲများကို ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်စတင်ရာတွင် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း အလုပ်သမားနှင့် ဝန်ထမ်းများ ရောဂါကူးစက်မှု မရှိစေရေးအတွက် လုပ်ငန်းခွင်အတွင်း လက်ဆေးကန်ထားရှိခြင်း၊ ပါးစပ် နှာခေါင်းစည်း တပ်ဆင်စေခြင်း၊ လုပ်ငန်းခွင်အတွင်း တစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေးဖြင့် အလုပ်လုပ်ကိုင်နိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် ဆောက်လုပ်ရေးလုပ်ငန်းရှင်များကို လမ်းညွှန်ထားသည်။

**ပါဝင်အလုပ်လုပ်ကိုင်**

လွန်ခဲ့သော ဆယ်စုနှစ်များက ပုဂ္ဂလိကပိုင် အဆောက်အအုံများနေရာတွင် အခန်းပေးအခန်းယူကန်ထရိုက်ဆောက်လုပ်ရေး လုပ်ငန်းခွင်များ ရေပန်းစားခဲ့သော်လည်း ခေတ်ကာလအပြောင်းအလဲများကြား၌ လူနေအိမ်ခန်းပေါင်းများစွာပါဝင်သော အဆောက်အအုံများ၊ သွားလာမှုအချက်အချာကျသော နေရာများတွင် စီးပွားရေးမြို့ကြီးများ တည်ဆောက်မှုက ပို၍အရေးပါလာခဲ့သည်။ မြန်မာကျပ်ငွေသန်းပေါင်းများစွာ သုံးစွဲတည်ဆောက်မည့် အဆိုပါ အဆောက်အဦကြီးများကို ပြည်ပလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာခဲ့ကြသည်။ အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများတွင် ဆောက်လုပ်ရေးလုပ်သားများစွာတို့ ပါဝင်အလုပ်လုပ်ကိုင်လျက်ရှိကြသည်။

နံနက်လုပ်ငန်းခွင် အဝင်နှင့် ညနေအိမ်အပြန်ခရီးတွင် စက်ဘီးကိုယ်စီစီးကာ လမ်းများပေါ်သွားလာနေသော ဆောက်လုပ်ရေးလုပ်သားများစွာကို ငေးကြည့်ရင်း ဆောက်လုပ်ရေးလုပ်ငန်းများသည် အခြေခံလူတန်းစားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ များစွာဖန်တီးပေးနိုင်သည်ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကာလအလွန်တွင် နိုင်ငံအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်ဖြစ်ထွန်းနိုင်ပါစေကြောင်း အတွေးနယ်ချဲ့မိနေပါတော့သည်။ ။

**"လွန်ခဲ့သော ဆယ်စုနှစ်များက ပုဂ္ဂလိကပိုင် အဆောက်အအုံများနေရာတွင် အခန်းပေးအခန်းယူကန်ထရိုက်ဆောက်လုပ်ရေး လုပ်ငန်းခွင်များ ရေပန်းစားခဲ့သော်လည်း ခေတ်ကာလအပြောင်းအလဲများကြား၌ လူနေအိမ်ခန်း ပေါင်းများစွာပါဝင်သောအဆောက်အအုံများ၊ သွားလာမှုအချက်အချာကျသောနေရာများတွင် စီးပွားရေးမြို့ကြီးများ တည်ဆောက်မှုက ပို၍အရေးပါလာ"**



ရန်ကုန်မြို့တွင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

# ယနေ့ ရန်ကုန်မြို့နဲ့ YBS

❖ ဆွေဦးဝေ




ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် YBS ယာဉ်များ ပြေးဆွဲနေမှုကို တွေ့ရစဉ်။

**ကိုလူမောင် ဘတ်စ်ကားမှတ်တိုင်ရောက်တော့ ညနေ ၆ နာရီ ထိုးတော့မှာဖြစ်ပါတယ်။ နေ့စဉ် အလုပ်တွေပြီးတော့ ရုံးဆင်းပြီး ဘတ်စ်ကားမှတ်တိုင်ရောက်တော့ ပုံမှန်ဒီအချိန်ပါပဲ။ ဒီအချိန်ဆိုရင် ခရီးသည်တင် YBS ဘတ်စ်ကားတွေ အလာကျဲသွားပါတယ်။ ဘတ်စ်ကားမှတ်တိုင်မှာ ကိုလူမောင်နဲ့အတူ ဘတ်စ်ကားစောင့်နေသူ ခြောက်ဦး ရှိနေပေမယ့် တဖြည်းဖြည်းနဲ့ များလာပါတယ်။ ဒီအချိန်ဆို မှတ်တိုင်မှာ အနည်းဆုံး မိနစ် ၃၀ ခန့်ကြာအောင် စောင့်ရတာမို့ အရင်က သိပ်အခက်အခဲမရှိပေမယ့် အခုလို ကိုဗစ်-၁၉ ကာလမှာ ဇွန် ၁ ရက်ကစတင်ပြီး လုပ်ငန်းခွင်ကို ဝန်ထမ်းတွေ အင်အားပြည့် ပြန်လည်တက်ရောက်ချိန်မှာ ဘတ်စ်ကားတစ်စီးနဲ့တစ်စီး လာတဲ့အချိန်ကြာတာနဲ့အမျှ ကားပေါ်မှာ လူကျပ်နေတတ်ပါတယ်။ အခုလောလောဆယ် ဒီလိုအခြေအနေဆိုပေမယ့် YBS ကားတွေ တဖြည်းဖြည်းနဲ့ စီးရေအပြည့် ပြန်လည်ပြေးဆွဲသွားမယ်လို့ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှ တာဝန်ရှိသူတွေက ပြောကြားနေပါတယ်။**

"၂၀၂၀ ပြည့်နှစ် ဇွန် ၂ ရက်အထိ YBS ယာဉ်အစီးရေ ၃၅၀၀ ခန့် ပြေးဆွဲနေပြီး ပုံမှန်အစီးရေပြေးဆွဲမှုရဲ့ ၇၉ ရာခိုင်နှုန်းအထိ ရှိနေပါတယ်။ မကြာခင် ယာဉ်အစီးရေ ပြေးဆွဲမှု ပုံမှန်အတိုင်းဖြစ်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" လို့ YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောပါတယ်။

## စီစဉ်ပေးထား

ရန်ကုန်မြို့မှာ နေ့စဉ်သွားလာနေကြတဲ့ ပြည်သူတွေ၊ ဝန်ထမ်းတွေနဲ့ အလုပ်သမားတွေဟာ သွားလာရေးအတွက် နေ့စဉ် YBS ယာဉ်တွေနဲ့ မြို့ပတ်ရထားခရီးစဉ်တွေကိုသာ အဓိကအားထားပြီး သွားလာနေတာ ဖြစ်ပါတယ်။ ကိုလူမောင်တို့လို ရုံးဝန်ထမ်းတွေလည်း ဖယ်ရီ စီစဉ်ပေးထားပေမယ့် ဖယ်ရီကား လာကြိုချိန်ဟာ စောင့်ရတာမို့ မစီးဖြစ်တာ များပါတယ်။

နေ့စဉ် ရုံးတက် ရုံးဆင်းချိန်တွေဆိုရင် YBS ယာဉ်တွေပေါ်မှာ စီးနင်းသူတွေ ပြည့်နေတတ်ပါတယ်။ ကိုလူမောင်တို့လို ဘတ်စ်ကားအားကိုးစီးနေရသူတွေအနေနဲ့ အခုလို ကိုဗစ်-၁၉ နဲ့ ရင်ဆိုင်နေရတဲ့ကာလမှာ ဘတ်စ်ကားစီးတိုင်း နှာခေါင်းစည်း၊ လက်အိတ်နဲ့ အသင့်သုံး လက်သန့်ဆေးရည်ပုလင်းတွေ ဆောင်ထားရပါတယ်။ ဘတ်စ်ကားပေါ်မှာလည်း လက်သန့်ဆေးရည်ဘူးတွေ ထားရှိပေးတဲ့အပြင် အချို့ဘတ်စ်ကားတွေပေါ်မှာ နှာခေါင်းစည်း ဝေငှတာတွေလည်း ရှိနေတတ်ပါတယ်။ ရန်ကုန်မြို့မှာ ဘတ်စ်ကား စီးသူတွေအနေနဲ့ တစ်ဦးချင်း ကျန်းမာရေးအသိစိတ်ရှိဖို့ လိုအပ်သလို စေတနာရှင်တွေရဲ့ ပူးပေါင်းပါဝင်ကူညီမှုတွေကြောင့် မှတ်တိုင်တိုင်းလိုလိုမှာ လက်ဆေးဘေစင်တွေ ထားရှိပေးထားတာမို့ ကျေးဇူးတင်စရာကောင်းနေပါတယ်။

## ချောင်ချောင်ချိချိ စီးနင်းနိုင်

လာမယ့် ဇူလိုင်လမှာဆိုရင်တော့ YBS ယာဉ်တွေ အစီးရေအပြည့် ပြေးဆွဲဖို့ YRTA က စီစဉ်နေပြီဖြစ်တာမို့ ကိုလူမောင်တို့လို ဘတ်စ်ကားအားထားစီးနင်းသူတွေ သက်သက်သာသာ ချောင်ချောင်ချိချိ စီးနင်းနိုင်တော့မှာ ဖြစ်ပါတယ်။ အခု ဇွန် ၁ ရက်ကစတင်ပြီး ရုံးတွေ၊ စက်ရုံ၊ အလုပ်ရုံတွေ ပြန်လည်ပြီး အင်အားပြည့်လုပ်ကိုင်ဖို့ ခွင့်ပြုပေးလိုက်ပေမယ့် အရင်ကထက်စာရင် YBS စီးသူတွေ နည်းနေဆဲဖြစ်တယ်လို့ ဆိုပါတယ်။

ရန်ကုန်မြို့မှာ ကိုဗစ်-၁၉ မတိုင်ခင် တစ်နေ့ကို YBS စီးသူဦးရေဟာ ၁၈ သိန်းကျော် ရှိလာခဲ့ပေမယ့် အခုအချိန်မှာတော့ တစ်နေ့ကို YBS စီးသူဦးရေဟာ ငါးသိန်းခန့်သာ ရှိနေတယ်လို့ YRTA ရဲ့ စာရင်းတွေမှာ ဖော်ပြထားပါတယ်။ နေ့စဉ် ရုံးဖွင့်ရက်တွေမှာ ရုံးတက်၊ ရုံးဆင်းချိန်တွေဆိုရင် ဘတ်စ်ကားတွေပေါ်မှာ လူပြည့်နေတတ်ပြီး ကျန်နေ့ခင်းပိုင်းအချိန်တွေမှာတော့ ထိုင်ခုံစေ့လောက်ပဲ စီးသူရှိပါတယ်။

တကယ်တော့ ရန်ကုန်မြို့ဟာ ကိုဗစ်-၁၉ ကူးစက်သူဦးရေအနေနဲ့ မြန်မာနိုင်ငံမှာ အများဆုံးဖြစ်နေတာမို့ အခုလို ဘတ်စ်ကားစီးတဲ့အခါ ထိုင်ခုံစေ့နဲ့ မတ်တတ်ရပ်စီး လေးငါးဦးလောက်ဆိုရင် ကူးစက်မှုအနည်းဆုံးအနေအထား ဖြစ်သွားမှာလို့ ကိုလူမောင် စဉ်းစားနေမိပါတယ်။ YBS ယာဉ်လိုင်းတွေနဲ့ ပြေးဆွဲနေတဲ့ ကားတွေအတွက် နေ့စဉ် ဝင်ငွေ သတ်မှတ်စံချိန်တွေ မပြည့်ဝပေမယ့် ကျန်းမာရေးအကျိုးသက်ရောက်မှုကတော့ ကြီးမားတဲ့အထောက်အကူဖြစ်စေမှာ အမှန်ပါပဲ။

## တွက်ခြေမကိုက်တဲ့ အနေအထားရှိနေ

ရန်ကုန်မြို့မှာ ဇွန် ၆ ရက်အထိ YBS ဘတ်စ်ကားစီးသူဦးရေဟာ အရင်ကထက် သုံးပုံ တစ်ပုံသာရှိနေပြီး အရင်က YBS ယာဉ်တစ်စီးရဲ့ တစ်နေ့ဝင်ငွေဟာ ကျပ် တစ်သောင်းမှ တစ်သိန်းအထိ ရရှိခဲ့ပါတယ်။ အခုအချိန်မှာတော့ YBS ယာဉ်တစ်စီးရဲ့ တစ်နေ့ဝင်ငွေဟာ ကျပ် လေးသောင်းခန့်သာ ရှိနေတာမို့ ယာဉ်ပိုင်ရှင်တွေ၊ ကုမ္ပဏီတွေအနေနဲ့လည်း ပြေးဆွဲစရိတ်၊ စီမံမှုနဲ့ ပြင်ဆင်မှုစရိတ်တွေအပြင် စီအင်န်ဂျီ ကုန်ကျစရိတ်တွေ ပါရှိနေတာမို့ တွက်ခြေမကိုက်တဲ့အနေအထား ရှိနေပါတယ်။

## စီးနင်းရမှုတွေပါ အဆင်ပြေ

ဒီလိုအခြေအနေတွေကြောင့် YBS ယာဉ်တွေ နေ့စဉ်အသုံးပြုနေတဲ့ စီအင်န်ဂျီဈေးနှုန်းတွေ လျှော့ချပေးဖို့လည်း အစိုးရကို တင်ပြထားတယ်လို့ သိရပါတယ်။ နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်မယ့် ဖြေရှင်းမှုတစ်ရပ် ထွက်ပေါ်လာရင်တော့ အခုအခြေအနေထက် ပိုမိုကောင်းမွန်တဲ့ YBS ယာဉ်တွေ ပြေးဆွဲမှုနဲ့ စီးနင်းရမှုတွေပါ အဆင်ပြေလာမယ်လို့ ကိုလူမောင် တွေးနေမိပါတယ်။

## အချိန်တိုးချဲ့ပြေးဆွဲမှု ယခုထက် ပိုမိုဖြည့်ဆည်း

ရန်ကုန်မြို့မှာ အခုဆိုရင် ညဦးပိုင်း ၇ နာရီ၊ ၈ နာရီအထိ YBS ယာဉ်တွေ အချိန်တိုးချဲ့ ပြေးဆွဲမှု ယခုထက် ပိုမိုဖြည့်ဆည်းပေးနိုင်ရင် အလုပ်ချိန်မတူ၊ လုပ်ငန်းခွင်အခြေအနေမတူ၊ အိမ်ပြန်ချိန်မတူတဲ့သူတွေအတွက် ယာဉ်စီးနင်းရမှု ပိုမိုကောင်းမွန်တဲ့ အနေအထား ဖြစ်လာမှာဖြစ်ပါတယ်။

## ငါးမိနစ်၊ ၁၀ မိနစ်ခန့်သာခြား

YBS ကို ရန်ကုန်မြို့မှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှာ စတင်ခဲ့တာဖြစ်ပြီး လမ်းကြောင်း ၁၃၅ ခု၊ ယာဉ်အစီးရေပေါင်း ၄၅၀၀ ခန့်နဲ့ ပြေးဆွဲခဲ့တာ ဖြစ်ပါတယ်။ ယာဉ်လိုင်းပေါင်း ၁၂၄ လိုင်းခန့်မှာ YBS ယာဉ်တွေကို မောင်းနှင်တဲ့ယာဉ်မောင်း ၄၈၀၀ ခန့်နဲ့ ကိုဗစ်-၁၉ မတိုင်မီက ပြေးဆွဲနေခဲ့တာ ဖြစ်ပါတယ်။ အဲဒီအချိန်က YBS ယာဉ်လိုင်းတွေမှာ ပြေးဆွဲနေတဲ့ယာဉ်တွေဟာ တစ်စီးနဲ့တစ်စီး အချိန် ငါးမိနစ်၊ ၁၀ မိနစ်ခန့်သာ ခြားပြီး သက်ဆိုင်ရာမှတ်တိုင်တွေကို ဝင်ရောက်နေတာဖြစ်လို့ YBS ယာဉ်စီးသူတွေ အဆင်ပြေခဲ့ကြပါတယ်။

အခုအချိန်မှာတော့ ရန်ကုန်မြို့ဟာ ကိုဗစ်-၁၉ ကာလမှာ ပြန်လည်ရုန်းထဖို့ကြိုးစားနေချိန်ဖြစ်တာမို့ လုပ်ငန်းတိုင်း အရှိန်ယူနေရတဲ့အချိန်ဖြစ်တာကြောင့် အခက်အခဲအနည်းငယ်တော့ ရှိမှာဖြစ်ပါတယ်။ အထူးသဖြင့် ရန်ကုန်မြို့ ပြည်သူတွေ နေ့စဉ် အားကိုးသွားလာစီးနင်းနေရတဲ့ YBS ယာဉ်တွေ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနိုင်ဖို့ လိုအပ်နေပါတယ်။

မှတ်တိုင်ကို YBS ယာဉ် ဆိုက်ရောက်လာတာမို့ ကိုလူမောင် ကားပေါ်တက်လိုက်ပါတယ်။ ကားပေါ်မှာ ခရီးသည် ကျပ်ကျပ်ဖြစ်နေတာမို့ စိတ်မသက်မသာဖြစ်နေပေမယ့် လာမယ့် ဇူလိုင်လမှာတော့ YBS ယာဉ်အစီးရေအပြည့် ပြန်လည်ပြေးဆွဲနိုင်ပါစေလို့ စိတ်ထဲဆုတောင်းနေမိပါတယ်။ ။




ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် YBS ယာဉ်များ ပြေးဆွဲနေမှုကို တွေ့ရစဉ်။